# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ တန်ခူးလဆန်း(၁၁)ရက် ၊ အင်္ဂါနေ့ ၊ (8-4-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၃၄၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်းအတွင်းရှိ အားကစားရုံများ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများအား သွားရောက်ကြည့်ရှုစစ်ဆေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း ပွဲကြည့်စင်နှင့် ဝင်ပေါက်များ ထိခိုက်ပျက်စီးခဲ့ရမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဧပြီ ၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် အဖွဲ့ဝင်များ လိုက်ပါ၍ ယနေ့ညနေပိုင်းတွင် ၂၀၁၃ ခုနှစ်တွင် တည်ဆောက်ပြီးစီးဖွင့်လှစ်ခဲ့သည့် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်း (Wunna Theikdi Sports Complex)အတွင်းရှိ အားကစားရုံ အဆောက်အအုံများ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**စာမျက်နှာ ၂၀ ကော်လံ ၁**




ရတနာပုံ
၂၀၂၅ ခုနှစ် ဧပြီ ၈ ရက်

အယ်ဒီတာ့အာဘော်

# လျှော်ဒဏ်သင့်အဆောက်အအုံများအတွက် လျှုဒါန်းမှုတွင်ပါဝင်

မြန်မာနိုင်ငံ၌ ယခုနှစ် မတ် ၂၈ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ် ၀၂ စက္ကန့်တွင် ပြင်းအား ၇ ဒသမ ၇ ရစ်ချ်တာစကေးရှိ အလွန်ပြင်းထန်သည့်မန္တလေးမြေငလျင်ကြီးကြောင့် သာသနိက နှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ ပညာရေးအဆောက်အအုံများ၊ ကျန်းမာရေးအဆောက် အအုံများ စသည့်အများနှင့်သက်ဆိုင်သောအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည်။ ထိုသို့ပျက်စီး ခဲ့သောအဆောက်အအုံများကို ပြုပြင်မွမ်းမံအသစ်တည်ဆောက်ရာတွင် ပါဝင်လှူဒါန်းလိုသူများအနေ ဖြင့် တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း ပါဝင်လှူဒါန်းနိုင်ပါသည်။

မန္တလေးငလျင်ကြီးကြောင့် ဧပြီ ၅ ရက်ထိ သေဆုံးသူ ၃၄၅၅ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ဦးရေ ၄၈၄၀၊ ပျောက်ဆုံးနေသူ ၂၁၄ ဦး စုစုပေါင်း ဦးရေ ၈၆၀၀ ကျော်ခန့် ထိခိုက်သေဆုံးမှုဖြစ်ပေါ်ခဲ့သည်။ အသေးစိတ်စာရင်းမရရှိသေးသော်လည်း အဆောက်အအုံပေါင်း ၅၂၃ လုံး၊ စာသင်ကျောင်းပေါင်း ၁၈၂၄ ကျောင်း၊ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်စာသင်တိုက် ၂၇၅၂ ကျောင်း ထိခိုက်ပျက်စီးဆုံးရှုံးခြင်း၊ ဘုရားစေတီပေါင်း ၄၈၁၇ ခု ထိခိုက်ပျက်စီးဆုံးရှုံးခြင်း၊ ဆေးရုံဆေးခန်း ၁၆၇ ခု ပျက်စီးခြင်း၊ ရန်ကုန်-နေပြည်တော်-မန္တလေးသွားရထားလမ်းနှင့် ကားလမ်းများပျက်စီးခြင်းနှင့် အချို့ဘူတာများတွင် ပျက်စီး မှုများဖြစ်ပေါ်ခြင်း၊ တံတား ၁၆၉ စင်း ပျက်စီးခြင်း၊ ဆည်မြောင်းတမံ ၁၉၈ ခု ထိခိုက်ပျက်စီးမှုဖြစ်ပေါ် ခြင်း၊ အမြန်လမ်းကြီးတစ်လျှောက် အပိုင်း ၁၈၄ ခု ထိခိုက်ပျက်စီးမှုများဖြစ်ခဲ့ပြီး ပျက်စီးဆုံးရှုံးမှုများ များပြားခဲ့သည်။

မန္တလေးမြေငလျင်ကြီးကြောင့် ထိခိုက်ဖြစ်ပေါ်ခဲ့သည့်အများနှင့်ဆိုင်သော သာသနိကနှင့် ဘာသာ ရေးဆိုင်ရာအဆောက်အအုံများ၊ ပညာရေးအဆောက်အအုံများ၊ ကျန်းမာရေးအဆောက်အအုံများစသည့် အများနှင့်သက်ဆိုင်သောအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည်။ ထိုသို့ပျက်စီးခဲ့သောအဆောက် အအုံများကို နိုင်ငံတော်က ပြုပြင်မွမ်းမံအသစ်တည်ဆောက်ရာတွင် အလှူရှင်များအနေဖြင့် တစ်ဦးချင်း သော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်းပါဝင်လှူဒါန်းနိုင်ပါသည်။ ထိုသို့ပါဝင်လှူဒါန်းခြင်းဖြင့် ကုသိုလ်ထူးများ ရရှိနိုင်မည်ဖြစ်ပေသည်။

အများနှင့်သက်ဆိုင်သော ဇရပ်၊ တန်ဆောင်း၊ ကျောင်းဆောက်လုပ်လှူဒါန်းခြင်းတွင် စေတနာ သုံးတန်ပြဋ္ဌာန်း၍ သာသနိကအဆောက်အအုံလှူဒါန်းသူတို့သည် လူ့ပြည်၊ နတ်ပြည်တို့၌ဖြစ်ရခြင်း၊ စိတ်ဖြင့်တောင့်တရုံဖြင့် အဆောက်အအုံရရှိခြင်း၊ ထိတ်လန့်ခြင်းမှကင်းဝေးခြင်း၊ အဆိပ်အတောက်နှင့် မကောင်းမိစ္ဆာတို့မနှောင့်ယှက်နိုင်ခြင်း၊ အိပ်မက်ကောင်းများကိုသာမက်ရခြင်း၊ စိတ်ထားတည်ကြည် ခြင်း၊ အရဟတ္တဖိုလ်ပေါက်ရဟန္တာဖြစ်ရခြင်းအကျိုးခုနစ်ပါးကို ရရှိစေမည်ဖြစ်သည်။

သို့ဖြစ်ရာ မန္တလေးမြေငလျင်ကြီးကြောင့် ငလျင်ဒဏ်သင့်ခဲ့သည့် သာသနိကနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ပညာရေးအဆောက်အအုံများ၊ ကျန်းမာရေးအဆောက်အအုံများနှင့် အများ နှင့်ဆိုင်သောအဆောက်အအုံများကို အဆောက်အအုံတစ်ခုချင်းအလိုက် တာဝန်ယူ၍ ပြုပြင်မွမ်းမံအသစ် တည်ဆောက်ရာတွင် လှူဒါန်းလိုသူများအနေဖြင့် ကုသိုလ်ထူးများရရှိနိုင်သော အခါအခွင့်ကြုံကြိုက်ချိန် ဖြစ်သောကြောင့် သက်ဆိုင်ရာဌာနများသို့လည်းကောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ဖိတ်ခေါ်ရေးသားလိုက် ရပေသည်။

# ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ဖူးစားပြောင်း အဖူးရေ ၁၉၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဇလွန် ဧပြီ ၇

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ဖူးစားပြောင်း အဖူးရေ ၁၉၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဇလွန်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။

ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလက ဒေသထွက်ဖူးစားပြောင်း အဖူးရေ ၁၂၀၀၀၀သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် မတ် ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ဖူးစားပြောင်း အဖူးရေ ၁၉၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်းက ဇလွန်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဖူးစားပြောင်းအဖူးရေ ၁၉၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဇလွန်မြို့နယ်က ဒေသထွက်ဖူးစားပြောင်းတွေကိုရန်ကုန်ဈေးကွက်က ဝယ်ယူမှုကောင်းနေလို့ တင်ပို့ရောင်းအားတက်ခဲ့တာဖြစ်ပါတယ်။ ကုန်ပစ္စည်းတွေ များများတင်ပို့ရောင်းချနေရတော့ ကုန်သည်တွေ၊ တောင်သူတွေ အလုပ်အကိုင် အခွင့်အလမ်းတွေ ရရှိပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ဖူးစားပြောင်းတွေက အရည်အသွေးကောင်းပါတယ်"ဟု ဇလွန်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။

ဇလွန်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ဖူးစားပြောင်းများကိုဝယ်ယူပြီး ကုန်တင်ကားများဖြင့် ရန်ကုန်ဈေးကွက်သို့ ပြန်လည်တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဖူးစားပြောင်း အဖူးရေ ၁၀၀၀ လျှင် ငွေကျပ် ၃၂၀၀၀၀ မှ ၃၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမြေပဲ ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး

ထီးချိုင့် ဧပြီ ၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမြေပဲ ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၂၇၁၁ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၆၅ ဒသမ ၉၅ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ထီးချိုင့်မြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက မြေပဲ ၂၂၇၁၁ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံး နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေ အထားမှာရှိပါတယ်။ မြေပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်တဲ့အနေ အထားမှာရှိပါတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်၌ မြေပဲစိုက်ပျိုးရာတွင် တစ်ဧကလျှင် မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ်နှစ်သိန်းကျော် ကုန်ကျကြောင်း သိရသည်။

ထီးချိုင့်မြို့နယ်တွင် မြေပဲ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေး အတွက် စိုက်ခင်းများအတွင်း ကင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်း ယူခြင်းတို့ကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထီးချိုင့်မြို့နယ်တွင် မြေပဲကို အထွက်နှုန်း ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# မလှိုင်မြို့နယ် ကျပ်ဆည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မလှိုင် ဧပြီ ၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိပြီး မိသားစုဝင်ငွေများတိုးပွားလာစေရန်ရည်ရွယ်၍ ကျပ်ဆည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၂ ဒသမ ၆ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျပ်ဆည်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၃ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၂ ဒသမ ၆ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကျောက်တံခါးမြို့နယ် ကြာအင်းကုန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ကျောက်တံခါး မေ ၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကြာအင်းကုန်းကျေးရွာအုပ်စု ကြာအင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မေ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုးအိဖြူကိုနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကြာအင်းကုန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ကျောက်တံခါးမြို့နယ် ကြာအင်းကုန်းကျေးရွာ၌ အရှည်ပေ ၁၆၁၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိကျေးရွာတွင်းလမ်း ကျောက်ရောမြေ ခင်းခြင်းနှင့် ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၃ ဒသမ ၂သန်းအသုံးပြုကာ ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇန်နဝါရီလ ပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ကိုညို**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၈၉ လမ်း၊ ၂၈ x ၂၉ လမ်းကြားနေ ဒေါ်ကြည်ကြည်မြ မိသားစုက ဦးမြကျော်-ဒေါ်အုန်းကြည် တို့အားရည်စူး၍ ဆေးပဒေသာပင် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီးဒေါက်တာဦးခင်မောင်က လက်ခံရယူစဉ်။

# မော်လိုက်ခရိုင်တွင် ဆောင်းပဲတီစိမ်း ဧက ၁၃၆၀ ရိတ်သိမ်းပြီးစီး၊ တစ်ဧကလျှင် ၁၉ ဒသမ ၆၅ တင်း ထွက်ရှိ



**မော်လိုက် မေ ၇**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ဧက ၁၃၆၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၉ ဒသမ ၆၅ တင်း ထွက်ရှိကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၁၃၆၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ မော်လိုက်မြို့နယ်တွင် ၃၇၁ ဧက နှင့် ဖောင်းပြင်မြို့နယ်တွင် ၉၈၉ ဧက စုစုပေါင်းဧက ၁၃၆၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မော်လိုက်ခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲတီစိမ်း ဧက ၁၃၆၀ ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ပဲတီစိမ်းခင်းတွေ လက်ရှိမှာတော့ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေ၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ခဲ့ပါတယ်" ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်ခရိုင်တွင် ပဲတီစိမ်း စိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံအတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးလာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဝမ်းတွင်းမြို့နယ် ခင်ဘန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း မေ ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ ခင်ဘန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုကို မေ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၂ သန်းဖြင့်ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်း၊ ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ခင်ဘန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၄ ဦးကို ငွေကျပ် ၄၀ ဒသမ ၈ သန်းနှင့် မွေးမြူရေးလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၁ ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၄ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၂ သန်း ထုတ်ချေးပေးထားကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးစည်ဖောင်းခြောက်ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး မေ ၇**


ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးစည်ဖောင်းခြောက် ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ငါးခြောက်စုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီအတွင်းက ငါးစည်ဖောင်းခြောက်ပိဿာချိန် ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် မတ် ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ငါးစည်ဖောင်းခြောက်ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒီကနေ တင်ပို့ရောင်းချတဲ့ ငါးစည်ဖောင်းခြောက်တွေကို ပြည်တွင်း ရန်ကုန်ဈေးကွက်က မတ်လ ပထမပတ်မှ စတင်ပြီး ဝယ်ယူအားတက်ခဲ့တာပါ။ ဘိုကလေးမြို့နယ်ကနေ ငါးစည်ဖောင်းခြောက်တွေအပါအဝင် ဒေသထွက်ကုန်တွေကို ပြည်တွင်းဈေးကွက်ရန်ကုန်ကိုပဲ အဓိကထားတင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ ဈေးကွက်လဲရသလို တင်ပို့ရောင်းချတဲ့အခါမှာလဲ အခက်အခဲမရှိတာကို တွေ့ရပါတယ်"ဟု ဘိုကလေးမြို့နယ် ငါးခြောက်အစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ် ၁ ရက်မှ ၃၁ ရက်ထိ တင်ပို့ရောင်းချခဲ့သည့် ငါးစည်ဖောင်းခြောက်များသည် တစ်ပိဿာချင်းဈေးနှုန်းအနေဖြင့် ငါးရွှေငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀၀၊ နတ်ကတော် ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀၀၊ ငါးရောင် ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀၀ မှ ၃၇၀၀၀၊ ငါးပုတ်သင်ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀၀ စသည့် ငါးစည်ဖောင်းခြောက် အကြီးအသေးအပေါ်မူတည်ပြီး ဈေးအနိမ့်အမြင့်ရှိကြောင်း ဘိုကလေးမြို့နယ် ငါးခြောက်စုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ကမ္ဘာ့ကျောက်ချပ်လွှာများ၊ စစ်ကိုင်းပြတ်ရွေ့နှင့်မြန်မာ့ငလျင် (အပိုင်း-၃)

**ပါမောက္ခကိုကိုအောင်**

ငလျင်လှုပ်ခါနီးဆဲဆဲ၊ လှုပ်နေစဉ်နှင့် လှုပ်ပြီးနောက်ပိုင်းကာလများ၌ ဘူမိသွင်ပြင် ရုတ်တရက်ပြောင်းလဲမှုကြီးကြောင့် မြေအောက်ဒြပ်စင်များ၊ မြေအောင်းဒြပ်များနှင့် ရေအောင်းဒြပ်များ၏ ဖောက်ပြန်ပြောင်းလဲမှုများ ဆက်တိုက်ဖြစ်ပေါ်လာသည့်အပြင် မြေထုနက်ရှိုင်းစွာကွဲအက်မှု၊ မြေအောက်ရေစီးလမ်းကြောင်း ပြောင်းလဲမှုတို့ကြောင့် ငလျင်ကြောတစ်လျှောက်၌ ရေများပန်းထွက်လာခြင်း၊ သဲများပန်းထွက်လာခြင်း၊ တွင်းရေနှင့်အဝီစိရေများ အရောင်ပြောင်းလဲခြင်း၊ ရွှံ့ရည်များစီးထွက်လာခြင်း၊ ရေနေသတ္တဝါများ ပေါလောပေါ်လာခြင်း၊ မြစ်ရေချောင်းရေများက စီးဆင်းမှုရပ်တန့်သွားခြင်းနှင့် ပြောင်းပြန်စီးဆင်းခြင်း၊ ရေမျက်နှာပြင်နိမ့်ကျမှုနှင့် မြင့်တက်မှုများဖြစ်ပေါ်ခြင်း၊ မြေကျုံ့ပြီး ချိုင့်ဝှမ်းကြီးများဖြစ်ပေါ်ခြင်း၊ မြေသားများ အက်ကွဲနိမ့်ကျခြင်း၊ မြေသားထု၏ မျက်ကွယ်နေရာများ၌ လိုဏ်ခေါင်းများဖြစ်ပေါ်ခြင်း၊ ပတ်ဝန်းကျင်တစ်ခွင်တစ်ပြင်၌ ပုံမှန်မဟုတ်သောအနံ့များ ထွက်လာခြင်းစသည်တို့နှင့် ကြုံကြိုက်ရနိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။

ငလျင်လှုပ်မည့်အရေးကို လူတို့က ကြိုတင်မသိရှိမခန့်မှန်းနိုင်ကြသေးသော်လည်း တိရစ္ဆာန်မျိုးစိတ်တချို့က အာရုံခံစား၍ ကြိုတင်သိရှိနိုင်သည်ဆိုသော ယူဆချက်များလည်း ထွက်ပေါ်လာခဲ့သည်။ သာဓကအားဖြင့် အီတလီနိုင်ငံ အယ်လ်အကွီလာမြို့၌ ငလျင်မလှုပ်မီ ထောင်နှင့်ချီသောဖားများ လမ်းပေါ်သို့တက်ရောက်လာကြသလို၊ တရုတ်နိုင်ငံ စီချွမ်ပြည်နယ်၌ ငလျင်မလှုပ်မီ ရာပေါင်းများစွာသောမြွေများ မြေပြင်ပေါ်သို့ တက်ရောက်လာခြင်းများကိုလည်း ကြုံတွေ့ခဲ့ကြရသည်။

ငလျင်လှုပ်ခါနီးဆဲဆဲတွင် ဘူမိဆိုင်ရာလှုပ်ရှားမှုများကြောင့် မြေအောက်ရေအပါအဝင် ဒြပ်စင်များ အပြောင်းအလဲဖြစ်သည့်အပေါ် တိရစ္ဆာန်တချို့က အာရုံခံသိရှိနိုင်ကြသည်ဟု သုတေသီတချို့က ယုံကြည်ခဲ့ကြသည်။ ငလျင်လှုပ်ရန် နာရီဝက်ခန့်အလို၌ နွားများ ဂနာမငြိမ်ဖြစ်လာခြင်း၊ ခွေးများအုပ်စုလိုက်အူခြင်း၊ ငှက်များအသိုက်ပြောင်းခြင်း၊ စင်ရော်များ ရေပြင်ပေါ်ပျံသန်းနေရာမှ ကုန်းပေါ်သို့အုပ်စုလိုက် ဦးတည်ပျံသန်းခြင်း၊ မိကျောင်းများ ခေါင်းထောင်လာခြင်း၊ ဝက်များ ဆောက်တည်ရာမရဘဲ အော်မြည်ပြေးလွှားခြင်း စသောထူးခြားသည့်အပြုအမူများသည် အချို့ငလျင်များနှင့် တိုက်ဆိုင်ခဲ့သည်ကို သုတေသီတို့က သတိပြုမိခဲ့ကြသည်။

သို့ရာတွင် တိရစ္ဆာန်တချို့၏ ထူးခြားသော အပြုအမူများသည် ငလျင်လှုပ်တော့မည့် ရှေ့ပြေးနိမိတ်ဖြစ်သည်ဆိုသော ခိုင်လုံတိကျသည့် ထုတ်ပြန်ချက်မျိုးကို မည်သည့်သိပ္ပံသုတေသီတို့ကမျှ ထုတ်ပြန်နိုင်ခြင်းမရှိကြသေးပေ။ အဘယ်ကြောင့်ဆိုသော် သုတေသနပြုစမ်းသပ်ချက် အကြိမ်ပေါင်းများစွာတွင် အနည်းစုလောက်ကသာ တိုက်ဆိုင်ပြီး အများစုကမူ ငလျင်လှုပ်ခြင်းနှင့် တိုက်ဆိုင်မှုမရှိကြသောကြောင့်ပင်ဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် နွားများနှင့် စမ်းသပ်သည့် သုတေသနကဲ့သို့သော စမ်းသပ်ချက်အများအပြားက ထိုယူဆချက်များ မှန်ကန်ခြင်းမရှိကြောင်းကို ထောက်ပြခဲ့ပြီးဖြစ်သည်။

သို့ဖြစ်၍ တိရစ္ဆာန်မျိုးစိတ်တချို့၏ ပုံမှန်မဟုတ်သော အပြုအမူများနှင့် အော်မြည်သံများကို မြင်ရကြားရတိုင်း ငလျင်လှုပ်တော့မည့်နိမိတ်ဖြစ်သည်ဟု ယူဆပြီး စိုးရိမ်ပူပန်မှုများဖြင့် စိတ်ဖိစီးမှုဖြစ်ရန်မလိုအပ်ပေ။



ငလျင်ဒဏ်ကြောင့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတစ်နေရာ အက်ကွဲနေမှုကို တွေ့ရစဉ်။

မျက်မှောက်ကာလတွင် သိပ္ပံနှင့်နည်းပညာများက လွန်စွာဖွံ့ဖြိုးတိုးတက်နေသည့်တိုင် ငလျင်လှုပ်မည့်အရေးကိုမူ ကြိုတင်ခန့်မှန်းနိုင်ခြင်းမရှိကြသေးပေ။ ကမ္ဘာပေါ်၌ ငလျင်လှုပ်ခတ်မှု အများဆုံးနိုင်ငံဖြစ်သည့် ဂျပန်နိုင်ငံသည် စက်မှုဖွံ့ဖြိုးမှုတွင် ထိပ်တန်းနိုင်ငံဖြစ်သည်နှင့်အညီ ငလျင်လှုပ်ခတ်မှု၏ အဦးအစဖြစ်သော မြေအောက်ဘူမိလှုပ်ရှားမှုများကို အချိန်ရနိုင်သလောက် ကြိုတင်ထောက်လှမ်းသိရှိနိုင်သည့် တိုင်းတာရေးစခန်းကွန်ရက်ကြီးကို အမေရိကန်ဒေါ်လာ သန်း ၅၀၀ အကုန်အကျခံ၍ တည်ဆောက်ခဲ့သည်။

ငလျင်အစ မြေအောက်လှုပ်ရှားမှုများကို တိုင်းတာသည့် စခန်းပေါင်း ၁၀၀၀ ကျော်ကို စီရင်စုတစ်ခုချင်းစီအလိုက် တစ်နိုင်ငံလုံး၌ ကွန်ရက်အဖြစ်ဖြန့်ကြက်ကာ ငလျင်ကြိုတင်သတိပေးဌာနနှင့် ချိတ်ဆက်ထားခဲ့သော ဂျပန်နိုင်ငံသည် ၂၀၁၁ ခုနှစ်က ဖြစ်ပွားခဲ့သည့် ငလျင်လှုပ်မည့်အရေးကို စက္ကန့်ပိုင်းမျှသာ ကြိုတင်သိရှိနိုင်ခဲ့သည်။

၂၀၁၁ ခုနှစ် မတ် ၁၁ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၄၆ မိနစ်က ဂျပန်နိုင်ငံ ဟွန်ရှူးကျွန်းပေါ်ရှိဆန်ဒိုင်းဒေသ အရှေ့ဘက် မိုင် ၈၀ ခန့်အကွာနေရာ၏ မြေအောက်အနက် ၂၅ ဒသမ ၂ မိုင်ကို ဗဟိုပြု၍ ၉ ဒသမ သုည မဂ္ဂနီကျူရှိသော အင်အားအလွန်ကြီးမားသည့် ငလျင်ကြီးလှုပ်ခတ်ခဲ့သည်။ ဆက်သွယ်ရေးစနစ် အလွန်ကောင်းမွန်ပြီး တုံ့ပြန်ဆောင်ရွက်မှု အလွန်မြန်ဆန်သည့် ဂျပန်နိုင်ငံသည် စက္ကန့်ပိုင်းမျှသာကြိုသိရသော ငလျင်လှုပ်မည့်အရေးကို နိုင်ငံတစ်ဝန်းလုံးသို့ ရသမျှသောစက္ကန့်ပိုင်းအချိန်ကလေးအတွင်းမှာပင် ကြိုတင်ထုတ်ပြန်နိုင်ခဲ့သည့်အတွက်၊ပျက်စီးဆုံးရှုံးမှုက ကြီးမားကျယ်ပြန့်ခဲ့သည့်တိုင် ဆိုးဆိုးရွားရွားဖြစ်ပွားခဲ့သည့် အဆိုပါပျက်စီးဆုံးရှုံးမှုနှင့်နှိုင်းစာလျှင် လူအသေအပျောက်က အလွန်ပင် နည်းပါးခဲ့သည်။ အဆိုပါ အင်အားပြင်းငလျင်ကြီးကြောင့် ဂျပန် ပင်လယ်ကြမ်းပြင်သည် တစ်ဖက်တစ်ချက်သို့ ၇၉ ပေခန့် ရွေ့သွားခဲ့သည့်အပြင် အပေါ်ဘက်သို့လည်း ၁၀ ပေခန့် မြင့်တက်လာခဲ့သည်။

သို့ဖြစ်၍ အလွန်ခေတ်မီတိုးတက်သော သိပ္ပံပညာရပ်များဖြင့်ပင် ငလျင်လှုပ်မည့်အရေးကိုသော်လည်းကောင်း၊ လှုပ်မည့်ငလျင်၏ပြင်းအားကိုသော်လည်းကောင်း ခန့်မှန်းတွက်ချက်၍ မရနိုင်သေးသည့် လက်ရှိ မျက်မှောက်ကမ္ဘာကြီးတွင် ငလျင်လှုပ်မည့် နေ့၊ ရက်၊ အချိန်နှင့် ငလျင်ပြင်းအားတို့ကို ဖော်ပြလျက် အများပြည်သူအတွင်း ဆော်ဩလေ့ရှိကြသည့် ကိစ္စရပ်များအပေါ် စိတ်ပူပန်မှု တစ်စုံတစ်ရာဖြစ်ရန်မလိုအပ်ဘဲ အသိရှိရှိ၊ သတိရှိရှိဖြင့် နေထိုင်သွားကြရန်သာဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အကြိမ်ပေါင်းများစွာလှုပ်ခတ်ခဲ့သော ငလျင်များကိုအကြောင်းပြု၍ ငလျင်ဇုန်ရပ်ဝန်းများကို သတ်မှတ်ခဲ့ကြသည်။ စစ်ကိုင်းပြတ်ရွေ့ကြောင်းကြီး၏ အထက်ပိုင်း၌ရှိသော အထက်မြန်မာပြည်ငလျင်ဇုန်ရပ်ဝန်း၊ စစ်ကိုင်းပြတ်ရွေ့ကြောင်းကြီး၏ အောက်ပိုင်း၌ရှိသော အောက်မြန်မာပြည် ငလျင်ဇုန်ရပ်ဝန်း၊ အရှေ့မြောက်ဒေသငလျင်ဇုန်ရပ်ဝန်း၊ အန်ဒမန်ပင်လယ်ပြင် ငလျင်ဇုန်ရပ်ဝန်းစသည်ဖြင့် ငလျင်ဇုန်ရပ်ဝန်းများကို သတ်မှတ်ကြပြီး ငလျင်ဇုန်ရပ်ဝန်းတစ်ခုချင်းစီ၏ အတွင်း၌ ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် ဒေသအများအပြားက ပါဝင်လျက်ရှိနေကြသည်။

ငလျင်သည် ရှောင်လွှဲ၍မရနိုင်သော သဘာဝဘေးဆိုးကြီးတစ်ခုဖြစ်သည့်အတွက် ငလျင်ကြောင့်ဖြစ်ပွားလာနိုင်ဖွယ်ရှိသည့် ဘေးအန္တရာယ်အသွယ်သွယ်တို့ကို အတတ်နိုင်ဆုံးလျော့ပါးသက်သာအောင်သာ ကြိုတင်စီမံ ဆောင်ရွက်ကြရမည်ဖြစ်သည်။ စံသတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိသည့် အရည်အသွေးနိမ့်အဆောက်အအုံများနှင့် တံတားများ၊ ဓာတ်ပြုပေါက်ကွဲစေနိုင်သော ဓာတုပစ္စည်းသိုလှောင်ရုံများ၊ စက်သုံးဆီနှင့် သဘာဝဓာတ်ငွေ့ အရောင်းဆိုင်များ၊ စနစ်တကျဆောက်လုပ်တပ်ဆင်ထားခြင်းမရှိသော လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် ဓာတ်အားခွဲရုံများ စသည်တို့မှာ ငလျင်ဘေးနှင့်ကြုံရသည့်အခါ ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို ကြီးမားစွာဖြစ်ပေါ်စေနိုင်သောအရာများ ဖြစ်ကြသည်။

သို့ဖြစ်၍ အင်အားပြင်းငလျင်များ၏ ဒဏ်ကိုကောင်းစွာခံနိုင်ရည်ရှိသော အဆောက်အအုံများကို ခေတ်သစ်နည်းပညာများဖြင့် ဆောက်လုပ်နေထိုင်ခြင်း၊ စက်သုံးဆီနှင့် သဘာဝဓာတ်ငွေ့ အရောင်းဆိုင်များကို လူနေအိမ်များနှင့်အလှမ်းဝေးရာ၌သာ ဖွင့်လှစ်စေခြင်း၊ ဓာတုပစ္စည်းသိုလှောင်ရုံများကို လူနေရပ်ကွက်များနှင့်ဝေးရာ၌သာ ထားရှိခြင်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ဓာတ်အားခွဲရုံများ၊ လျှပ်စစ်ဓာတ်တိုင်များနှင့် ထရန်စဖော်မာများစသည်တို့ကို ငလျင်ဒဏ်ခံနိုင်အောင် စနစ်တကျတွက်ချက်တည်ဆောက်တပ်ဆင်ထားခြင်း၊ ငလျင်ဘေးကျရောက်သည့်အခါ လုပ်ဆောင်ရမည့်နည်းလမ်းများကို အများသူငါတို့ ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ကြိုတင်နှိုးဆော်သတိပေးထားခြင်း၊ ငလျင်၏သဘောသဘာဝများကို ကောင်းစွာသိရှိအောင်ပညာပေးပို့ချခြင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်အောင် လေ့ကျင့်သင်တန်းပေးထားခြင်း စသည်တို့ကို ကြိုကြိုတင်တင်စီမံဆောင်ရွက်ကြရမည်ဖြစ်ပြီး ထိုကဲ့သို့ ကြိုတင်စီမံဆောင်ရွက်ထားခြင်းများကသာလျှင် ငလျင်ဘေးကြုံရသည့်အခါ ထိခိုက်ပျက်စီးမှုနှင့် အသက်ဆုံးရှုံးရမှုများကို များစွာလျှော့ချပေးနိုင်မည့် နည်းလမ်းကောင်းများပင် ဖြစ်ကြပေသည်။

# ဝက်လက်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၇၆၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ဝက်လက် ဧပြီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၇၆၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ဝက်လက်မြို့နယ်တွင် စပါး ဧက ၂၈၀၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မတ်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၇၆၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဝက်လက်မြို့နယ်မှာ စပါး ဧက ၂၈၀၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၂၇၆၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာ၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးတာ၊ သီးနှံတွေပျက်စီးဆုံးရှုံးမှုမရှိစေဖို့ အသိပညာပေးတာတွေ ပြုလုပ်ပေးနေပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် စပါးစိုက် တောင်သူများအနေဖြင့် တစ်ဧက အထွက်နှုန်းတိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေးအတွက် မျိုးကောင်း၊ မျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နည်းပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ တောင်သူပညာပေးသင်တန်းနှင့် ပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း၊ လိုအပ်သည့် သွင်းအားစုများ အချိန်မီ ရရှိရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်ပြီး ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ် တင်ပို့နိုင်မည်ဖြစ်သောကြောင့် စပါးကိုပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

(၂၀၆)

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ကသာခရိုင်တွင် ဆောင်းသီးနှံပဲတီစိမ်း ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး၊ တစ်ဧကလျှင် ၁၇ ဒသမ ၂၆ တင်း ထွက်ရှိ



**ကသာ ဧပြီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောပဲတီစိမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၁၉၂၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ကြရာ ယနေ့ထိ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၇ ဒသမ ၂၆ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ကသာခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲတီစိမ်းဧက ၁၉၂၀ ထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းတွေကိုလဲ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ကသာခရိုင်တွင် မြို့နယ်အလိုက် ပဲတီစိမ်းရိတ်သိမ်းပြီးစီးမှု အနေဖြင့် ကသာမြို့နယ်တွင် ၅၀၇ ဧက၊ အင်းတော်မြို့နယ်တွင် ၄၀၇ ဧက၊ ထီးချိုင့်မြို့နယ်တွင် ၅၁၁ ဧကနှင့် ဗန်းမောက်မြို့နယ်တွင် ၄၉၅ ဧက စုစုပေါင်း ဧက ၁၉၂၀ တို့ဖြစ်ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်း စိုက်ပျိုးသင့်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြ၍ သိရသည်။ (၂၀၆)

## ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မတ်လအတွင်း မနောသုခ စပါးတင်းရေ ၆၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ငပုတော ဧပြီ ၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မတ်လအတွင်း မနောသုခစပါး အမျိုးအစားတင်းရေ ၆၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းလဲ့က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလ တစ်လအတွင်းက မနောသုခ စပါးအမျိုးအစားတင်းရေ ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း မနောသုခစပါး အမျိုးအစားတင်းရေ ၆၇၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း မနောသုခစပါး တင်းရေအများအပြား ရန်ကုန်ဈေးကွက်ဘက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ မနောသုခ စပါးအမျိုးအစားက စပါးအကြမ်းအုပ်စုထဲမှာပါတဲ့စပါး အမျိုးအစားဖြစ်တယ်။ အဲ့ဒီ စပါးတွေကို ရန်ကုန်ဘက်က ဝယ်ယူအားများနေလို့ တင်ပို့အားတက်ခဲ့တာ ဖြစ်ပါတယ်။ မနောသုခ စပါးအမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်။ စပါးတွေကို ကုန်းလမ်းနဲ့ ရေလမ်းကနေ အဆင်ပြေသလို တင်ပို့ရောင်းချနေပါတယ်"ဟု ငပုတောမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းလဲ့က ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် မနောသုခ စပါးအမျိုးအစား တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၆၅၀၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း၊ အဆိုပါ စပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိနေကြောင်း ငပုတောမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းလဲ့က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

## လှေငယ်ရှင်သို့

- ချောင်း မြစ် ပင်လယ် ဘယ်သို့ကျယ်လည်း
  လှေငယ်ပေါ်လော ရေပြင်ကြောမှာ
  စီးမျှောစုန်ဆန် သွားချည်ပြန်။
- စည်း သောင် ဝဲ ရေ ဘယ်သို့မွှေလည်း
  လှေငယ်လှော်ခတ် တန့်မရပ်အောင်
  ကျော်ဖြတ်နိုင်စွမ်း အံ့မခန်း။
- တောင်နှယ်မြင့်မောက် လှိုင်းတို့ခြောက်လည်း
  ထိုးဖောက်ယှဉ်ပြိုင် ဦးတည့်ဆိုင်ကာ
  နိုင်သူသမိုင်း ဘယ်မှာရှိုင်းလိမ့်
  လှိုင်းကြီးလှေအောက် ဒူးမထောက်။
- သို့သော်တစေ ဖြစ်တန်ခြေတည့်
  လှေဝမ်းကျိုးပေါက် ရေဝင်ရောက်က
  လန့်ကြောက်ငုတ်တုတ် စုံးစုံးမြုပ်ကာ
  ဒုက္ခမှုပွေ ပင်လယ်ဝေလိမ့်
  လှေဝမ်းလုံမှ သတိပြု။ ။

**ချစ်စုအောင်**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# နိုင်ငံတကာ သတင်းများ

## ဂျပန်နိုင်ငံ၌ လူနာတင်ရဟတ်ယာဉ် ပျက်ကျ သုံးဦးသေဆုံး၊ သုံးဦးကို ကယ်တင်နိုင်ခဲ့

တိုကျို ဧပြီ ၇

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း၌ ယနေ့တွင်လူနာတင်ရဟတ်ယာဉ်တစ်စင်း ပင်လယ်ရေပြင်အတွင်းသို့ ပျက်ကျခဲ့ကြောင်း ဂျပန်တာဝန်ရှိသူများက ပြောကြားထားသည်။

လူနာတင်ရဟတ်ယာဉ် ပျက်ကျမှုကြောင့် လူနာအပါအဝင် သုံးဦးသေဆုံး၍ သုံးဦးကို ကယ်တင်နိုင်ခဲ့ကြောင်း ဂျပန်ကမ်းခြေစောင့်တပ်က သတင်းထုတ်ပြန်ထားသည်။

အသက် ၈၀ အရွယ် လူနာအပါအဝင် သေဆုံးသူ သုံးဦးတို့၏ ရုပ်အလောင်းများကိုလည်း ဂျပန်ကမ်းခြေစောင့်တပ်က ပြန်လည်ရယူပေးနိုင်ခဲ့သည်။

လူနာတင် ရဟတ်ယာဉ်ပျက်ကျပြီးနောက် ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့သည် လေယာဉ်နှစ်စင်းနှင့် သင်္ဘောသုံးစီးကိုစေလွှတ်၍ ကယ်ဆယ်ရေးလုပ်ငန်းများ ပြုလုပ်ခဲ့ကြသည်။

အဆိုပါ လူနာတင်ရဟတ်ယာဉ်သည် နာဂါဆာကီစီရင်စု လေဆိပ်တစ်ခုမှ ဖူကူအိုကာမြို့ ဆေးရုံတစ်ရုံသို့ ပျံသန်းနေစဉ် ပင်လယ်ရေပြင်အတွင်းသို့ ပျက်ကျခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ရဟတ်ယာဉ်ပျက်ကျမှု နောက်ခံအကြောင်းရင်းကို စုံစမ်းစစ်ဆေးဆဲဖြစ်ကြောင်း ဂျပန်ကမ်းခြေစောင့် တပ်က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



## ဟားမတ်စ်အုပ်စုက အစ္စရေးတောင်ပိုင်း မြို့များကို ဒုံးကျည်များဖြင့်ပစ်ခတ်တိုက်ခိုက်

ဂျေရုဆလင် ဧပြီ ၇

ဂါဇာကမ်းမြောင်အခြေစိုက် ဟားမတ်စ်အုပ်စုသည် မတ် ၆ ရက်က အစ္စရေးနိုင်ငံတောင်ပိုင်း မြို့များကို ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဂါဇာကမ်းမြောင်ဒေသရှိ အစ္စရေးတပ်များက ပါလက်စတိုင်း အရပ်သားများကို အစုလိုက်အပြုံလိုက် သတ်ဖြတ်နေမှုကို လက်တုံ့ပြန်သည့်အနေဖြင့် အစ္စရေးနိုင်ငံ တောင်ပိုင်းမြို့များကို ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ဟားမတ်စ်အုပ်စု သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဟားမတ်စ်အုပ်စုက ပစ်ခတ်ခဲ့သည့် ဒုံးကျည် ၁၀ စင်းအနက် အများစုကို ပစ်ချနိုင်ခဲ့ကြောင်း အစ္စရေးစစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

သို့ရာတွင် အစ္စရေးမီဒီယာများ၏သတင်းထုတ်ပြန်ချက်အရ ဟားမတ်စ်အုပ်စုက ပစ်လွှတ်ခဲ့သော ဒုံးကျည်များအနက် တစ်စင်းမှာ အက်ရှ်ကီလွန်မြို့ပေါ်သို့ တိုက်ရိုက်ကျရောက်ခဲ့ကြောင်း သိရသည်။

ဟားမတ်စ်အုပ်စုက ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး မကြာမီမှာပင် ဂါဇာကမ်းမြောင် အလယ်ပိုင်း ဒီရာအယ်လ်ဘာလာမြို့ရှိ ပါလက်စတိုင်းလူမျိုးများ ဘေးလွတ်ရာသို့ ထွက်ခွာကြရန် အစ္စရေးစစ်ဘက်က ညွှန်ကြားထားသည်။

အစ္စရေးနိုင်ငံသည် ဟားမတ်စ်အုပ်စုနှင့် ရယူထားသည့် နှစ်လကြာ အပစ်အခတ်ရပ်စဲရေးကို အဆုံးသတ်ခဲ့ပြီးနောက် မတ် ၁၉ ရက်မှစ၍ ဂါဇာကမ်းမြောင်ဒေသ၌ စစ်ဆင်ရေးများ ပြန်လည်စတင်ခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

## တောင်ကိုရီးယားသမ္မတရွေးကောက်ပွဲ ဇွန် ၃ ရက်တွင် ကျင်းပဖွယ်ရှိ



ဆိုးလ် ဧပြီ ၇

တောင်ကိုရီးယား ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးက သမ္မတယွန်းဆွတ်ယိုးကို ရာထူးမှဖယ်ရှားခဲ့ပြီးနောက် လာမည့် ဇွန် ၃ ရက်ကို သမ္မတရွေးကောက်ပွဲကျင်းပမည့် နေ့အဖြစ် တောင်ကိုရီးယားအစိုးရက သတ်မှတ်ဖွယ်ရှိကြောင်း ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

တောင်ကိုရီးယားမီဒီယာများ၏ အဆိုအရ အစိုးရအနေဖြင့် ဧပြီ ၈ ရက်တွင် အစည်းအဝေးတစ်ခု ကျင်းပ၍ ဇွန် ၃ ရက်ကို သမ္မတရွေးကောက်ပွဲကျင်းပမည့်နေ့အဖြစ် သတ်မှတ်ဖွယ်ရှိကြောင်း သိရသည်။

တောင်ကိုရီးယား ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးက သမ္မတယွန်းဆွတ်ယိုးကို ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၃ ရက်တွင် စစ်အုပ်ချုပ်ရေးဥပဒေကြေညာရန် ကြိုးစားမှုဖြင့် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက သမ္မတရာထူးမှဖယ်ရှားခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယားဥပဒေများအရ သမ္မတတစ်ဦးကွယ်လွန်ခဲ့လျှင် သို့မဟုတ် ဖယ်ရှားခံခဲ့ရလျှင် ရက်ပေါင်း ၆၀ အတွင်း သမ္မတရွေးကောက်ပွဲများ ကျင်းပပေးရမည်ဖြစ်သည်။

မီဒီယာများက ဖော်ပြထားသည့် သမ္မတရွေးကောက်ပွဲကျင်းပမည့်နေ့မှာ အတည်မဟုတ်သေးကြောင်း တောင်ကိုရီးယားအမျိုးသားရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများက ပြောကြားထားသည်။

သမ္မတရွေးကောက်ပွဲကျင်းပမည့်နေ့ကို ဆုံးဖြတ်ပြီးပါက ယာယီသမ္မတတာဝန် ရယူထားသည့် ဝန်ကြီးချုပ် ဟန်ဒက်ဆိုးက တရားဝင်ကြေညာမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## တရုတ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့က ရီအမ်ရေတပ်ဆိပ်ကမ်းအနီး ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်

ဖနွမ်းပင် ဧပြီ ၇

ကမ္ဘောဒီးယားနိုင်ငံ ထိုင်းပင်လယ်ကွေ့ ကမ်းရိုးတန်း၌ တည်ရှိသော ရီအမ်ရေတပ်ဆိပ်ကမ်းသစ်အနီးတွင် တရုတ်နိုင်ငံနှင့် ကမ္ဘောဒီးယား ရေတပ်စစ်သင်္ဘောများက ဧပြီ ၆ ရက်တွင် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရီအမ် ရေတပ်စခန်းသည် တရုတ်နိုင်ငံ၏ ဘဏ္ဍာရေးအကူအညီဖြင့် တိုးချဲ့ပြုပြင်တည်ဆောက်ထားသော ရေတပ်စခန်းဖြစ်သည်။

တရုတ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ရီအမ်ရေတပ်စခန်းသစ်ဖွင့်လှစ်ခဲ့ပြီး တစ်ရက်အကြာမှာပင် ၎င်းရေတပ်စခန်း၌ ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ရီအမ်ရေတပ်စခန်းကို ဧပြီ ၅ ရက်တွင် တရားဝင်ဖွင့်လှစ်ခဲ့ရာ ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်ကိုယ်တိုင် တက်ရောက်ခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ရီအမ်ရေတပ်စခန်းကို တရုတ်နိုင်ငံ၏ ဘဏ္ဍာရေးအကူအညီဖြင့် ၂၀၂၂ ခုနှစ်တွင် စတင်တိုးချဲ့ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။

မဟာဗျူဟာအရ အချက်အချာကျသော ရီအမ်ရေတပ်စခန်းကို တရုတ်ရေတပ်က ရှေ့တန်းစခန်းတစ်ခုအဖြစ် အသုံးပြုလာနိုင်မည့်အရေးကို အမေရိကန် အစိုးရက စိုးရိမ်ပူပန်လျက်ရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



## အီရန်နှင့် အမေရိကန်နိုင်ငံတို့ကြား တင်းမာမှုလျှော့ချရေး ကူညီရန်အသင့်ရှိကြောင်း ရုရှားအစိုးရကမ်းလှမ်း

မော်စကို ဧပြီ ၇

အမေရိကန်နိုင်ငံနှင့် အီရန်နိုင်ငံတို့အကြား နျူကလီးယားတင်းမာမှုပြဿနာကို ဖြေရှင်းရေးအတွက် ကူညီပေးနိုင်သမျှအားလုံး ကူညီပေးရန် အသင့်ရှိကြောင်း ရုရှားအစိုးရက ယနေ့တွင် ပြောကြားလိုက်သည်။

အီရန်နိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံနှင့် နျူကလီးယား သဘောတူညီချက်တစ်ရပ် မယူခဲ့ပါက ဗုံးကြဲတိုက်ခိုက်ရလိမ့်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတက သတိပေးထားသည်။

အလားတူ အီရန်နျူကလီးယားအဆောက်အအုံများ တိုက်ခိုက်ခံရပါက ပြန်လည်တုံ့ပြန်မည်ဖြစ်ကြောင်း အီရန်ကပြောကြားထားရာ အမေရိကန်နှင့် အီရန်နိုင်ငံတို့ကြား အခြေအနေတင်းမာလျက်ရှိသည်။

သို့ရာတွင် ရုရှားနိုင်ငံအနေဖြင့် အီရန်နှင့် အမေရိကန်နိုင်ငံတို့ကြား နျူကလီးယားတင်းမာမှုကို ဖြေလျှော့ရေးအတွက် ကူညီနိုင်သမျှအားလုံး အကူအညီပေးရန် အသင့်ရှိကြောင်း ကရင်မလင်နန်းတော် ပြောရေးဆိုခွင့်ရှိသူက ယနေ့တွင် ကမ်းလှမ်းခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အီရန်ကိုစစ်ရေးအရ ခြိမ်းခြောက်ခဲ့ပြီးနောက် အီရန် နျူကလီးယားပြဿနာ ပြေလည်ရေးအတွက် ကြားဝင်ကူညီမည်ဖြစ်ကြောင်း ရုရှားအစိုးရက အကြိမ်ကြိမ် ကမ်းလှမ်းထားပြီးဖြစ်သည်။

အီရန်နိုင်ငံသည် ရုရှားနိုင်ငံ၏ အဓိက အရှေ့အလယ်ပိုင်း မဟာမိတ်နိုင်ငံဖြစ်ပြီး ယူကရိန်းစစ်ပွဲ စတင်ဖြစ်ပွားခဲ့ပြီးနောက် အီရန်နှင့် ရုရှားတို့ကြား ဆက်ဆံရေး ပိုမိုအားကောင်းလာကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## 2024 YR 4 ဂြိုဟ်သိမ် ကမ္ဘာဂြိုဟ်နှင့် ဝင်တိုက်နိုင်ခြေ မရှိသော်လည်း လကမ္ဘာကို ဝင်တိုက်နိုင်ခြေရှိနေဆဲဖြစ်



**ဝါရှင်တန် ဧပြီ ၇**

2024 YR 4 ဂြိုဟ်သိမ် ကမ္ဘာဂြိုဟ်နှင့် ဝင်တိုက်နိုင်ခြေမရှိသော်လည်း လကမ္ဘာကို ဝင်တိုက်နိုင်ခြေရှိနေဆဲဖြစ်ကြောင်း သိပ္ပံပညာရှင်များက ဧပြီ ၆ ရက်တွင် ပြောကြားသည်။

2024 YR 4 ဂြိုဟ်သိမ်သည် ၂၀၃၂ ခုနှစ်တွင် ကမ္ဘာဂြိုဟ်နှင့် ဝင်တိုက်နိုင်ခြေ သုံးရာခိုင်နှုန်းထိရှိကြောင်း အမေရိကန် အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) သိပ္ပံပညာရှင်များက ခန့်မှန်းခဲ့ကြသည်။

နောက်ပိုင်းတွင် 2024 YR 4 ဂြိုဟ်သိမ်အနေဖြင့် ကမ္ဘာဂြိုဟ်ကို ဝင်တိုက်နိုင်ခြေမရှိတော့ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ကြေညာထားသည်။

သို့ရာတွင် 2024 YR 4 ဂြိုဟ်သိမ်သည် လကမ္ဘာကို ၂၀၃၂ ခုနှစ်တွင် တိုက်ရိုက်ဝင်တိုက်နိုင်ခြေရှိနေဆဲဖြစ်သည်ဟု အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

အမေရိကန် သိပ္ပံပညာရှင်များ၏ တွက်ချက်မှုအရ 2024 YR 4 ဂြိုဟ်သိမ်သည် ၂၀၃၂ ခုနှစ်တွင် လကမ္ဘာနှင့် ဝင်တိုက်နိုင်ခြေ နှစ်ရာခိုင်နှုန်းထိ ရှိနေဆဲဖြစ်ကြောင်း သိရသည်။

အရွယ်အစားအားဖြင့် ဘောလုံးကွင်းတစ်ကွင်းစာရှိ 2024 YR 4 ဂြိုဟ်သိမ်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## တစ်စင်းနှင့်တစ်စင်းဝင်တိုက်၍ ကြယ်ပေါက်ကွဲမှုဖြစ်ပွားမည့် နှစ်စင်းတွဲကြယ်စနစ်တစ်ခုကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား

**လန်ဒန် ဧပြီ ၇**


တစ်ချိန်ချိန်တွင် တစ်စင်းနှင့်တစ်စင်းဝင်တိုက်၍ ကြယ်ပေါက်ကွဲမှု ဖြစ်ပွားမည့် နှစ်စင်းတွဲကြယ်စနစ်တစ်ခုကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဧပြီ ၆ ရက် သတင်းများအရ သိရသည်။

အဆိုပါ နှစ်စင်းတွဲကြယ်စနစ်သည် ကမ္ဘာမြေနှင့် အလင်းနှစ် ၁၅၀ ခန့်အကွာတွင် တည်ရှိကြောင်း ဗြိတိန်နိုင်ငံ ဝေါလ်ဝစ်ခ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ ကြယ်စနစ်အတွင်းရှိ နျူကလီးယား လောင်စာကုန်အဖြူရောင် ကြယ်သိမ်နှစ်စင်းသည် တစ်စင်းနှင့်တစ်စင်း အလွန်နီးကပ်စွာ လှည့်ပတ်လျက်ရှိရာ တစ်ချိန်ချိန်တွင် ဝင်တိုက်၍ ကြယ်ပေါက်ကွဲမှု ဖြစ်ပွားလိမ့်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါကြယ်ပေါက်ကွဲမှုသည် လာမည့်နှစ်ပေါင်း ၂၃ ဘီလီယံအတွင်း ဖြစ်ပွားမည်မဟုတ်သော်လည်း ဖြစ်ပွားခဲ့ပါက အဆိုပါ ကြယ်ပေါက်ကွဲမှုကို လပြည့်ညလတစ်စင်းအရွယ်ဖြင့် ကမ္ဘာမြေပေါ်မှတစ်ဆင့် တွေ့ရှိနိုင်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါကြယ်ပေါက်ကွဲမှုသည် ကမ္ဘာဂြိုဟ်အနီး၌ ပေါ်ပေါက်မည်ဖြစ်သော်လည်း ကမ္ဘာဂြိုဟ်အတွက် အန္တရာယ်မရှိနိုင်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။



အဆိုပါ ကြယ်စနစ်အတွင်းရှိ ကြယ်နှစ်စင်းမှာ တစ်စင်းနှင့် တစ်စင်း နေနှင့်ကမ္ဘာကြား အကွာအဝေး၏ အပုံ ၆၀ ပုံ တစ်ပုံသာရှိသော အကွာအဝေးမှတစ်ဆင့် တစ်စင်းနှင့်တစ်စင်း လှည့်ပတ်နေခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## Space-X ကုမ္ပဏီက Starship ဒုံးပျံကို နဝမအကြိမ် စမ်းသပ်လွှတ်တင်ရေးပြင်ဆင်နေ

**ဝါရှင်တန် ဧပြီ ၇**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် Starship ဒုံးပျံကို နဝမအကြိမ် စမ်းသပ်လွှတ်တင်ရေးအတွက် ပြင်ဆင်နေကြောင်း ဧပြီ ၆ ရက်သတင်းများအရ သိရသည်။



Space-X ကုမ္ပဏီသည် ဧပြီ ၃ ရက်က Starship ဒုံးပျံ၏ ပင်မဒုံးယာဉ်ဖြစ်သော စူပါဟဲဗီးဒုံးယာဉ်၏ ရက်ပ်တာဒုံးအင်ဂျင် ၃၃ လုံးကို စမ်းသပ်ခဲ့ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် စူပါဟဲဗီးဒုံးယာဉ်၏ ရက်ပ်တာဒုံးအင်ဂျင်များကို စတားဘေ့စ်အာကာသစခန်းပစ်စင်၌ စမ်းသပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် စူပါဟဲဗီးဒုံးယာဉ်ကို Starship ဒုံးပျံ သတ္တမအကြိမ် စမ်းသပ်လွှတ်တင်မှုအတွက် အသုံးပြုခဲ့ပြီးဖြစ်သည်။

ယခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် ပြုလုပ်ခဲ့သော Starship ဒုံးပျံ သတ္တမအကြိမ် စမ်းသပ်မှုတွင် အဆိုပါ စူပါဟဲဗီးဒုံးယာဉ်သည် ပစ်စင်ရှိရာသို့ အောင်မြင်စွာပြန်လည် ဆင်းသက်နိုင်ခဲ့သည်။

Space-X ကုမ္ပဏီသည် Starship ဒုံးပျံကို နဝမအကြိမ်အဖြစ် စမ်းသပ် လွှတ်တင်မည့်ရက်ကို ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## မိန်းကလေးများ ဖုန်းအကြည့်များပါက အိပ်စက်မှုပုံစံထိခိုက်၍ စိတ်ကျရောဂါဝင်လာနိုင်

**စတော့ဟုမ်း ဧပြီ ၇**

ဆယ်ကျော်သက်မိန်းကလေးများအနေဖြင့် စမတ်ဖုန်းအကြည့်များပါက အိပ်စက်မှုပုံစံ ထိခိုက်ပျက်စီး၍ စိတ်ကျရောဂါဝင်လာနိုင်ကြောင်း ဧပြီ ၆ ရက် သတင်းများအရ သိရသည်။

ဆွီဒင်နိုင်ငံ ကာရိုလန်စတာအင်စတီကျုမှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဖုန်းအကြည့်များသည့် ဆယ်ကျော်သက် မိန်းကလေးများတွင် အိပ်စက်နိုင်မှု အရည်အသွေးနှင့်အိပ်စက်ချိန် နှစ်မျိုးစလုံး ထိခိုက်မှုရှိလာတတ်ကြောင်း သိရသည်။

သို့ဖြစ်ရာ နောက်ဆက်တွဲအကျိုးဆက်အဖြစ် ဖုန်းအကြည့်များသော ဆယ်ကျော်သက် မိန်းကလေးများ၌ နောက်ပိုင်းတွင် စိတ်ကျရောဂါ လက္ခဏာများ ဝင်လာတတ်ကြောင်း ဆွီဒင် သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ရာတွင် ဖုန်းအကြည့်များမှုကြောင့် အိပ်စက်မှုပုံစံပျက်စီး၍ စိတ်ကျရောဂါ လက္ခဏာများ ဝင်လာမှုပြဿနာကို ဆယ်ကျော်သက် ယောကျ်ားလေးများတွင် မတွေ့ရကြောင်း ဆွီဒင်သုတေသနပညာရှင်များက ပြောကြားသည်။

ဖုန်းအကြည့်များသည့် ဆယ်ကျော်သက် ယောကျ်ားလေးများမှာ အိပ်စက်မှုပုံစံ ထိခိုက်မှုများရှိလာတတ်သော်လည်း စိတ်ကျရောဂါလက္ခဏာ သိသိသာသာ ပေါ်လာမှုမရှိကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## ACS ၏ဘဝနေထိုင်မှုပုံစံများကို လိုက်နာပါက ကင်ဆာရောဂါလူနာများ ရောဂါကြောင့် အသက်ဆုံးပါးနိုင်ခြေ လျှော့ချနိုင်

**နယူးယောက် ဧပြီ ၇**

ကင်ဆာရောဂါ ကုသမှုခံယူထားသူများအနေဖြင့် အမေရိကန် ကင်ဆာ သုတေသနအသင်း (ACS) ၏ ဘဝနေထိုင်မှုပုံစံများကို လိုက်နာကျင့်သုံးပါက ရောဂါကြောင့် အသက်ဆုံးပါးနိုင်ခြေကို လျှော့ချနိုင်ကြောင်း ဧပြီ ၆ ရက် သတင်းများအရ သိရသည်။

အဝလွန်မှုနှင့် ဆက်စပ်နေသော ကင်ဆာရောဂါများခံစားနေရပြီး ဆေးလိပ်သောက်သုံးခြင်းမရှိသူများအနေဖြင့် ကုထုံးရယူပြီးပါက အမေရိကန် ကင်ဆာသုတေသနအသင်း (ACS) ၏ဘဝနေထိုင်မှုပုံစံများကို လိုက်နာပါက ကင်ဆာကြောင့် အသက်ဆုံးပါးနိုင်ခြေကို လျှော့ချနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ထို့ပြင် အထက်ပါကင်ဆာရောဂါလူနာများအနေဖြင့် ACS ၏ ဘဝနေထိုင်မှုပုံစံများကို လိုက်နာခဲ့ပါက နှလုံးနှင့်ဆက်စပ်နေသော ရောဂါများ၊ ကင်ဆာနှင့်ဆက်စပ်နေသော နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများကြောင့် သေဆုံးနိုင်ခြေလည်း လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အဝလွန်မှုနှင့် ဆက်စပ်နေသည့် ကင်ဆာလူနာများအနေဖြင့် ACS ၏ ဘဝနေထိုင်မှုပုံစံများကို လိုက်နာခဲ့ပါက နှလုံးနှင့်ဆက်စပ်သောရောဂါများကြောင့် သေဆုံးနိုင်ခြေ ၃၃ ရာခိုင်နှုန်း နည်းပါးပြီး ကင်ဆာရောဂါကြောင့် သေဆုံးနိုင်ခြေ ၂၀ ရာခိုင်နှုန်း နည်းပါးကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# လီဗာပူးအသင်းက တိုက်စစ်ပိုင်းအတွက် ယူရို သန်း ၂၇၀ ကျော် အသုံးပြုမည်ဟုဆို

**လန်ဒန် ဧပြီ ၇**

လီဗာပူးအသင်းသည် အသင်းတိုက်စစ်ပိုင်းမှ ဆာလာဟ်ကို သက်တမ်းတိုးရန် ညှိနှိုင်းမှုမပြုလုပ်နိုင်သဖြင့် လာမည့်နွေရာသီတွင် ရီးရဲလ်မက်ဒရစ်အသင်း တိုက်စစ်မှူး ရိုဒရီဂိုနှင့် နယူးကာဆယ်အသင်း တိုက်စစ်မှူးအစ်ဆက်တို့ နှစ်ဦးကို ယူရို သန်း ၂၇၀ ကျော်အသုံးပြု၍ ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဆာလာဟ်အနေဖြင့် အသင်းမှထွက်ခွာရန် သေချာခဲ့သဖြင့် လီဗာပူးအသင်း တာဝန်ရှိသူများက ရီးရဲလ်မက်ဒရစ်အသင်း တောင်ပံတိုက်စစ်မှူး ရိုဒရီဂိုကို ပြောင်းရွှေ့ကြေး ယူရိုသန်း ၁၄၀ ဖြင့် လည်းကောင်း၊ နယူးကာဆယ်အသင်း တိုက်စစ်မှူးအစ်ဆက်ကို ပြောင်းရွှေ့ကြေး ယူရို ၁၃၅ သန်းဖြင့်လည်းကောင်း ခေါ်ယူရန် ကမ်းလှမ်းခဲ့သည်။

တိုက်စစ်မှူး ရိုဒရီဂိုကို ရီးရဲလ်မက်ဒရစ်အသင်းက ရောင်းချရန် ဆန္ဒမရှိသော်လည်း ကစားသမားအနေဖြင့် အသင်းတွင် လူစားဝင်ကစားသမားအဖြစ်သာ ကစားနေရသောကြောင့် အသင်းမှထွက်ခွာရန် စီစဉ်နေသဖြင့် လီဗာပူးအသင်းက ခေါ်ယူရန်ပစ်မှတ်ထားနေပြီး တိုက်စစ်မှူးအစ်ဆက်သည်လည်း နယူးကာဆယ်အသင်းက ရောင်းချရန် ဆန္ဒမရှိသော်လည်း ကစားသမားအနေဖြင့် ဥရောပထိပ်သီးကလပ်များတွင်ပါဝင်၍ အောင်မြင်မှုများရယူလိုသောကြောင့် လီဗာပူးအသင်းက ကာလရှည် စိတ်ဝင်စားနေကြောင်း သိရသည်။

အသက် ၂၄ နှစ်ရှိ ရိုဒရီဂိုသည် ယခုနှစ် ပြိုင်ပွဲစုံ ၄၄ ပွဲတွင် သွင်းဂိုး ၁၄ ဂိုးနှင့် ဂိုးဖန်တီးမှု ကိုးကြိမ်ထိ ပြုလုပ်နိုင်ခဲ့သည့်အပြင် တိုက်စစ်မှူး အစ်ဆက်သည်လည်း ယခုနှစ် ပြိုင်ပွဲစုံ ၃၄ ပွဲတွင် သွင်းဂိုး ၂၄ ဂိုးနှင့် ဂိုးဖန်တီးမှု ငါးကြိမ်ထိ ပြုလုပ်ခြေစွမ်းပြသ နိုင်ခဲ့သောကြောင့် အာဆင်နယ်၊ မန်ယူအပါအဝင် ထိပ်သီးကလပ်အသင်းကြီးများက အပြိုင် ကမ်းလှမ်းမှုပြုလုပ်နေကြောင်း သိရသည်။

**Ref : Fotmob**
**Trs : ML**




## အားကစားသတင်းအတိုအထွာများ

- လီဗာပူးအသင်းက လာမည့်ဇွန် ၃၀ ရက်တွင် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ခံစစ်ကစားသမား ဗန်ဒိုက်ကို ဒုတိယအကြိမ် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ကြိုးပမ်းခဲ့ရာ ကစားသမားကိုယ်တိုင်က ထပ်မံငြင်းပယ်ခဲ့ကြောင်း သိရသည်။
- ရီးရဲလ်မက်ဒရစ်အသင်းက ဗလင်စီယာအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် ဂိုးသွင်းယူခဲ့သည့် တိုက်စစ်မှူး ဗင်နီစီးယက်စ်သည် သွင်းဂိုး ၁၀၄ ဂိုးထိ ရှိလာခဲ့သောကြောင့် အသင်းတိုက်စစ်မှူးဟောင်း စီရော်နယ်ဒို၏ သွင်းဂိုးစံချိန်ကို လိုက်မီခဲ့ကြောင်း သိရသည်။
- ဘက်တစ်အသင်းအနေဖြင့် ချန်ပီယံလိဂ်ဝင်ခွင့်ရပါက တိုက်စစ်မှူးအန်တိုနီကို ဆက်လက်ထိန်းသိမ်းသွားမည်ဟု အသင်းဥက္ကဋ္ဌက ထုတ်ဖော်ပြောကြားခဲ့သည်။

ML

# ပရိသတ်များ ဆန္ဒပြမှုကြောင့် ဆီဗီလာနှင့် အေတီကိုအသင်းတို့ပွဲစဉ် ခေတ္တရပ်နားခဲ့ရ




**မက်ဒရစ် ဧပြီ ၇**

ဆီဗီလာအသင်းနှင့် အေတီကိုအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ပရိသတ်များက ကွင်းအတွင်း အရာဝတ္ထုများဖြင့် ပစ်ပေါက်ခဲ့မှုကြောင့် ပြိုင်ပွဲကို ခေတ္တရပ်နားခဲ့ရကြောင်း သိရသည်။

ဆီဗီလာအသင်းပရိသတ်များ အနေဖြင့် အဆိုပါပွဲစဉ်မတိုင်မီကတည်းက အသင်းဥက္ကဋ္ဌ ကာရက်စ်ကို၏ စီမံခန့်ခွဲမှုများကို ကျေနပ်ခြင်းမရှိသဖြင့် ကွင်းပြင်ပတွင် ဆန္ဒထုတ်ဖော်မှုများပြုလုပ်ခဲ့ပြီး ပြိုင်ပွဲကစားချိန်တွင်လည်း ဒုတိယပိုင်းပွဲကစားချိန်အရောက်တွင် ဆန္ဒထုတ်ဖော်ရေးသားထားသည့် အဝါရောင်ကတ်ပြားများ ကိုင်ဆောင်၍ အသင်းဥက္ကဋ္ဌကို နုတ်ထွက်ပေးရန် ဆန့်ကျင်မှုများပြုလုပ်ခဲ့ကာ အဆိုပါကတ်ပြားနှင့် အရာဝတ္ထုများကို ကွင်းအတွင်းသို့ ပစ်ပေါက်မှုများ ပြုလုပ်ခဲ့ခြင်းကြောင့် ကွင်းလယ်ဒိုင်က ပြိုင်ပွဲကို ခေတ္တရပ်နားခဲ့ရခြင်းဖြစ်သည်။

ထို့နောက် ကွင်းလုံခြုံရေးများနှင့် ဝန်ထမ်းများက ကွင်းအတွင်း ရှင်းလင်းမှုများ ပြုလုပ်ခဲ့ပြီး မိနစ်အနည်းငယ်အကြာတွင် ကွင်းလယ်ဒိုင် ဆိုတိုဂရာဒိုက ပြိုင်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ အေတီကိုအသင်းက ပွဲကစားချိန် မိနစ် ၉၀ ကျော်တွင် ရရှိခဲ့သည့် နောက်ကျသွင်းဂိုးဖြင့် ဆီဗီလာအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ဆီဗီလာအသင်းသည် စပိန်လာလီဂါတွင် ဆယ်စုနှစ်တစ်ခုအတွင်း အောင်မြင်မှုအများဆုံးအသင်းဖြစ်ခဲ့ပြီး ယူရိုပါလိဂ်ဆုဖလား ခုနစ်ကြိမ် ရယူနိုင်ခဲ့သော်လည်း ပြီးခဲ့သည့်ဘောလုံးရာသီမှစတင်ကာ တန်းမဆင်းရရေးအတွက် ရုန်းကန်ခဲ့ရသည့်အပြင် ယခုနှစ်တွင်လည်း အမှတ်ပေးပွဲ ၃၀ ပွဲကစားအပြီးတွင် ရမှတ် ၃၆ မှတ်သာ ရရှိခဲ့သောကြောင့် အဆင့် (၁၂)တွင်ရောက်ရှိနေပြီး ဥရောပဝင်ခွင့်ရရှိရန် ရုန်းကန်နေရကြောင်း သိရသည်။

**Ref : Espn**
**Trs : ML**

# Texas Open ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဟားမန်း ဆွတ်ခူးရရှိ

**တက္ကဆက် ဧပြီ ၇**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင်ကျင်းပခဲ့သည့် Texas Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဟားမန်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ကာ ချန်ပီယံဆု ဆွတ်ခူးရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် ရိုင်ယန်ဂျာရတ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး မက်နယ်လေနှင့် အန်ဒရူးနိုဗက်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ငါးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့သည်။

ဟားမန်းက "ပထမနေ့နဲ့ ဒုတိယနေ့မှာ ရလဒ်တွေ တော်တော်လေးကို အဆင်ပြေခဲ့ပါတယ်။ ဒါပေမဲ့ တတိယနေ့နဲ့ နောက်ဆုံးနေ့မှာတော့ ရလဒ်တွေ တော်တော်ကျဆင်းခဲ့ကြတယ်။ တတိယနေ့နဲ့ နောက်ဆုံးနေ့ဟာ ပြိုင်ပွဲဝင်အားလုံးအတွက်တော့ ကစားသမားဘဝရဲ့ အခက်အခဲဆုံးအချိန်တွေကို ကျော်ဖြတ်နေရသလို ခံစားရပါလိမ့်မယ်။ အခက်အခဲတွေကိုကျော်ဖြတ်ပြီး ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့သည်။




ဟားမန်းသည် ၂၀၂၃ ခုနှစ်တွင် Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ချန်ပီယံဆု ဆွတ်ခူးရရှိခဲ့ပြီးနောက်ပိုင်း ပထမဆုံးအကြိမ် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# အာဆင်နယ်အသင်းက ဂိုကာရက်စ်၊ နစ်ကိုးဝီလျံနှင့် ဇူဘီမန်ဒီတို့ကို စတာလင်ပေါင် သန်း ၂၀၀ ထိ အသုံးပြု၍ ခေါ်ယူရန်ပြင်ဆင်

**လန်ဒန် ဧပြီ ၇**

အာဆင်နယ်အသင်းက လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် စပို့တင်းလစ္စဘွန်းအသင်းမှ၊ ဂိုကာရက်စ်၊ ဘီလ်ဘာအိုအသင်းမှ နစ်ကိုးဝီလျံ၊ ဆိုစီဒက်အသင်းမှ ဇူဘီမန်ဒီတို့ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၂၀၀ ထိ အသုံးပြုကာ ခေါ်ယူရန်ပြင်ဆင်နေကြောင်း သိရသည်။




အာဆင်နယ် အသင်းသည် နည်းပြအာတီတာလက်ထက်တွင် ပရီးမီးယားလိဂ် ချန်ပီယံဆုစိန်ခေါ်နိုင်သည့် အသင်းတစ်သင်းဖြစ်လာခဲ့သော်လည်း လက်ရှိအချိန်ထိ ဆွတ်ခူးနိုင်ခြင်းမရှိသေးဘဲ အဆင့် ၂ နေရာတွင်သာ ရပ်တည်နိုင်ခဲ့သကဲ့သို့ ယခုနှစ်ဘောလုံးရာသီ၌လည်း ဒုတိယနေရာဖြင့်သာ အဆုံးသတ်ဖွယ် ရှိသောကြောင့် နွေရာသီကာလတွင် လိုအပ်ချက်များရှိနေသည့် တိုက်စစ်ပိုင်းကို ပိုမိုအင်အားဖြည့်တင်းရန် ပြင်ဆင်သည့်အနေဖြင့် စပို့တင်းလစ္စဘွန်းအသင်း အထောင်တိုက်စစ်ကစားသမား ဂိုကာရက်စ်အား အသင်းနှင့် စာချုပ်သက်တမ်း ကျန်ရှိနေသေးသော်လည်း နွေရာသီအပြောင်းအရွှေ့ကာလတွင် ၎င်းက အသင်းမှ ထွက်ခွာမည်ဖြစ်ရာ စာချုပ်ဖျက်သိမ်းကြေး စတာလင်ပေါင် သန်း ၆၀ ပေးချေပြီး ခေါ်ယူရန်ပြင်ဆင်နေခြင်းဖြစ်သည်။

အလားတူ ဘီလ်ဘာအိုအသင်းနှင့် အကောင်းဆုံး ခြေစွမ်းပြသလျက်ရှိနေသည့် နစ်ကိုးဝီလျံသည်လည်း နွေရာသီအပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာမည်ဖြစ်ပြီး ၎င်းကို ဘာစီလိုနာ အသင်းကလည်း ပစ်မှတ်ထားနေသည့် အတွက် အာဆင်နယ်အသင်းက လက်ဦးမှုရယူလိုသည့်အတွက် စာချုပ်ဖျက်သိမ်းကြေး စတာလင်ပေါင် ၆၆ သန်းပေးချေပြီး ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသကဲ့သို့ ဆိုစီဒက်အသင်းမှ ဇူဘီမန်ဒီကိုလည်း ပြီးခဲ့သည့် ဇန်နဝါရီကစားသမားအပြောင်းအရွှေ့ ကာလကတည်းက စာချုပ်ဖျက်သိမ်းကြေး စတာလင်ပေါင် ၆၅ သန်းဖြင့်ခေါ်ယူရန် ကနဦးသဘာတူညီမှု ရရှိထားသော်လည်း ရီးရဲလ်မက်ဒရစ်အသင်းက ကြားဖြတ်ခေါ်ယူရန် ကြိုးပမ်းနေသည့်အတွက် ရီးရဲလ်မက်ဒရစ် အသင်းနှင့် အပြိုင်ခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**Ref : Fabrizio Romano**
**Trs : STA**

# WBO အင်တာနေရှင်နယ် ဟဲဗီးဝိတ်တန်းချန်ပီယံဆုကို ဟာဂိုဗစ် ဆွတ်ခူးရရှိ



မန်ချက်စတာ ဧပြီ ၇

WBO အင်တာနေရှင်နယ် ဟဲဗီးဝိတ်တန်း ချန်ပီယံနေရာ လစ်လပ်လျက်ရှိရာ ယင်းချန်ပီယံနေရာအတွက် အင်္ဂလန်လက်ဝှေ့ကစားသမားဂျွင်းစီနှင့် ခရိုအေးရှားလက်ဝှေ့ကစားသမား ဟာဂိုဗစ်တို့ ဧပြီ ၆ ရက်က အင်္ဂလန်နိုင်ငံ မန်ချက်စတာမြို့တွင် ထိုးသတ်ခဲ့ရာ ဟာဂိုဗစ်က ဒိုင်အမှတ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဟာဂိုဗစ်သည် ရှုံးပွဲတစ်ပွဲသာ ရှိသေးသည့် လက်ဝှေ့ကစားသမားတစ်ဦးဖြစ်ပြီး ၎င်းရှုံးပွဲမှာလည်း IBF ယာယီဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်အတွက် ဒူဘွိုက်စ်နှင့် ထိုးသတ်ခဲ့ရာ ဒိုင်ပွဲရပ်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ဟာဂိုဗစ်နှင့် ဂျွင်းစီတို့ပွဲစဉ်သည် ဒိုင်အမှတ်ဖြင့်သာ အဆုံးသတ်သွားခဲ့သော်လည်း ရမှတ်မှာ ပြတ်သားခဲ့ပြီး အင်္ဂလန်လက်ဝှေ့အသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်တချို့က ဂျွင်းစီအနေဖြင့် လက်ဝှေ့လောကမှ အနားယူသင့်ပြီဖြစ်ကြောင်းလည်း မှတ်ချက်ပြုခဲ့ကြသည်။

အမှတ်ပေးဒိုင် သုံးဦးရှိသည့်အနက် တစ်ဦးက (၉၈-၉၂) မှတ်ဖြင့်လည်းကောင်း၊ အခြားဒိုင်တစ်ဦးက(၉၆-၉၅)မှတ်ဖြင့်လည်းကောင်း၊ ကျန်ဒိုင်တစ်ဦးက (၉၇-၉၃)မှတ်ဖြင့်လည်းကောင်း ဟာဂိုဗစ်အား အနိုင်ပေးခဲ့ခြင်းဖြစ်သည်။

ဂျွင်းစီအနေဖြင့် ရှုံးနိမ့်ခဲ့ရသော်လည်း အင်္ဂလန်နာမည်ကြီး Promoter ဖြစ်သူ ဖရန့်ဝါရင်က "ဂျွင်းစီဟာ ဗြိတိန်လက်ဝှေ့လောကအတွက် အရေးပါတဲ့ လက်ဝှေ့သမားတစ်ဦး ဖြစ်ပါတယ်။ ဂျွင်းစီနဲ့ ဟာဂိုဗစ်တို့ရဲ့ စိန်ခေါ်ပွဲဟာ ဖျော်ဖြေမှုအပြည့်အဝပေးနိုင်တဲ့ ပွဲစဉ်ဖြစ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# Charleston Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ပီဂူလာ ဆွတ်ခူး



ချားလ်စ်တမ် ဧပြီ ၇

အမေရိကန်နိုင်ငံ တောင်ကာရိုလိုင်းနားပြည်နယ် ချားလ်စ်တမ်မြို့တွင် ကျင်းပခဲ့သော Charleston Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် အမေရိကန်တင်းနစ်မယ်များဖြစ်ကြသည့် ပီဂူလာနှင့် ဆိုဖီယာကီနင်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပီဂူလာက (၆-၃၊ ၇-၅) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆု ဆွတ်ခူးရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

နိုင်ခြေအဆင့်(၁) အဖြစ် သတ်မှတ်ခံခဲ့ရသူ ပီဂူလာသည် ဗိုလ်စွဲရန် ရေပန်းစားနေသည့်အတိုင်း ချန်ပီယံလက်စွမ်းမျိုးပြသကာ ဆိုဖီယာကီနင်အား အနိုင်ယူ၍ ချန်ပီယံဆုကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

ပီဂူလာက "မိုင်ယာမီမှာ ခက်ခဲတဲ့ ရက်သတ္တနှစ်ပတ်ကို ကျော်ဖြတ်ပြီး ချားလ်စ်တမ်ကို ရောက်ရှိလာခဲ့တယ်။ ချားလ်စ်တမ်မှာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ မိုင်ယာမီမှာ ခက်ခဲတဲ့အချိန်ကာလကို ဖြတ်ကျော်ခဲ့ပြီးတဲ့နောက် ချားလ်စ်တမ်မှာ ချန်ပီယံဆုကို ကိုင်မြှောက်ခွင့်ရတာဟာ ကျွန်မအတွက်တော့ မယုံကြည်နိုင်လောက်အောင် ဖြစ်ရပါတယ်။ ဗိုလ်လုပွဲမှာ ဆိုဖီယာနဲ့ ကစားရတာ အရမ်းလည်းခက်ခဲပါတယ်။ ပထမပွဲငယ်မှာ အဆင်ပြေခဲ့တယ်ဆိုပေမဲ့လည်း ဒုတိယပွဲငယ်မှာတော့ ဆိုဖီယာကစားသွားတာ အရမ်းကောင်းတယ်။ ဒါကြောင့်လည်း ဗိုလ်လုပွဲမှာ ကျွန်မပိုပြီးတော့ ပင်ပန်းခဲ့တာပါ။ နှစ်ယောက်စလုံးဟာ တစ်ယောက်အကြောင်းတစ်ယောက် သိနေတဲ့အတွက် ကစားရတာ ပိုခက်ခဲသွားတာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

# ပရီးမီးယားလိဂ်ပြိုင်ပွဲ မပြီးဆုံးမီ အစောဆုံးတန်းဆင်းခဲ့သည့် အသင်းအဖြစ် ဆောက်သမ်တန်မှတ်တမ်းဝင်



လန်ဒန် ဧပြီ ၇

ပရီးမီးယားလိဂ်ပွဲစဉ် (၃၁) အဖြစ်ကစားခဲ့သည့် စပါးအသင်းနှင့် ဆောက်သမ်တန်အသင်းတို့ ပွဲစဉ်တွင် စပါးအသင်းက သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ဆောက်သမ်တန်အသင်းအနေဖြင့် ပြိုင်ပွဲပြီးဆုံးရန် ခုနစ်ပွဲအလိုတွင် အစောဆုံး တန်းဆင်းခဲ့ရသည့် အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ် သမိုင်းတွင် ၂၀၀၇-၂၀၀၈ ဘောလုံးရာသီက ဒါဘီအသင်းအနေဖြင့် ပြိုင်ပွဲပြီးဆုံးရန် ခြောက်ပွဲအလိုတွင် အစောဆုံး တန်းဆင်းခဲ့ရသည့် အသင်းအဖြစ် ရပ်တည်နေသော်လည်း ယခုအခါ ဆောက်သမ်တန်အသင်းက ပွဲစဉ် ၃၁ အပြီးတွင် စပါးအသင်းကို ရှုံးနိမ့်ခဲ့သဖြင့် ရမှတ် ၁၀ မှတ်သာ ရရှိခဲ့ပြီး လက်ကျန်ပွဲစဉ် ခုနစ်ပွဲ ကျန်ရှိနေသော်လည်း တန်းဆင်းခဲ့ရခြင်းဖြစ်သည်။

ဆောက်သမ်တန် အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလကတည်းက ပွဲစဉ် ၂၀ ကစားပြီးချိန်တွင် နိုင်ပွဲတစ်ပွဲသာရခဲ့ပြီး အမှတ်ပေးဇယားအောက်ဆုံးတွင် ရောက်ရှိခဲ့သောကြောင့် မှတ်တမ်းဆိုးဖြင့် တန်းဆင်းရမည်ကို မလိုအပ်သဖြင့် အစွမ်းကုန် ကြိုးပမ်းခဲ့သော်လည်း ပွဲစဉ် ၃၁ ကစားပြီးချိန်ထိ ရမှတ် ၁၀ မှတ်သာ စုဆောင်းနိုင်ခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ် သမိုင်းတွင် ၂၀၀၇-၂၀၀၈ ဘောလုံးရာသီက ဒါဘီအသင်း တန်းဆင်းခဲ့ချိန်တွင် ရမှတ် ၁၁ မှတ်သာ ရရှိခဲ့သဖြင့် သမိုင်းတစ်လျှောက် ရမှတ်အနည်းဆုံးဖြင့် တန်းဆင်းခဲ့ရသည့် အသင်းအဖြစ် ရပ်တည်နေသဖြင့် အဆိုပါမှတ်တမ်းဆိုးကို ကျော်ဖြတ်နိုင်ရန် ဆောက်သမ်တန်အသင်းအနေဖြင့် လာမည့် လက်ကျန်ပွဲစဉ်များတွင် အနည်းဆုံး ရမှတ်နှစ်မှတ် စုဆောင်းနိုင်မှသာ ရမှတ်အနည်းဆုံးဖြင့် တန်းဆင်းရသည့် မှတ်တမ်းဆိုးကို ကျော်ဖြတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Espn
Trs : ML

# ဖီအိုရင်တီးနားအသင်းက ဂိုးသမား ဒီဂီယာကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ကြိုးပမ်း

ရောမ ဧပြီ ၇

ဖီအိုရင်တီးနား အသင်းက အသင်းနှင့် အကောင်းဆုံးလက်စွမ်းပြသလျက်ရှိနေသည့် ဂိုးသမား ဒီဂီယာကို သက်တမ်းတိုး စာချုပ်ချုပ်ဆိုရန်အတွက် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

အသက် ၃၄ နှစ်ရှိ ဂိုးသမား ဒီဂီယာသည် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်က မန်ယူအသင်းနှင့်လမ်းခွဲခဲ့ပြီးနောက် တစ်နှစ်ကျော်ကြာ ကလပ်အသင်းလက်မဲ့ဖြစ်နေရာမှ ပြီးခဲ့သည့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ဖီအိုရင်တီးနားအသင်းသို့ တစ်ရာသီစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ဒီဂီယာသည် ယခုနှစ်ဘောလုံးရာသီတွင် ဖီအိုရင်တီးနားအသင်းနှင့်အတူ အကောင်းဆုံးလက်စွမ်းပြသလျက်ရှိနေပြီး ပြိုင်ပွဲစုံ ၃၃ ပွဲတွင် တစ်ကြိမ် ဂိုးဖန်တီးမှုပြုလုပ်နိုင်ခဲ့သည့်အပြင် စီးရီးအေပြိုင်ပွဲတွင်လည်း ၂၈ ပွဲကစားခဲ့ရာ ၁၀ ပွဲထိ ဂိုးမပေးခဲ့ရသည့်အပြင် ပင်နယ်တီ သုံးကြိမ် ကာကွယ်မှုပြုလုပ်နိုင်သည်ထိ လက်စွမ်းပြသလျက်ရှိသူဖြစ်သည်။

မန်ယူအသင်းက ဂိုးသမား အိုနာနာကို ဆော်ဒီကလပ်အသင်းများထံရောင်းချပြီး ဒီဂီယာကို ပြန်လည်ခေါ်ယူရန် ပြင်ဆင်နေသည်ဟု သတင်းများထွက်ပေါ်ခဲ့ပြီးနောက် ဖီအိုရင်တီးနားအသင်းက ဒီဂီယာကို လက်မလွှတ်လိုသည့်အတွက် နောက်ထပ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ဖီအိုရင်တီးနားအသင်းက ဒီဂီယာနှင့် စာချုပ်သက်တမ်းကုန်ဆုံးရန် လပိုင်းအလိုရောက်ရှိလာခဲ့သည့်အတွက် အနည်းဆုံး တစ်နှစ်ထပ်မံစာချုပ်သစ်ချုပ်ဆိုရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း သိရသည်။ Ref : Fabrizio Romano

Trs : STA

# မန်းစီးတီးအသင်းက လေဗာကူဆင်အသင်းမှ ဖလိုရီယန်ဝစ်ဇ်ကို ခေါ်ယူနိုင်ရန် နီးစပ်နေ



မန်ချက်စတာ ဧပြီ ၇

မန်စီးတီးအသင်းက ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းမှထွက်ခွာမည့် ဒီဘရိုင်း၏နေရာတွင် အစားထိုးရန်အတွက် လေဗာကူဆင်အသင်းမှ လူငယ်ကစားသမား ဖလိုရီယန်ဝစ်ဇ်ကို ခေါ်ယူနိုင်ရန်အတွက် နီးစပ်လျက်ရှိကြောင်း သိရသည်။

အသက် ၂၁ နှစ်ရှိ ဖလိုရီယန်ဝစ်ဇ်သည် လေဗာကူဆင်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသလျက်ရှိပြီး ပြီးခဲ့သည့် ဘောလုံးရာသီကလည်း လေဗာကူဆင်အသင်း ရှုံးပွဲမရှိဘဲ ဂျာမန်ဘွန်ဒက်လီဂါ ဖလား ဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိက ကစားသမားအဖြစ် ပါဝင်ခဲ့ပြီးနောက် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ဥရောပထိပ်သီးအသင်းကြီးများက ကမ်းလှမ်းခဲ့သော်လည်း ဖလိုရီယန်ဝစ်ဇ်ကိုယ်တိုင်က လေဗာကူဆင်အသင်းတွင် တစ်ရာသီ ဆက်လက်ကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ဖလိုရီယန်ဝစ်ဇ်ကိုယ်တိုင်က ရာသီအကုန်တွင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားပြီး ၎င်းကို မန်စီးတီးအသင်းအပြင် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဘိုင်ယန်မြူးနစ် အသင်းတို့ကလည်း ခေါ်ယူရန်ကြိုးပမ်းနေသော်လည်း မန်စီးတီးအသင်းက အခြားအသင်းများထက် ခေါ်ယူနိုင်ရန်လက်ဦးမှုရရှိနေပြီး လေဗာကူဆင်အသင်းက အနည်းဆုံး ယူရို သန်း ၁၀၀ အလိုရှိနေကြောင်း သိရသည်။ Ref : Give me Sport

Trs : STA

# ပြောင်းလဲတိုးတက်မှုကိုဖော်ဆောင်ဖို့ စာဖတ်ကြပါစို့ (အပိုင်း-၄)

"စာမတတ်သူသည် ထိုင်နေသည့်လူနှင့်တူကြောင်း၊ စာတတ်ပြီး စာမဖတ်သည့်သူသည် ရပ်နေသည့်လူနှင့်တူကြောင်းနှင့် စာတတ်ပြီး စာလည်းဖတ်သည့်သူသည် လမ်းလျှောက်နေသည့် လူနှင့်တူကြောင်း"ဆိုသောစကားသည် ဘဝတိုးတက်အောင်မြင်ရေးအတွက် စာကောင်းပေမွန်များဖတ်ရှုသွားရန်လိုအပ်ကြောင်းကို တိုက်တွန်းထားခြင်းဖြစ်သည်။ စာပေအသိပညာမရှိခြင်းနှင့် အားနည်းခြင်းတို့ကြောင့် နေ့စဉ်လူနေမှုဘဝ၌ အခက်အခဲများနှင့် ကြုံတွေ့နေရသူများစွာရှိနေသည်။ ထို့ကြောင့် လူငယ်များအပါအဝင်ပြည်သူအားလုံးအနေဖြင့် သုတရသစာပေများကိုစဉ်ဆက်မပြတ်ဖတ်ရှုသွားရန် လိုအပ်သည်။ ဤနေရာတွင် စာကြည့်တိုက်များသည် တစ်နိုင်ငံလုံးလွှမ်းခြုံ စာဖတ်နိုင်ရေးအတွက်များစွာအရေးပါလျက်ရှိသည်။

**စာကြည့်တိုက်ယဉ်ကျေးမှုထွန်းကားရေး**

"စာကြည့်တိုက်ဆိုသည်မှာ ကြည့်ရှုလေ့လာရန်၊ ငှားရမ်းရန်စာအုပ်များကို သိမ်းဆည်းထားရာ အဆောက်အအုံ"ဟု မြန်မာအဘိဓာန်၌ ဖော်ပြထားသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ကျေးလက်နေပြည်သူများအပါအဝင် နိုင်ငံသူနိုင်ငံသားအားလုံး၏ လူမှုစီးပွားဘဝတိုးတက်ရေးအတွက် အသိပညာဗဟုသုတမြှင့်တင်ပေးနိုင်ရန် နိုင်ငံတစ်ဝန်း၌စာကြည့်တိုက်များဖွင့်လှစ်ပေးထားသည်။ အထူးသဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ခရိုင်နှင့် မြို့နယ်အဆင့်များတွင် ပြည်သူ့စာကြည့်တိုက် ၄၁၀ ကို ဖွင့်လှစ်ပေးထားသည်။ ထို့ပြင် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းပံ့ပိုးမှုနှင့် ဖွင့်လှစ်ထားသည့် စာကြည့်တိုက်များ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် ရပ်ရွာပြည်သူလူထုအစီအစဉ်ဖြင့် ဖွင့်လှစ်ထားသည့် စာကြည့်တိုက်ပေါင်း ၃၅၀၀ ကျော်ရှိသည်ဟု သိရှိရပါသည်။ စာကြည့်တိုက်များသည် ပြည်သူများအသိပညာမြင့်မားရေးအတွက် များစွာအရေးပါလျက်ရှိသဖြင့် စာကြည့်တိုက်ယဉ်ကျေးမှုထွန်းကားရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်ပေသည်။

**လူငယ်များနှင့်စာဖတ်ခြင်း**

စင်စစ်အားဖြင့် ငယ်စဉ်ကတည်းက စာဖတ်ဝါသနာပါသော ကလေးများသည် အရွယ်ရောက်လာသည့်အချိန်တွင် တိုင်းပြည်ကအားထားရသည့် လူငယ်များဖြစ်လာကြသည်။ ဆိုရလျှင် စာဖတ်သူသည် အကောင်း၊ အဆိုး၊ အကြောင်း၊ အကျိုးကို ဝေဖန်ခွဲခြား ဆန်းစစ်ဆုံးဖြတ်နိုင်စွမ်းရှိကြသည်။ စာဖတ်သော ကလေးများသည် နှလုံးသားနူးညံ့ကြသည်။ သူတစ်ပါးအပေါ် ကိုယ်ချင်းစာနာစိတ်ရှိကြသည်။ အတ္တနည်းပါးကြသည်။ အပြုသဘောဆောင်စွာတွေးခေါ်တတ်ကြသည်။ လူကြီးမိဘများပေါ် သိတတ်ကြသည်။ လူ့အသိုက်အဝန်းကိုအကျိုးပြုလိုစိတ်ရှိကြသည်။ ထိုကလေးများသည်တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုကြပါသည်။

ငယ်စဉ်ကတည်းက စာပေနှင့်ရင်းနှီးကျွမ်းဝင်သောကလေးသည် ကိုယ်ပိုင်အနာဂတ်ကို ပုံဖော်ထုဆစ်တည်ဆောက်နိုင်စွမ်းရှိကြသည်။ မိမိတိုးတက်မှုကိုရှာဖွေနိုင်ကြသည်။ မိဘများသည် စာဖတ်ဝါသနာထုံသောကလေးများ၏ အရေးအရာများတွင် အမြဲတစေပါဝင်နေရန်မလိုပေ။ ဆိုရလျှင် စာဖတ်နေသော ကလေးတစ်ဦးသည်အမှား၊ အမှန်ကိုဝေဖန်ပိုင်းခြားနိုင်သည့် ပညာဆိုသောအရာကို ပိုင်ဆိုင်ထားနိုင်ပေသည်။ ကျရှုံးမှုများ၊ အခက်အခဲများကို ကျော်လွှားနိုင်သည့်နည်းလမ်းများကို စာအုပ်စာပေများမှ တူးဆွရှာဖွေထားပြီးဖြစ်သည်။ ထို့ပြင် အရေးကြီးသောဆုံးဖြတ်ချက်များကိုလည်း တွေဝေမှုမရှိဘဲ ချင့်ချိန်ဆုံးဖြတ်နိုင်စွမ်းရှိကြသည်။ စာဖတ်သောကလေးငယ်များသည် ဘဝခရီးလမ်းတွင်

**❖ ဆိုရလျှင် စာအုပ်စာပေများသည်လူသားတို့၏ မိတ်ကောင်းဆွေကောင်းများပင်ဖြစ်ကြသည်။ ထိုစာပေများကို အကျိုးရှိစွာရွေးချယ်ဖတ်ရှုနိုင်ရန်သည် လူငယ်များ၏တာဝန်ပင်ဖြစ်သည်။ လူငယ်များသည် စာကောင်းပေမွန်များကို စဉ်ဆက်မပြတ်ဖတ်ရှုခြင်းဖြင့် ဗဟုသုတများနှင့် စဉ်းစားတွေးခေါ်နိုင်စွမ်းများ တဖြည်းဖြည်းပြည့်ဝလာမည်ဖြစ်သည်။ ထိုဗဟုသုတများမှသည် အကောင်းနှင့်အဆိုး၊ အမှားနှင့်အမှန်ကိုဝေဖန်ပိုင်းခြားနိုင်သည့် ဉာဏ်ပညာအဆင့်ထိ တိုးတက်လာမည်ဖြစ်သည်။❖**

တိုးတက်ပြီးရင်း တိုးတက်လျက်ရှိကြသည်။

သို့သော်မိဘများသည် လွန်ကဲသောစေတနာများဖြင့် ကလေးငယ်များအား စွယ်စုံကျမ်းများ၊ ရာဇဝင်များနှင့် အတ္ထုပ္ပတ္တိစာအုပ်များကဲ့သို့သော ခက်ခဲသည့်စာပေများကို စ၍မဖတ်ခိုင်းသင့်ပေ။ ရွှေသွေး၊ မိုးသောက်ပန်းနှင့် တေဇရုပ်စုံ စာအုပ်များ၊ ဗုဒ္ဓဖြစ်တော်စဉ်များ၊ ပုံပြင်စာအုပ်များဖြင့် စတင်လေ့ကျင့်ပေးသင့်ပါသည်။ ကလေးငယ်များစာဖတ်သည့်အလေ့အထစွဲမြဲလာစေရန်သည် ကလေးများနှင့် လက်တစ်ကမ်းအကွာတွင် ကလေးစာပေများထားရှိပေးထားရန်ပင်ဖြစ်သည်။ အထူးသဖြင့် အားလပ်သည့်ရုံးပိတ်ရက်များတွင် မိသားစုလိုက် စာကြည့်တိုက်သို့သွား၍ စာဖတ်၊ စာအုပ်ငှားသည့် အလေ့အထကို မွေးမြူထားသင့်ပါသည်။ စာကြည့်တိုက်တွင် ကလေး၊ လူငယ်၊ လူလတ်၊ လူကြီးတို့အတွက်စာအုပ်မျိုးစုံရှိပါသည်။ မိဘများသည် ကလေးငယ်များအား စာကောင်းပေမွန်များကို ရွေးချယ်ဖတ်ရှုတတ်စေရန် လမ်းညွှန်ပြသပေးသင့်ပါသည်။ မိဘများကိုယ်တိုင်သည်ပင်လျှင် အကျိုးရှိသောစာပေများကို ရွေးချယ်ဖတ်ရှုနိုင်သူဖြစ်အောင် ကြိုးပမ်းလေ့လာဖတ်ရှုထားသင့်ပါသည်။

အမှန်တော့ မျိုးဆက်သစ်လူငယ်များအနေဖြင့် ညစဉ်အိပ်ရာမဝင်မီ ကုန်ဆုံးသွားသော တစ်နေ့တာအချိန်အတွင်း မည်သည့်ဗဟုသုတများကို လေ့လာဖတ်ရှုခဲ့သလဲဟု ပြန်လည်စဉ်းစားသုံးသပ်သင့်ပါသည်။ မဖတ်ရသေးဘူးဆိုလျှင် ၁၅ မိနစ်ခန့်ဖတ်ရှုလေ့လာပြီးမှသာ အိပ်စက်အနားယူသင့်ပါသည်။ ထို့ကြောင့်စာအုပ်ကောင်းများကို လက်တစ်ကမ်းအလို အိပ်ရာဘေးနှင့် ဧည့်ခန်းတို့တွင် အရန်သင့်ထားရှိသင့်ပါသည်။ ဧည့်ခန်းထဲတွင် ရုပ်မြင်သံကြားစက်နှင့် စာအုပ်စင်ကိုယှဉ်ထားပြီး လူငယ်များအပါအဝင်မိသားစုဝင်များ၏ ဖုန်းအသုံးပြုချိန်၊ ရုပ်မြင်သံကြားကြည့်ချိန်နှင့်စာဖတ်ချိန်ကို ယှဉ်ထိုးကြည့်သင့်ပါသည်။ စာဖတ်ချိန်များသောမိသားစုသည် တစ်နေ့တခြားတိုးတက်မည်မှာ အမှန်ပင်ဖြစ်၏။

သို့သော် စာအုပ်စင်၌ ဖုန်များတက်နေပြီး အချိန်ပြည့်ဖုန်းအသုံးပြုရင်း ရုပ်သံဇာတ်လမ်းတွဲများကိုသာနေ့စဉ်ရက်ဆက်ကြည့်နေမည်ဆိုလျှင် ထိုမိသားစု၏ အနာဂတ်သည်မတွေးဝံ့စရာပင်။

ဆိုရလျှင် စာအုပ်စာပေများသည်လူသားတို့၏ မိတ်ကောင်းဆွေကောင်းများပင်ဖြစ်ကြသည်။ ထိုစာပေများကို အကျိုးရှိစွာရွေးချယ်ဖတ်ရှုနိုင်ရန်သည် လူငယ်များ၏တာဝန်ပင်ဖြစ်သည်။ လူငယ်များသည် စာကောင်းပေမွန်များကို စဉ်ဆက်မပြတ်ဖတ်ရှုခြင်းဖြင့် ဗဟုသုတများနှင့် စဉ်းစားတွေးခေါ်နိုင်စွမ်းများတဖြည်းဖြည်းပြည့်ဝလာမည်ဖြစ်သည်။ ထိုဗဟုသုတများမှသည်အကောင်းနှင့် အဆိုး၊အမှားနှင့် အမှန်ကိုဝေဖန်ပိုင်းခြားနိုင်သည့် ဉာဏ်ပညာအဆင့်ထိတိုးတက်လာမည်ဖြစ်သည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များသည် စာကောင်းပေမွန်များကို ဖတ်ရှုထားလျှင် အမှားကျူးလွန်နိုင်မှု အခွင့်အလမ်းနည်းလာမည်ဖြစ်သည်။ စာပေလေ့လာထားသည့် လူငယ်များပေါများသည့်နိုင်ငံသည် တိုးတက်ရန် အခွင့်အလမ်းကောင်းများရှိနေမည်မှာ အသေအချာပင်ဖြစ်သည်။ လူငယ်တစ်ဦးသည် အနည်းဆုံးတစ်ပတ်လျှင် စာတစ်အုပ်လောက်ကိုပြီးစီးအောင် ဖတ်ရှုသွားသင့်ပါသည်။ ထိုသို့ဖတ်သွားမည်ဆိုလျှင် တစ်နှစ်လျှင် စာအုပ် ၅၀ ခန့်ဖတ်ပြီးနေမည်ဖြစ်သည်။ ထိုနှုန်းအတိုင်း စာကောင်းပေမွန်များကို အကျိုးရှိစွာဖတ်ရှုသွားမည်ဆိုလျှင် ဘဝတစ်လျှောက်လုံးအတွက် များစွာအကျိုးဖြစ်ထွန်းမည်မှာ ဧကန်မလွဲပင်ဖြစ်သည်။

**ပြောင်းလဲတိုးတက်မှုကိုဖော်ဆောင်ဖို့ စာဖတ်ကြပါစို့**

စင်စစ်အားဖြင့် တိုးတက်သောနိုင်ငံများမှနိုင်ငံသားများသည် စာဖတ်အားကောင်းကြသည်။ ခရီးသွားနေသည့် အချိန်မျိုးမှာပင်လျှင်လက်ထဲ၌စာအုပ်တစ်အုပ်ကိုင်ထားလေ့ရှိကြသည်။ လေဆိပ်နှင့် ဘူတာရုံများတွင် ခရီးတစ်ထောက်နားသည့်အချိန်မျိုး၌ပင်လျှင် စာအုပ်ဖတ်နေတတ်ကြသည်။ လေယာဉ်၊ ရထား၊ ကား၊ သင်္ဘောများပေါ်ရောက်သည်နှင့်စာအုပ်ဖွင့်ဖတ်ကြသည်။ ဆိုရလျှင် စာဖတ်အားကောင်းသော အင်္ဂလိပ်တို့သည် ၁၉ ရာစုတွင် ကမ္ဘာကြီးကိုလွှမ်းမိုးနိုင်ခဲ့သည်။ ထို့ပြင် အမေရိကန်တို့သည်လည်း ၂၀ ရာစုတွင် ကမ္ဘာကြီးကို စိုးမိုးနိုင်ခဲ့သည်။ ထိုနည်းတူစွာ စာဖတ်အားကောင်းကြသည့် တရုတ်တို့ကလည်း ၂၁ ရာစုတွင် ကမ္ဘာ့ဦးဆောင်နိုင်ငံနေရာရပ်တည်နိုင်ဖို့ ကြိုးစားနေပြီဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံမှကလေးငယ်များကိုလည်း အနာဂတ်၏ခေါင်းဆောင်များဖြစ်လာအောင် ငယ်စဉ်ကတည်းက စာပေနှင့်ရင်းနှီးကျွမ်းဝင်မှုရှိနေအောင် လေ့ကျင့်ပျိုးထောင်ပေးထားသင့်ပါသည်။

ဆိုရလျှင် နေ့စဉ်စာဖတ်ခြင်းသည် ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်သည်။ လူမှုဘဝမြင့်မားရေးအတွက် စာကောင်း ပေမွန်များကိုရွေးချယ်ဖတ်ရှုရန်လိုအပ်ပါသည်။ အကျိုးပြုစာပေများကို အချိန်ယူပြီး တဖြည်းဖြည်းချင်းဖတ်ရှုခြင်းသည် အကောင်းဆုံးနည်းလမ်းပင်ဖြစ်သည်။ လူငယ်တစ်ဦးသည် စာပေကို ထိုသို့အချိန်ယူဖတ်ရှု၊ စဉ်းစားသုံးသပ်၊ မှတ်စုတိုများ ထုတ်နုတ်မှတ်သွားမည်ဆိုလျှင် တစ်နေ့တခြားတိုးတက်လာမည်မှာအမှန်ပင်ဖြစ်သည်။

အမှန်တော့ လူတစ်ဦးချင်းစီ၏စာဖတ်နှုန်းတိုးတက်လာမှုသည် ဒုစရိုက်လုပ်ငန်းများလျော့ကျလာစေမည်အပြင် တိုင်းပြည်တိုးတက်ရေးအတွက်လည်း များစွာအထောက်အကူပြုစေပါသည်။ အနာဂတ်မြန်မာနိုင်ငံတော်ကြီးကို ပညာတတ်မျိုးဆက်သစ်လူငယ်များဖြင့် စုစည်းတည်ဆောက်သွားမည်ဆိုလျှင် တိုးတက်မှုရှိနေမည်မှာ ငြင်းဆို၍မရသော ပကတိအရှိတရားပင်ဖြစ်သည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်အားလုံးအနေဖြင့် တန်ဖိုးရှိသော စာကောင်းပေမွန်များကို အကျိုးရှိစွာဖတ်မှတ်လေ့လာပြီး ပြောင်းလဲတိုးတက်မှုကို လက်တွေ့ဖော်ဆောင်သွားကြပါစို့ဟု ထက်သန်သောစေတနာဖြင့် အကြံပြုတိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ပြောကြားခဲ့သည့်မိန့်ခွန်းများ(၂၀၂၄ ခုနှစ်၊ ဧပြီလ)။

**မောင်သောင်းဝင်း(တမန်ဟောင်း)**

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing surveys earthquake damages caused to indoor stadiums of Wunna Theikdi Sports Complex in Nay Pyi Taw



Senior General Min Aung Hlaing surveys damage sustained by the tracks and stands of the football stadium.

**Nay Pyi Taw April 7**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by Joint SAC Secretary General Ye Win Oo and members of the entourage, inspected the damage caused to the indoor stadiums of Nay Pyi Taw Wunna Theikdi Sports Complex by the recent earthquake in Mandalay this evening. The sports complex was opened in 2013.

The Senior General and party arrived at the Wunna Theikdi sports stadium that was completed on 31 January 2013. They inspected the destruction of the football ground, tracks, stands, and entrances of the stadium. Union Minister for Sports and Youth Affairs Jeng Phang Naw Taung and officials presented reports on the damage.

In response, the Senior General said repair of sports fields and stadiums in the sports complex needs systematic checks by experts of professional teams. Strength must be prioritized as many athletes and large crowds of spectators will come at the time of sports festivals and events. Special care is required in repairing the 400-metre tracks and stands.



Senior General Min Aung Hlaing points out the importance of structural strengthening during inspection of Wunna Theikdi Swimming Pool.



Senior General Min Aung Hlaing stresses the need to systematically examine the Sports Stadium A with technicians.

The Senior General and party inspected earthquake damages at Wunna Theikdi Sports Stadiums A and B, which were completed on 31 May 2013, and Wunna Theikdi Swimming Pool, completed on 30 May 2013, and listened to the reports presented by officials.

As regards the reports, the Senior General said sports facilities of the sports complex suffered only minor damages. However, their strength must be systematically examined with technicians as they are the venues of indoor games. Renovation and maintenance works require prioritization of building strength and safety.

100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Chairman of National Disaster Management Committee Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win inspects earth-quake-hit areas in Bago Region, gives necessary instructions






Vice-Senior General Soe Win visits Taungoo Technological University to inspect damage caused by the earthquake.

**Nay Pyi Taw April 7**

Chairman of the National Dis-aster Management Committee Vice Chairman of the State Administration Council Vice-Senior General Soe Win, acco-mpanied by union ministers, senior military officers from the Office of the Commander-in-Chief of Defence Services, deputy ministers and responsible officials, went to Bago Region this morning and inspe-cted damage caused by the earthquake, repair tasks and provision of healthcare services to the injured before giving necessary instructions.

First, the Vice-Senior General and party arrived in Taungoo and were greeted by Bago Region Chief Minister U Myo Swe Win, the commander of the Southern Command and officials.

Then, the Vice-Senior General and party proceeded to the his-toric NandawOoL-awkaMarainzain Pagoda and inspected the damage to the pagoda including the diamond orb and the pennant-shaped vane. After hearing re-ports of officials, the Vice-Senior General gave instructions on carrying out repair tasks phase by phase in its original ancient style systematically as it was an ancient historic pagoda.

The pagoda was built by King Padon Bodaw U Waing in 1161 M.E. When NandawOo Yan Aung Naing title was conferred on the pagoda in 1280 M.E, Sayadaw U Obasa and U Arsara built the current pagoda with the 54-cubit plinth, 72-cubit height and 18-cubit high golden umbrella on the NandawOo pagoda. The construction of the pagoda was completed in 1290 M.E and a new golden umbrella was installed on it before the NandawOo Lawka Marainzain title was conferred on it.

Then, the Vice-Senior General and party arrived at Taungoo Central Prison being built in Taungoo Township and heard reports on construction of the prison phase by phase submitted by responsible officials from the Prisons Department at the temporary briefing hall of the prison. Then, the Vice-Senior General inspected the construction site of the prison and gave necessary instructions on designs and construction of the prison that can withstand earthquakes, conducting QC inspection weekly or biweekly, using construction materials that meet the standards and technical cooperation with the Ministry of Construction.

Afterward, the Vice-Senior General and party proceeded to Taungoo Technological University and heard reports on facts about the structural formation of the university, damage to the university caused by the earthquake and designation of dangerous buildings/places submitted by the pro-



Vice-Senior General Soe Win inspects damage caused to a classroom building at Taungoo University.

rector. Then, the Vice-Senior General inspected the lobby, the three-storey main building, the four-storey extension building, three-storey Lecture hall, the one-storey practical building, computer rooms and the lecture halls for respective majors caused by the earthquake and gave instructions on inspection of the strength of buildings by building inspection teams of the Bago Region Government and inspection again by experts from the Ministry of Construction and Ministry of Science and Technology using equipment and instruments and repair and construction of buildings and parts before the rainy season starts and others.

The university is an advanced technological university that received ISO 9001: 2015. Although it conducted courses for four disciplines including Civil, EC, EP and Mech until the 2018-2019 academic year, it has added courses on IT and MC since the 2019-2020 academic year.

Later, the Vice-Senior General and accompanying members arrived at Taungoo General Hospital, where they were welcomed by the hospital superintendent and officials. They visited civilians who were injured in the recent earthquake and are currently receiving medical treatment. During the visit, the Vice-Senior General and members personally inquired about the patients' injuries, medical care, and recovery progress, offering words of encouragement and support. They then provided food supplies and financial aid, along with financial bonuses for hospital staff. Additionally, they coordinated with relevant officials to ensure that the necessary needs are met.

The hospital initially received 67 inpatients who were injured in the earthquake. Of those, 59 have recovered and been discharged, while 8 remain under medical care.

Afterwards, the Vice-Senior General and members visited the historic Shwe San Taw Pagoda, where they offered flowers,



Vice-Senior General Soe Win comforts an injured quake victim.

See Page 14



Vice-Senior General Soe Win makes cash donation for the Shwe San Daw pagoda.

*From Page 13*

water, and oil lamps, and made donations for the pagoda. The Vice-Senior General then inspected the sections of the pagoda that had detached from the sacred umbrella due to the earthquake, as well as the slight tilt of the sacred umbrella and minor structural damage sustained by the pagoda. He instructed officials to carry out the necessary repair work without delay and provided further guidance to ensure the safety of pilgrims and restore the pagoda according to its original designs. The Vice-Senior General and members then paid homage to the eminent monks, led by Yadanagonemyint monastery Shwe Linyoon Sayadaw Agga Maha Saddhamma Jotikadhaja Sayadaw Baddanta Aravinda Bhivamsa, at the Gandhawin Koekhanordination hall. They offered various offerings and made a donation.

Then, the Vice-Senior General clarified the plan to renovate pagodas damaged by the earthquake with stronger structures and technical assistance in their original architecture as well-wishers have already promised to donate cash for renovation. State Ovadacariya Maha Gan-thavasaka Pandita Agga Maha Ganthavsaska Pandita Bhaddanta Suriya Kyarnikan Buddhist Learning Centre said the SAC had overcome pandemics and natural disasters through generosity, mindfulness, wisdom, diligence and knowledge in the past and he believed that the SAC will be able do the same confidently. Then, the Vice-Senior General explained the plan for rehabilitation works and other religious affairs to the Sayadaw.

Next, the Vice-Senior General and members inspected the three-story Ramanaya classroom building at Taungoo University, including the library, where the floors and brick walls in the groundfloor reading room had been damaged. The Vice-Senior General conducted a thorough inspection of the student dormitories and staff housing damaged by the earthquake at the Government Technical Institute (Taungoo). He instructed a team of experts in the relevant fields to assess the structural integrity of the buildings. He issued instructions to rebuild the structures that required it as soon as possible, safely demolish those the unrepairable ones, ensure the damaged buildings are made safe from electrical danger, and carry out any other necessary repairs. The Vice-Senior General then presented cash awards to firefighters, teachers, and volunteers involved in the rehabilitation work.

Afterwards, the Vice-Senior General and members inspect-ed the damage caused by the earthquake to the Swar Chaung Bridge, located between mile-posts 165 miles 1 furlong and 165 miles 3 furlong of the Yangon-Mandalay Expressway, as well as 810 feet of road maintenance work. He also inspected the completion status of the installation of a two-layer, singlelevel temporary Bailey bridge (190 feet) centered at P7. He also inspected the completion status of the 40-foot, three-layer, three-level Bailey scaffolding project and provided guidance on the necessary steps.

To ensure a smooth and com-fortable travel experience for commuters, the Ministry of Construction, Bridge Department, Construction Team (3), and Bridge Special Team (10) are carrying out reconstruction work on the Swar Chaung Bridge, which was damaged by the earthquake. Until now, only vehicles under 5 tons were able to pass through, but starting April 9, vehicles weighing up to 20 tons will be allowed to cross.

According to initial reports, the earthquake caused significant damage in Bago Region, affecting 71 pagodas, 186 monasteries, 92 schools, 15 other religious schools, 200 departmental buildings, 289 additional structures, 1,736 residential buildings, as well as some roads and bridges. The disaster resulted in 44 deaths and 234 people injured.

100



Vice-Senior General Soe Win inspects damage caused to the Swar Chaung Bridge.



Vice-Senior General Soe Win hears report by an official at Taungoo Prison.





Vice-Senior General Soe Win inspects damage caused to a school building at Government Technical Institute (Taungoo).

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဂျာမနီက လက်နက်ကိုင်တပ်ဖွဲ့များကို Loiterin Munitions တိုက်ခိုက်ရေးဒရုန်းများ ပထမဆုံးအကြိမ်တပ်ဆင်ပေးရန် စီစဉ်နေ



ဂျာမနီနိုင်ငံသည် ဒေသတွင်း ပထဝီနိုင်ငံရေးတင်းမာမှုများ မြင့်တက်နေချိန်တွင် ၎င်း၏ လက်နက်ကိုင်တပ်ဖွဲ့များကို Loiterin Munitions တိုက်ခိုက်ရေးဒရုန်းများ ပထမဆုံးအကြိမ် တပ်ဆင်ပေးရန် စီစဉ်နေကြောင်း The Defense Post သတင်းဌာနက ဇွန် ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ကာမီကာဇီ တိုက်ခိုက်ရေးဒရုန်းများဟုလည်း သိထားကြသော အဆိုပါ Loitering Munitions ဒရုန်းများ၏ ပထမဆုံး အသုတ်အတွက် ကုမ္ပဏီနှစ်ခုနှင့် စာချုပ်ချုပ်ဆိုထားမှုသည် လာမည့်ရက်ပိုင်းအတွင်း အပြီးသတ်ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း ဂျာမနီ ကာကွယ်ရေးသတင်းရင်းမြစ်များက ထုတ်ဖော်ပြောကြားထားပြီး အသေးစိတ်အချက်အလက်များကိုမူ သိရှိရခြင်းတော့မရှိပေ။

၂၀၂၅ ခုနှစ် လာမည့်လပိုင်းများအတွင်း ဂျာမနီကြည်း၊ ရေ၊ လေတပ်ဖွဲ့များသည် အဆိုပါ Loitering Munitions တိုက်ခိုက်ရေးဒရုန်းများကို ခွဲတမ်းကျ လက်ခံရရှိကြမည်ဖြစ်ပြီး စမ်းသပ်ပျံသန်း၊အသုံးပြုမှုများ စတင်လုပ်ဆောင်နိုင်ကြမည်ဖြစ်သည်။ ထို့ပြင် ဂျာမနီနိုင်ငံပိုင် သတင်းဌာနများအဆိုအရ ဂျာမနီစစ်ဘက်သည် အသေခံတိုက်ခိုက်ရေးဒရုန်း အမြောက်အမြား ဝယ်ယူဖြည့်တင်းရန်အတွက် သက်ဆိုင်ရာကုမ္ပဏီများနှင့် ကာလရှည်စာချုပ်များ ချုပ်ဆိုသွားနိုင်ရန် စီစဉ်နေကြောင်း သိရသည်။

ဤသည်ကို ထောက်ရှုခြင်းအားဖြင့် ဂျာမနီစစ်ဘက်သည် Loitering Munitions တိုက်ခိုက်ရေးဒရုန်းများအပေါ် စိတ်ဝင်စားမှု မြင့်တက်လာကြောင်း ဖော်ပြနေသော်လည်း ရှေးရိုးဆန်သော ကာကွယ်ရေးရပ်တည်ချက်နှင့် အလိုအလျောက် တိုက်ခိုက်နိုင်သောစနစ်များနှင့်ပတ်သက်၍ ကျင့်ဝတ်ဆိုင်ရာ စိုးရိမ်ပူပန်မှုများ ရှိနေသည့်အတွက်ကြောင့် အပြည့်အဝ ပေါင်းစည်းအသုံးပြုလာနိုင်ခြင်းမျိုးတော့ မရှိသေးချေ။

Loitering Munitions ဟုခေါ်ဝေါ်အသုံးပြုနေကြသော လေပေါ်ပျံဝဲလက်နက်များသည် ကာမီကာဇီ အသေခံတိုက်ခိုက်ရေးဒရုန်းများပင်ဖြစ်ပြီး ပစ်မှတ်တစ်ခုကို မတိုက်ခိုက်မီ အချိန်တစ်ခုကြာမျှ လေပေါ်ပျံဝဲ၍နေနိုင်သည့် တစ်လမ်းမောင်း၊ တစ်ကြောင်းသုံး တိုက်ခိုက်ရေးဒရုန်းများပင်ဖြစ်သည်။ အဆိုပါ လေပေါ်ပျံဝဲ တိုက်ခိုက်ရေးခဲယမ်းများ သို့မဟုတ် Loitering Munitions တိုက်ခိုက်ရေးဒရုန်းများသည် လက်ရှိဖြစ်ပွားနေသော ရုရှား-ယူကရိန်းပဋိပက္ခတွင် လွန်စွာအရေးပါကြောင်း လက်တွေ့ကျကျ သက်သေပြခဲ့ပြီး နှစ်ဖက်စလုံးမှ တန်ဖိုးမြင့်မားသော စစ်ဘက်အရေးကြီးပစ်မှတ်များကို တိကျစွာတိုက်ခိုက်ချေမှုန်း၍ တစ်ဖက်ရန်သူ၏ စစ်ဆင်ရေးများကို ကောင်းစွာ အနှောင့်အယှက်ပေးနိုင်ခဲ့ကြကြောင်း သိရသည်။

မောင်းသူမဲ့စနစ်သုံးယာဉ်များ အထူးသဖြင့် မောင်းသူမဲ့လေယာဉ်များ၊ ဒရုန်းများ အသုံးပြုတိုက်ပွဲဝင်နိုင်ခြင်းနှင့် အဆိုပါ ခြိမ်းခြောက်မှုများမှ ခုခံကာကွယ်နိုင်ခြင်း စွမ်းအားများသည် ခေတ်သစ်စစ်မြေပြင်တွင် တပ်ရင်း၊ တပ်ဖွဲ့များ၏ ရေရှည်ရပ်တည်၊ တိုက်ပွဲဝင်နိုင်ရေးအတွက် အရေးကြီးသော စစ်ရေးစွမ်းအားများ ဖြစ်လာခဲ့ကြသည်။ ဤအချက်ကို ယူကရိန်းပဋိပက္ခမှ သင်ခန်းစာဖော်ထုတ်နိုင်ခဲ့သည်။ သို့ဖြစ်၍ ခေတ်သစ်စစ်ပွဲ၏ လျင်မြန်စွာ ပြောင်းလဲတိုးတက်နေမှုများနှင့်အတူ ဂျာမနီစစ်သည်တိုင်းသည် ဒရုန်းများဖြင့် တိုက်ပွဲဝင်နိုင်စွမ်းရှိစေရန် လေ့ကျင့်သင်တန်းပေးထားရမည်ဟု နိုင်ငံပိုင်သတင်းရင်းမြစ်များက အလေးပေးထောက်ပြခဲ့ကြသည်။ Loitering Munitions တိုက်ခိုက်ရေးဒရုန်းများ ဝယ်ယူတပ်ဆင်ရန်အတွက် ကနဦးချုပ်ဆိုမည့် စာချုပ်များတွင် အရေအတွက် အကန့်အသတ်ဖြင့်သာ လုပ်ဆောင်နိုင်ဖွယ်ရှိပြီး မကြာမီကာလတိုအတွင်း နောက်ထပ်ထပ်မံမှာယူနိုင်ရန် မျှော်လင့်ရကြောင်း သိရသည်။

**Germany to Arm Military With Loitering Munitions for First Time: Report ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းစစ်ဘက်က မောင်းသူမဲ့စနစ်တပ်ဖွဲ့များအောက်ရှိ Harpies ဒရုန်းတပ်ဖွဲ့အတွက် အမျိုးသမီးတပ်သားသစ် စတင်စုဆောင်းလာ

ယူကရိန်းစစ်ဘက်သည် မောင်းသူမဲ့စနစ်တပ်ဖွဲ့များအောက်ရှိ အမျိုးသမီးများဖြင့် အဓိက ပါဝင်ဖွဲ့စည်းထားမည့် Harpies ဒရုန်းတပ်ဖွဲ့အတွက် အမျိုးသမီးတပ်သားသစ်စုဆောင်းခြင်းကို စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း The Defense Post သတင်းဌာနက ဇွန် ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါဒရုန်းတပ်ဖွဲ့သည် ရန်သူကို လက်စားချေရန်၊ ၎င်းတို့၏ သားသမီးများ၊ မိသားစုများနှင့် နိုင်ငံကို မောင်းသူမဲ့စနစ်သုံးစက်ရုပ်နှင့်ယာဉ်များ အသုံးပြု၍ ကာကွယ်စောင့်ရှောက်လိုသော အမျိုးသမီးများအတွက် ပူးပေါင်းပါဝင်နိုင်သော အဖွဲ့တစ်ခုအဖြစ် ယူကရိန်းစစ်ဘက်က ထုတ်ဖော်ပြောကြားထားသည်။

အမျိုးသားစစ်သည်များသည် ဒရုန်းအထူးတပ်ဖွဲ့များတွင် တန်းပြည့်တာဝန်ထမ်းဆောင်နေကြချိန်၌ အမျိုးသမီးစစ်သည် ဒရုန်းပိုင်းလော့များက နောက်ဆုံးအဆင့် တိုက်ခိုက်မှုများ ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။ အခြားခြေလျင်၊ ခြေမြန်တပ်ရင်းများ၊ အရန်အင်အားတပ်ဖွဲ့များ၌ တာဝန်ထမ်းဆောင်နေဆဲ အမျိုးသမီးစစ်သည်များလည်း ယခုဖွဲ့စည်းမည့် Harpies ဒရုန်းတပ်ဖွဲ့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်သည်။

ယူကရိန်းနိုင်ငံ၏ Harpies ဒရုန်းတပ်ဖွဲ့အတွက် တပ်သားသစ်သင်တန်းများကို အထွေထွေလေ့ကျင့်သင်ကြားခြင်း ၄၅ ရက်နှင့် တိုက်ပွဲဝင် ရည်မှန်းချက်တာဝန်များ မထမ်းဆောင်မီ အထူးပြုအလိုက် လေ့ကျင့်သင်တန်းပေးခြင်း ရက်ပေါင်း ၃၀ ကျော် စုစုပေါင်း နှစ်လခွဲနှင့် သုံးလခန့် ကြာမြင့်မည်ဖြစ်သည်။ သင်တန်းသူများအနေဖြင့် FPV ဒရုန်းများ၊ ဗုံးကြဲတိုက်ခိုက်ရေးဒရုန်းများ၊ အကြီးစား အသေခံ တိုက်ခိုက်ရေးဒရုန်းများနှင့် မောင်းသူမဲ့ မြေပြင်သွားယာဉ်များ အပါအဝင် မောင်းသူမဲ့စနစ်သုံးယာဉ်များကို ကျွမ်းကျင်စွာ ကိုင်တွယ်တိုက်ပွဲဝင်နိုင်ရန် လေ့ကျင့် ဆောင်ရွက်ကြရမည်ဖြစ်သည်။

အမျိုးသမီး တပ်သားသစ်များအနေဖြင့် လက်ရှိစစ်မှုထမ်းဥပဒေနှင့်အညီ သင့်တင့်လျောက်ပတ်သော လစာနှင့်လူမှုဖူလုံရေး အာမခံချက်များ ရရှိခံစားနိုင်မည်ဖြစ်သည်။ အဆိုပါ ဒရုန်းတပ်ဖွဲ့သစ်ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလတွင်ဖြစ်ပွားခဲ့သည့် ယူကရိန်းအရေးအခင်းတွင် တက်ကြွစွာ ပါဝင်ခဲ့သူတစ်ဦးဖြစ်ပြီး လက်ရှိ ယူကရိန်းအထူးစစ်ဆင်ရေးတွင် ယူကရိန်းအထူးတပ်ဖွဲ့၌ တာဝန်ထမ်းဆောင်လျက်ရှိသူ Daria (အမည်ဝှက် DShK)က ဦးဆောင်သွားမည်ဖြစ်သည်။

ဤပဏာမခြေလှမ်းသည် ၂၀၂၄ ခုနှစ် ဇွန်လတွင် မောင်းသူမဲ့စနစ်များအတွက် ရည်ရွယ်၍ ကမ္ဘာ့ပထမဆုံး မောင်းသူမဲ့စစ်ဘက်ဌာနခွဲတစ်ခုကို ဖွဲ့စည်းတည်ထောင်ခဲ့ပြီးနောက် ယူကရိန်းတပ်မတော်၏ ဒရုန်းစစ်ဆင်ရေးစွမ်းရည်များ အားကောင်းလာစေရန် ကြိုးပမ်းမှု၏တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။ စစ်ရေးစွမ်းအား မြင့်မားသော ရုရှားတပ်မတော်၏ တပ်ရင်း၊ တပ်ဖွဲ့များကို ရင်ဆိုင်တိုက်ခိုက်ရန်အတွက် ယခုနှစ်အတွင်း FPVဒရုန်းအစင်းရေ ၄ ဒသမ ၅ သန်းခန့်ဝယ်ယူရန် အစီအစဉ်ဖြင့် ပြည်တွင်းထုတ်လုပ်မှုနှင့်ပြည်ပထုတ်ဒရုန်းများ၊ မောင်းသူမဲ့လေယာဉ်များ ဝယ်ယူရေးတို့ကို အရှိန်မြှင့်တင်လုပ်ဆောင်လျက်ရှိသည်။ ယခုနှစ် အစောပိုင်းတွင် ယူကရိန်းသည် စွမ်းဆောင်ရည်မြင့်မားသော အဆင့်မြင့်မောင်းသူမဲ့လေယာဉ်များကို ရှေ့တန်းသို့ပေးပို့ တပ်ဖြန့်အသုံးပြုနိုင်မည့် မဟာဗျူဟာတစ်ရပ်ကို ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ပြင် ယူကရိန်းသည် အကွာအဝေးကီလိုမီတာ ၃၀၀၀ အတွင်း ပစ်မှတ်များကို တိုက်ခိုက်နိုင်စွမ်းရှိသော ပြည်တွင်းထုတ် ဒရုန်းတစ်မျိုးကို အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ကြောင်း သိရသည်။



**Ukraine Recruits Female ‘Harpies’ for Drone Warfare ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

☆ **ကျောဖုံးမှအဆက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သမိုင်းဝင် နန်းတော်ဦးလောကမာရဇိန်စေတီတော်ကြီးသို့ ရောက်ရှိကြပြီး စေတီတော်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်အပါအဝင် ပြိုကျပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက စေတီတော်ကြီး၏ ပြိုကျပျက်စီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးချုပ်က စေတီတော်ကြီးသည်သမိုင်းဝင်စေတီတော်ဖြစ်သည့်အတွက် ရှေးမူမပျက် မူလလက်ရာများအတိုင်း စနစ်တကျပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို အပိုင်းလိုက်ဆောင်ရွက်ရန် မှာကြားသည်။

အဆိုပါ နန်းတော်ဦးလောကမာရဇိန်စေတီတော်ကြီးအား ကောဇာသက္ကရာဇ် ၁၁၆၁ ခုနှစ်တွင် ဗဒုံမင်းတရားကြီး ဘိုးတော်ဦးဝိုင်းက တည်ထားပူဇော်ခဲ့ပြီး "နန်းတော်ဦးရန်အောင်နိုင်"ဘွဲ့ သမုတ်တော်မူခဲ့သည့်





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့ရသည့် သမိုင်းဝင်နန်းတော်ဦးလောကမာရဇိန်စေတီတော်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်အပါအဝင် ပြိုကျပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တောင်ငူဗဟိုအကျဉ်းထောင် တည်ဆောက်နေသည့် လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ငလျင်ဘေးဒဏ်ကြောင့် တောင်ငူနည်းပညာတက္ကသိုလ် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

ကောဇာသက္ကရာဇ် ၁၂၈၀ ပြည့်နှစ်တွင် ဆရာတော် ဦးသြဘာသနှင့် ဦးအာစရတို့က နန်းတော်ဦးစေတီတော်ကိုငုံ၍ ဖိနပ်တော် ၅၄ တောင် ဉာဏ်တော် ၇၂ တောင် ထီးတော်အမြင့် ၁၈ တောင်ဖြင့် တည်တော်မူခဲ့ပြီး ကောဇာသက္ကရာဇ် ၁၂၉၀ ပြည့်နှစ်တွင် တည်ဆောက်ပြုပြင်မှုပြီးဆုံး၍ ထီးတော်အသစ်တင်လှူပြီး "နန်းတော်ဦးလောကမာရဇိန်"ဘွဲ့တော်သမုတ်၍ တည်ထားပူဇော်ထားခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ငူမြို့နယ်အတွင်းတည်ဆောက်လျက်ရှိသည့် တောင်ငူဗဟိုအကျဉ်းထောင်သို့ ရောက်ရှိကြရာ ယာယီရှင်းလင်းဆောင်၌ အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူများက အကျဉ်းထောင်တည်ဆောက်ရေးလုပ်ငန်းများ အပိုင်းလိုက်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့သည် တောင်ငူဗဟိုအကျဉ်းထောင်တည်ဆောက်နေသည့် လုပ်ငန်းခွင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်လျက်ရှိသည့် အကျဉ်းထောင်အား ငလျင်ဒဏ်ခံနိုင်ရည်ရှိအောင် ထည့်သွင်းတွက်ချက်ဒီဇိုင်းရေးဆွဲဆောက်လုပ်ရန်၊ တာဝန်ရှိသူများနှင့် QC အဖွဲ့များပူးပေါင်း၍ နှစ်ပတ်တစ်ကြိမ် သို့မဟုတ် တစ်ပတ်တစ်ကြိမ်ဆောက်လုပ်ရေးလုပ်ငန်းများကို စစ်ဆေးရန်၊ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများကိုလည်း အရည်အသွေးပြည့်မီသည့် ပစ္စည်းများကိုသာ အသုံးပြုရန်နှင့် လိုအပ်သည့်နည်းပညာပိုင်းဆိုင်ရာ အကူအညီများကိုလည်းဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန်မှာကြားသည်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ငလျင်ဘေးဒဏ်ကြောင့် သမိုင်းဝင်ရွှေဆံတော်စေတီတော် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ငူနည်းပညာတက္ကသိုလ်သို့ရောက်ရှိကြရာ နည်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ်က တက္ကသိုလ်ဖွဲ့စည်းတည်ဆောက်ထားရှိသည့် အချက်အလက်များ၊ ငလျင်ဒဏ်ကြောင့် တက္ကသိုလ် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများနှင့် အန္တရာယ်ရှိ အဆောက်အအုံ၊နေရာများအလိုက်သတ်မှတ်ထားရှိမှုတို့ကိုရှင်းလင်းတင်ပြသည်။ ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် တက္ကသိုလ်အတွင်း ငလျင်ကြောင့်ပျက်စီးခဲ့သည့် Lobby၊ ပင်မသုံးထပ်ဆောင်၊ Extension Building လေးထပ်ဆောင်၊ သုံးထပ်စာသင်ဆောင်၊ တစ်ထပ်လက်တွေ့ဆောင်၊ ကွန်ပျူတာအခန်းများနှင့် ဘာသာရပ်အလိုက်စာသင်ဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံများ၏ကြံ့ခိုင်မှုတို့ကို ပဲခူးတိုင်းဒေသကြီးအစိုးရအဆောက်အအုံစစ်ဆေးရေးအဖွဲ့များ၏ စစ်ဆေးပြီးအခြေအနေများအပေါ် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပညာရှင်များက တိုင်းတာစစ်ဆေးသည့် စက်ကိရိယာများဖြင့် ထပ်မံစစ်ဆေးလျက် ပြုပြင်ရန် လိုအပ်သည့်အဆောက်အအုံနှင့် အစိတ်အပိုင်းများကို မိုးရာသီမတိုင်မီ





ရတနာဂုဏ်မြင့်ကျောင်း ရွှေလင်းယုန်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော် ဘဒ္ဒန္တအရဝိန္ဒာဘိဝံသထံ အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

အမြန်ဆုံး ပြန်လည်ပြုပြင်တည်ဆောက်ရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။


အဆိုပါ နည်းပညာတက္ကသိုလ်သည် နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်(ISO 9001:2015)ရရှိပြီးသည့် မြန်မာနိုင်ငံ၏ အဆင့်မြင့်နည်းပညာတက္ကသိုလ်တစ်ခုဖြစ်ပြီး ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အထိ Civil, EC, EP, Mech စသည့် မေဂျာကြီး လေးခုသာ သင်ကြားပို့ချခဲ့သော်လည်း ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှစ၍ IT နှင့် MC မေဂျာနှစ်ခုကို ထပ်တိုးသင်ကြားနေပြီဖြစ်ကြောင်းသိရသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တောင်ငူပြည်သူ့ဆေးရုံသို့ရောက်ရှိရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရပ်သားပြည်သူများကိုလိုက်လံကြည့်ရှု၍ ထိခိုက်ဒဏ်ရာရရှိမှုအခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများ၊ ရောဂါသက်သာပျောက်ကင်းမှုအခြေအနေများကို တစ်ဦးချင်းရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများကိုလည်းကောင်း၊ ဆေးရုံမှ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါဆေးရုံ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ပြည်သူများကို အတွင်းလူနာအဖြစ် ၆၇ ဦး တက်ရောက်ကုသမှုခံယူခဲ့ရာမှ ယခုအခါ ရှစ်ဦးသာ ဆေးကုသမှုခံရန်ကျန်ရှိပြီး ၅၉ ဦးသည် ထိခိုက်ဒဏ်ရာများ သက်သာပျောက်ကင်းသွားပြီဖြစ်သဖြင့် ဆေးရုံမှဆင်းခွင့်ရရှိသွားကြပြီဖြစ်ကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်

စာမျက်နှာ ၁၈ သို့





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တောင်ငူပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရပ်သားပြည်သူများကို တစ်ဦးချင်းရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်စဉ်။





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ငလျင်ဘေးဒဏ်ကြောင့် စက်မှုလက်မှုသိပ္ပံ (တောင်ငူ) ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

စာမျက်နှာ ၁၇ မှအဆက်

အဖွဲ့ဝင်များသည် သမိုင်းဝင် ရွှေဆံတော်စေတီတော်သို့ ရောက်ရှိကြရာ ပန်း၊ ရေချမ်းနှင့် ဆီမီးများကပ်လှူပူဇော်ကြပြီး စေတီတော်ကြီးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကာ ငလျင်ဒဏ်ကြောင့် စေတီတော်ကြီး၏ ထီးတော်မှ မြေခခဲ့သည့်အစိတ်အပိုင်းများ၊ ငလျင်ဒဏ်ကြောင့် စေတီတော်ကြီး၏ ထီးတော် အနည်းငယ်တိမ်းစောင်းနေမှု၊ စေတီတော်ကြီး အနည်းငယ်ကွဲအက်ပျက်စီးနေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဘုရားဖူးပြည်သူများ အန္တရာယ်ကင်းရှင်းစွာ လာရောက်ဖူးမြော်နိုင်ရန်အတွက် ပြုပြင်ခြင်းလုပ်ငန်းများကို ရှေးမူမပျက်အမြန်ဆုံးဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။ ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဂန္ထဝင်ကိုးခန်းသိမ်တော်ကြီး၌ ရတနာဂုဏ်မြင့်ကျောင်း ရွှေလင်းယုန်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ငလျင်ဘေးဒဏ်ကြောင့် တောင်ငူတက္ကသိုလ်ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ငလျင်ဘေးဒဏ်ကြောင့် ဆွာချောင်းတံတား ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

ဇောတိကဓဇ ဆရာတော် ဘဒ္ဒန္တအရဝိန္ဒာဘိဝံသအမှူးပြုသော သြဝါဒဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကြကာ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် စေတီတော်များအတွက် အလှူရှင်များရှိပြီးဖြစ်သဖြင့် ပြန်လည်ပြုပြင်ရာတွင် ရှေးမူမပျက် မူလလက်ရာအတိုင်း ပိုမိုခိုင်ခံ့မှုရှိစေရန်အတွက် လိုအပ်သည့်နည်းပညာအကူအညီများဖြင့် ဆောင်ရွက်သွားမည့် အခြေအနေများကိုလျှောက်ထားရာ ကြာနီကန်စာသင်တိုက်မှ နိုင်ငံတော်သြဝါဒါစရိယ မဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသူရိယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေက ဖြင့်ကြုံတွေ့ခဲ့ရသည့် ကပ်ရောဂါနှင့်သဘာဝဘေးအန္တရာယ်များကို သဒ္ဓါ၊ သတိ၊ ပညာ၊ ဝီရိယ၊ ပညာယှဉ်၍ အောင်မြင်စွာကျော်လွှားနိုင်ပါကြောင်း၊ အောင်မြင်နိုင်ရန်လည်း ယုံကြည်ချက်ရှိရှိဖြင့် ရင်ဆိုင်ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်း သြဝါဒမိန့်ကြားရာ ဒုတိယဝန်ကြီးချုပ်က ယခုဖြစ်ပွားခဲ့သည့် ငလျင်ဘေးဒဏ်နှင့်ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့် အခြားသာသနာဆိုင်ရာကိစ္စရပ်များကို ထပ်မံလျှောက်ထားတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တောင်ငူတက္ကသိုလ်တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုကြောင့် Main Structure တိုင်များမှ ကွန်ကရစ်များကြွေမွ၍ သံချောင်းများကွေးညွှတ်ပြီး ထိခိုက်ပျက်စီးမှုများပြားခဲ့သည့် ရာမညသုံးထပ်စာသင်ဆောင်နှင့် မြေညီထပ်စာဖတ်ခန်းရှိ ကြမ်းခင်းများနှင့် အုတ်နံရံများ ကွဲကျပျက်စီးခဲ့သည့်

စာမျက်နှာ ၁၉ သို့



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တောင်ငူတက္ကသိုလ် စာကြည့်တိုက်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

စာမျက်နှာ ၁၈ မှအဆက်

စာကြည့်တိုက်တို့ကိုလည်းကောင်း၊ စက်မှုလက်မှုသိပ္ပံ(တောင်ငူ)တွင် ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် ကျောင်းသား၊ ကျောင်းသူအဆောင်များ၊ဝန်ထမ်းအိမ်ရာများကို အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံများ၏ကြံ့ခိုင်မှုအခြေအနေများကို သက်ဆိုင်ရာနယ်ပယ်အလိုက်ပညာရှင်များပါဝင်သော အဖွဲ့နှင့်စစ်ဆေး၍ ပြန်လည်တည်ဆောက်ရမည့်အဆောက်အအုံများကို အမြန်ဆုံးပြန်လည်တည်ဆောက်သွားရန်၊ ဖြိုချဖျက်ဆီးသွားရမည့် အဆောက်အအုံများကိုလည်း ဘေးအန္တရာယ်ကင်းရှင်းစွာဖြိုချဖျက်ဆီးရန်၊ပျက်စီးသွားခဲ့သည့်အဆောက်အအုံများအတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေသည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများကို ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရန်ကုန်-မန္တလေး အမြန်လမ်း ၁၆၅ မိုင် ၁ ဖာလုံနှင့်၁၆၅ မိုင် ၃ ဖာလုံကြားရှိ ဆွာချောင်းတံတား ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားခဲ့မှုအခြေအနေများ၊ အသွားလမ်း ပေ ၈၁၀ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ P7 ကိုဗဟိုထား၍ နှစ်လွှာတစ်ထပ်ယာယီဘေလီတံတား ပေ ၁၉၀ တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့်ပေ ၄၀ သုံးလွှာ သုံးထပ် ဘေလီ ဗြမ်းထောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

အဆိုပါဆွာချောင်းတံတား ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့မှုများကို ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာခရီးသွားလာနိုင်ရေးအတွက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၃) တံတားအထူးအဖွဲ့(၁၀)က တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယနေ့ထိ ငါးတန်အောက်ယာဉ်များသာ သွားလာနိုင်သော်လည်း ဧပြီ ၉ ရက်မှစတင်၍ တန် ၂၀ မော်တော်ယာဉ်ကြီးများ ဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသေဆုံးမှုအနေဖြင့် ကနဦးစာရင်းများအရ ဘုရားစေတီ ၇၁ ဆူ၊ ဘုန်းတော်ကြီးကျောင်း ၁၈၆ ကျောင်း၊ စာသင်ကျောင်း ၉၂ ကျောင်း၊ အခြားဘာသာရေးကျောင်း ၁၅ ကျောင်း၊ ဌာနဆိုင်ရာအဆောက်အအုံ ၂၀၀၊ အခြားအဆောက်အအုံ ၂၈၉ ခု၊ လူနေအဆောက်အအုံ ၁၇၃၆ လုံးနှင့် လမ်းတံတားအချို့ထိခိုက်ပျက်စီးခဲ့ပြီး သေဆုံးသူ ၄၄ ဦး၊ ဒဏ်ရာရရှိသူ ၂၃၄ ဦးရှိကြောင်း သတင်းရရှိသည်။ (၅၀၁)





ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဆွာချောင်းတံတားအား ဗြမ်းထောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို တွေ့ရစဉ်။





ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဆွာချောင်းတံတား ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး ငါးတန်အောက် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနေမှုကို တွေ့ရစဉ်။

# သာစည်-ရွှေညောင်လမ်းပိုင်းတွင် ငလျင်ဒဏ်ကြောင့် ရထားလမ်းပိုင်းနေရာအချို့ပျက်စီးမှုများကို အမြန်ဆုံးပြင်ဆင်ပြီးစီး၍ ရထားခရီးစဉ်ပြန်လည်ပြေးဆွဲပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၇**

မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သော ပြင်းထန်ငလျင်ဒဏ်ကြောင့် သာစည်-ရွှေညောင် တောင်ပေါ်ရထားလမ်းပိုင်းရှိ အချို့နေရာများ၌ ပြိုကျပျက်စီးမှုများဖြစ်ပွားခဲ့သဖြင့် ရထားပြေးဆွဲမှုများကို ယာယီရပ်နားခဲ့ရသည်။

အဆိုပါငလျင်ဒဏ်ကြောင့် ပျက်စီးမှုများအနက် အဓိကအားဖြင့် ဘုရားငါးဆူဘူတာနှင့်ယင်းမာပင်ဘူတာကြားမိုင်တိုင် ၃၁၉/၁၈-၂၀၊ ၃၁၉/၁၆-၁၇၊ ၃၂၅/၁၈-၁၉၊ ၃၂၇/၉-၁၀ နေရာများ၊ လယ်ပြင်ဘူတာနှင့် လွန်းထိုးဘူတာကြား မိုင်တိုင် ၃၄၅/၁၂-၁၃၊ ၃၄၅/၁၅-၁၆ နေရာများ၊ လွန်းထိုးဘူတာနှင့် ခွေးရုပ်ဘူတာကြား မိုင်တိုင် ၃၄၈/၁၆-၁၇ နေရာများတွင် တောင်စောင်းနေရာများမှ ကျောက်တုံးကြီးများပြိုကျခြင်း၊တောင်ပြိုမြေများဖုံးလွှမ်းခြင်း၊သစ်ပင်ကြီးများလဲကျခြင်း၊ သံလမ်းပေါ်သို့ကျောက်တုံးကြီးများ ပြိုကျခြင်းတို့ကြောင့် သံလမ်းများ တွန့်လိမ်ပြတ်ထွက်ခြင်း၊ ရထားလမ်းပျက်စီး၊ ပိတ်ဆို့ခြင်းများဖြစ်ပေါ်ခဲ့သည်။

ထိုသို့ရထားလမ်းပျက်စီးမှုများကြောင့် သာစည်-ရွှေညောင်-တောင်ကြီးလူစီးရထားခရီးစဉ်များကို ယာယီရပ်တန့်ခဲ့ရသည်။ မြန်မာ့မီးရထားတာဝန်ရှိသူများက အဆိုပါပျက်စီးသည့်နေရာများသို့ မတ် ၂၉ ရက်မှစ၍ လိုက်လံစစ်ဆေးခဲ့ပြီး လုပ်သားဦးရေ ၁၀၀၊စက်ယန္တရား(Backhoe)သုံးစီးတို့အသုံးပြု၍ ပိတ်ဆို့နေသည့်ကျောက်တုံးများနှင့် တောင်ပြိုမြေများကိုဖယ်ရှားရှင်းလင်းခြင်း၊ သံလမ်းပြတ်ထွက်၊ပျက်စီးမှုများကို သံလမ်းအသစ်ဖြင့်အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ခဲ့သဖြင့် ဧပြီ ၂ ရက်တွင် ရထားလမ်းပိုင်းအား ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးနောက် ဧပြီ ၄ ရက်မှ စ၍ လူစီးရထားများ သတ်မှတ်အချိန်ဇယားအတိုင်း ပြန်လည်ပြေးဆွဲပေးနေပြီဖြစ်သည်။

ထို့အတူ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ပြည်သူများ ခရီးသွားလာမှုလွယ်ကူအဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် လူစီးရထားနှင့်ကုန်ရထားများပြေးဆွဲခြင်းကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ အဓိကရထားလမ်းပိုင်းများဖြစ်သည့် ရန်ကုန်-မန္တလေးလမ်းပိုင်း၊ ရန်ကုန်-ပြည်လမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်း၊ ပုသိမ်-ကြံခင်းလမ်းပိုင်းနှင့် ရန်ကုန်မြို့ပတ်၊ ဆင်ခြေဖုံးလမ်းပိုင်းများတွင်သာမက ရန်ကုန်-မန္တလေး ရထားလမ်းမကြီးနှင့်ချိတ်ဆက်ထားသည့် အခြားလမ်းပိုင်းများတွင်လည်းရထားများ ပုံမှန်အတိုင်းပြေးဆွဲပေးလျက်ရှိကြောင်း မြန်မာ့မီးရထားမှ သိရသည်။

### ရှေ့ဖုံးမှအဆက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် တည်ဆောက်ပြီးစီးခဲ့သည့် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းသို့ ရောက်ရှိကြပြီး ငလျင်ဘေးဒဏ်ကြောင့် ဘောလုံးကွင်းနှင့် ပြေးလမ်း ထိခိုက်ပျက်စီးခဲ့ရမှုများ၊ ပွဲကြည့်စင်နှင့် ဝင်ပေါက်များ ထိခိုက်ပျက်စီးခဲ့ရမှုများကို ကြည့်ရှုစစ်ဆေးရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများ ဖြစ်ပေါ်ခဲ့သည့် ဝဏ္ဏသိဒ္ဓိ အားကစားပြိုင်ကွင်းအတွင်းရှိ အားကစားရုံများနှင့် အားကစားကွင်းများကို ပြန်လည်ပြုပြင်မှုများဆောင်ရွက်ရာတွင် သက်ဆိုင်ရာအဖွဲ့များက နည်းပညာရှင်များဖြင့် စနစ်တကျစစ်ဆေး၍ ပြုပြင်ဆောင်ရွက်သွားရန်လိုကြောင်း၊ အားကစားပွဲများကျင်းပချိန်တွင် အားကစားသမားများနှင့် ပရိသတ်များ အများအပြားလာရောက်ကြမည်ဖြစ်သဖြင့် ကြံ့ခိုင်မှုကိုအလေးပေးဆောင်ရွက်သွားရန်လိုကြောင်း၊ မီတာ ၄၀၀ ပြေးလမ်းနှင့် ပွဲကြည့်စင်များရှိ ထိုင်ခုံများကို စနစ်တကျဖြင့် ပြန်လည်ပြုပြင်ဆောင်ရွက်သွားရန်လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ၂၀၁၃ ခုနှစ် မေ ၃၁ ရက်တွင် တည်ဆောက်ပြီးစီးခဲ့သည့် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(A)နှင့် (B)အဆောက်အအုံနှင့် ၂၀၁၃ ခုနှစ် မေ ၃၀ ရက်တွင် တည်ဆောက်ပြီးစီးခဲ့သည့် ဝဏ္ဏသိဒ္ဓိရေကူးကန်တို့သို့ သွားရောက်၍ ထိခိုက်ပျက်စီးခဲ့ရမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ထိခိုက်ပျက်စီးခဲ့မှုများကို ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)ရှိ အဆောက်အအုံများ ထိခိုက်ပျက်စီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုအားကစားရုံများအနေဖြင့် ထိခိုက်ပျက်စီးမှုအနည်းငယ်သာဖြစ်ပေါ်ခဲ့သော်လည်း Indoor Games များ ကျင်းပရာနေရာများဖြစ်သဖြင့် နည်းပညာရှင်များဖြင့် စနစ်တကျစစ်ဆေး၍ ကြံ့ခိုင်မှုအခြေအနေကိုသိရှိနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ လိုအပ်သည့်ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရာတွင် အဆောက်အအုံကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုကို ဦးစားပေး၍ စနစ်တကျပြန်လည်ပြုပြင် ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)ရှိ အဆောက်အအုံများ ထိခိုက်ပျက်စီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ဝဏ္ဏသိဒ္ဓိရေကူးကန် ထိခိုက်ပျက်စီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ငလျင်ဘေးဒဏ်ကြောင့် ဝဏ္ဏသိဒ္ဓိရေကူးကန် ထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး သံလွင်တံတား(တာကော်) တံတားအသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်

**နေပြည်တော် ဧပြီ ၇**

ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် (အရှေ့ပိုင်း)ကို ချိတ်ဆက်ထားသည့် မိတ္ထီလာ - တောင်ကြီး - ကျိုင်းတုံ - တာချီလိတ် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၂၈၄/၀)ရှိ သံလွင်တံတား (တာကော်) တံတားအသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်ရှိ အဆိုပါတံတား၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး တက်ရောက်ဖွင့်လှစ်သည်။



ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၊ တိုင်းရင်းသားရိုးရာအဖွဲ့များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့် အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပမည့်နေရာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက လှိုက်လှဲစွာကြိုဆိုကြသည်။

ထို့နောက် သံလွင်တံတား(တာကော်) တံတားအသစ်ဖွင့်ပွဲအခမ်းအနားကို စတင်ကျင်းပရာ ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်တို့က မင်္ဂလာအချိန်တွင် သံလွင်တံတား(တာကော်) တံတားအသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။



ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးသည် သံလွင်တံတား (တာကော်) တံတားအသစ်ဖွင့်လှစ်ခြင်းအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးထံသို့ တံတားဖွင့်ပွဲအမှတ်တရ လက်ဆောင်ပစ္စည်းကို ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အသစ်တည်ဆောက်ပြီးစီးသည့် တံတားကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

သံလွင်တံတား(တာကော်) တံတားအဟောင်းကို ၁၉၆၅ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၇၄ ခုနှစ်တွင် ဖွင့်လှစ်အသုံးပြုခဲ့ရာ သက်တမ်း ၄၄ နှစ်ကျော် ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ တံတားခံနိုင်ဝန်အား လျော့နည်းကျဆင်းလာသည့်အတွက် တံတားဟောင်း၏ Up Stream ဘက် တံတား၏ပေ ၇၀ အကွာတွင်တံတားအသစ်တစ်စင်းကို တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၂)က ၂၀၁၈ ခုနှစ် ဧပြီလတွင် စတင်၍ တာဝန်ယူတည်ဆောက်ခဲ့ရာ ယနေ့ အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ခရီးသွားပြည်သူများနှင့် ကုန်တင်ယာဉ်ကြီးများ လွယ်ကူချောမွေ့စွာ သွားလာနိုင်ပြီဖြစ်ကြောင်း။

သံလွင်တံတား(တာကော်) တံတားအသစ်သည် အပေါ်ထည် ပင်မတံတား Steel Box Girder နှင့် RCC Slab ဖြစ်ပြီး ချဉ်းကပ်တံတားမှာ PC Girder, RC Girder နှင့် RCC Slab အမျိုးအစားတို့ဖြင့် ပေါင်းစပ်တည်ဆောက်ထားကြောင်း၊ တံတားအရှည် ၁၁၅၁ ပေ၊ ယာဉ်သွားလမ်း နှစ်လမ်းသွားနှင့် တံတားအောက်ရေလမ်းကင်းလွတ်အမြင့် ၃၅ ပေ ၉လက်မနှင့် ရေလမ်းကင်းလွတ်အကျယ်ပေ ၃၆၀ ရှိပြီး တံတား၏ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်းတန် ၆၀ ဖြစ်ကြောင်း။

သံလွင်တံတား(တာကော်) တံတားအသစ်သည် အာရှလမ်းမကြီးအမှတ်(၂) (AH-2) မိတ္ထီလာ - တောင်ကြီး - ကျိုင်းတုံ- တာချီလိတ် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် အသစ်တည်ဆောက်ပြီးစီးသည့်အတွက် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ လာအို၊ ထိုင်းနိုင်ငံတို့သို့ ပိုမိုလွယ်ကူလျင်မြန်စွာ ဆက်သွယ်သွားလာနိုင်မည်ဖြစ်သကဲ့သို့ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာမည့် အကျိုးကျေးဇူးများလည်း ရရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နယ်ပယ်ကဏ္ဍများအလိုက် ဆွေးနွေး

**နေပြည်တော် ဧပြီ ၇**

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H. E. Mr. Abhay Thakur ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ယခုကဲ့သို့ မိမိတို့နိုင်ငံတွင် ပြင်းထန်လျှင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများအပေါ် အိန္ဒိယနိုင်ငံအနေဖြင့် ကူညီဆောင်ရွက်ပေးမှုများအပေါ် များစွာကျေးဇူးတင်ရှိပါကြောင်း၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နယ်ပယ်ကဏ္ဍများအလိုက် အမြင်ချင်းဖလှယ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးနှင့် အိန္ဒိယနိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H. E. Mr. Abhay Thakur အား လက်ခံတွေ့ဆုံစဉ်။**



**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



နေပြည်တော် ဧပြီ ၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Abhay Thakur အား ယနေ့နေ့လယ်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် မန္တလေးမြို့၏အရှေ့မြောက်ဘက် ကီလိုမီတာ၂၀ ခန့်အကွာကို ဗဟိုပြု၍ အင်အားပြင်းထန်သည့် မြေငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေ၊ ပြည်ပနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ရှာဖွေကယ်ဆယ်ရေး ကူညီဆောင်ရွက်နေမှုအခြေအနေ၊ ငလျင်ဒဏ်ခံစားရသည့် ပြည်သူများအတွက် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှု အကူအညီ ထောက်ပံ့ပေးအပ်မှုအခြေအနေနှင့် ပြန်လည်ထူထောင်ရေး ကာလအတွက် နည်းပညာပိုင်းဆိုင်ရာအပါအဝင် လိုအပ်သည့်အကူအညီများ ပံ့ပိုးပေးအပ်ရေးတို့နှင့်စပ်လျဉ်းသည့်ကိစ္စတို့ကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ်ရုံး၊ ပြည်ထောင်စုဝန်ကြီးရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် ငလျင်ဒဏ်သင့်ပြည်သူများအား ကြည့်ရှုအားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေမှုများကို စက်ယန္တရားများဖြင့် ကူညီကယ်ဆယ်ရေးဆောင်ရွက်နေမှုကို ကြည့်ရှုစဉ်။

နေပြည်တော် ဧပြီ ၇

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို တိုင်းစစ်ဌာနချုပ် အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း၊ အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ တကောင်းရပ်ကွက်ရှိ မဟာစေတီကြီးဘုရားနှင့် အရန်စေတီတော်များ၊ သာသနိကအဆောက်အအုံများ၌ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ အပျက်အစီးများ စုပေါင်းရှင်းလင်းဖယ်ရှားနေမှုများအား ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး စေတီတော်ကြီး၏ ဩဝါဒါစရိယဆရာတော်များ၊ ဂေါပကအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ ပြိုကျပျက်စီးခဲ့သည့် စေတီတော်ကြီးနှင့် အရန်စေတီတော်များ၊ သာသနိကအဆောက်အအုံများအား ပြန်လည်ဖယ်ရှားရှင်းလင်းရေးတို့နှင့် ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီးနှင့် တာဝန်ရှိသူများသည် ငလျင်လှုပ်ခတ်မှုကြောင့် ဧရာဝတီမြစ်ကူး(ရတနာပုံ) တံတားကြီးအား ကြံ့ခိုင်မှုများစစ်ဆေးနေစဉ်ကာလအတွင်း ဖြတ်သန်းသွားလာမှုအဆင်ပြေစေရန် ဆောင်ရွက်ပြီးစီးမှုများ၊ စစ်ကိုင်းမြို့ သစ်ဆိပ်မြစ်ကမ်းမှ မန္တလေးမြို့ ရွှေကြက်ကျမြစ်ကမ်းသို့ ဇက်ကူးတို့ဖြင့် ဖြတ်သန်းမှုများ၊ ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ တကောင်းရပ်ကွက်ရှိ သစ္စာစေတီ၊ ပန်းပဲတန်းရပ်ကွက်ရှိ ရတနာဆင်များရှင်စေတီ၊ ပိုးတန်းရပ်ကွက်ရှိ ထူပါရုံစေတီများနှင့် သာသနိကအဆောက်အအုံများ၊ အရန်စေတီများ၊ စစ်ကိုင်းခရိုင် မီးသတ်ဦးစီးဌာနရုံး၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် စစ်ကိုင်းမြို့ပေါ်ရှိ လူနေအိမ်တိုက်တာများအား ပြန်လည်ရှင်းလင်းဖယ်ရှားနေမှုများကို လည်းကောင်း၊ စစ်ကိုင်းမြို့ပေါ်ရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများ သောက်သုံးရေအဆင်ပြေစေရန်အတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတက်ရေးဦးစီးဌာနရုံးတို့မှ ဧရာဝတီမြစ်ရေသန့်စင်၍ သောက်သုံးရေဖြန့်ဝေပေးနေမှုများကိုလည်းကောင်း ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက မိတ္ထီလာမြို့ နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား သွားရောက်ကြည့်ရှု အားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။ ထို့နောက် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော နှစ်ထပ်လူနာဆောင်အား ကြည့်ရှု၍ အပျက်အစီးများရှင်းလင်းပြီး အမြန်ဆုံးပြုပြင်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် ငလျင်ဒဏ်ကြောင့် ကန်ပေါင်မြေနိမ့်ကျနေသည့် မိတ္ထီလာကန်ပေါင်၌ ပြုပြင်ဆောင်ရွက်နေမှုများအား သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ အားကစားကွင်း၌ လာအိုနိုင်ငံမှ ဆေးအကူအညီပေးရေးအဖွဲ့၏ဆေးကုသပေးနေမှုများကိုလည်းကောင်း၊ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ကျောက်ဆည်မြို့ နည်းပညာတက္ကသိုလ်၊ Bright Kids မူကြိုကျောင်း၊ ရွှေမုဋ္ဌောဘုရား၊ ကျောက်ဆည်တက္ကသိုလ်နှင့် ကျောက်ဆည်မြို့တွင်းရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသည့် အဆောက်အအုံများတွင် အပျက်အစီးများ ရှင်းလင်းဖယ်ရှားပြီး ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများကို လည်းကောင်း သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ငလျင်ဒဏ်သင့်၍ ပြိုကျပျက်စီးခဲ့သော မန္တလေးမြို့ နန်းမြို့ရိုးပတ်လည်၊ နန်းမြို့ရိုးအတွင်းရှိ ပဟိုစင်နှင့် စွယ်တော်စင်နေရာ၊ Sky Villa၊ မန္တလေးတက္ကသိုလ်၊ ဂရိတ်ဝေါဟိုတယ်၊ ဦးလှသိန်းဗိမာန်၊ မစိုးရိမ်တိုက်သစ်နေရာများနှင့် မန္တလေးမြို့ပတ်လမ်းတို့၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့်ဆောင်ရွက်နေမှုများနှင့် ရှင်းလင်းပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်တို့ရှိ ဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများ၊ စစ်မှုထမ်းဟောင်းအိမ်ရာများနှင့် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့်နေရာများ၌လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ်၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေရာများ၌လည်းကောင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဒဏ်ရာရရှိကြသည့် ဒေသခံပြည်သူများအား ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

အလားတူ အနယ်နယ်အရပ်ရပ်မှ စေတနာရှင်ပြည်သူများကလည်း ငလျင်ဒဏ်သင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသူများနှင့် ငလျင်ဒဏ်သင့်ပြည်သူများ စားသောက်ရေးအဆင်ပြေစေရေးအတွက် စားသောက်ဖွယ်ရာများ၊ သောက်ရေသန့်များ၊ သောက်သုံးရေများ၊ အသုံးအဆောင်ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းတို့ကိုလည်း ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

ယမန်နေ့မှအဆက်

## ၂၀၂၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပြဋ္ဌာန်း

(ဋ) မြေယာပေါ်တွင် ကောက်ခံသည့်အခွန်၊
(ဌ) ရေခွန်၊
(ဍ) တာတမံခွန်၊
(ဎ) သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်၊
(ဏ) ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်းတွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)၊
(တ) ငါးလုပ်ငန်းဆိုင်ရာအခွန်အခ၊
(ထ) ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊
(ဒ) ဓာတ်သတ္တုခွန်နှင့် တွင်းဝခွန်၊
(ဓ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့်အခွန်အခ၊
(န) ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ၊
(ပ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများထံမှ ကောက်ခံရရှိသည့်အခွန်။

### အခန်း(၁၀)

### အထွေထွေ

၃၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့များကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းဆောင်ရွက်ရမည်။

၃၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်အတွင်း ထုတ်လုပ်သည့် ကုန်စည်များနှင့် ပြည်ပမှ တင်သွင်းသည့် ကုန်စည်များ ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက်လည်းကောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အဓိကမှီတည်ဆောင်ရွက်နေရသည့် ပြည်တွင်းစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ နိုင်ငံတော်အတွင်း ဆောင်ရွက်လျက်ရှိကြသည့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကိုရေရှည်အကျိုးစီးပွားဖြစ်ထွန်းတိုးတက်လာစေရန်လည်းကောင်း၊ နိုင်ငံတော်မှ ပါဝင်လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ အောက်ပါတို့ကို ဆောင်ရွက်ပေးရမည်-

(က) ကုန်စည်များ တင်သွင်းခွင့်ပြုသည့်ပမာဏ၊ အကောက်ခွန်နှုန်းများနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကမ္ဘာ့အကောက်ခွန်အဖွဲ့နှင့် ဒေသတွင်းကုန်သွယ်ရေးဆိုင်ရာသဘောတူစာချုပ်များ မူဘောင်အတွင်းမှ အာဆီယံဒေသတွင်းနိုင်ငံများနည်းတူ အမြင့်ဆုံးရရှိနိုင်သည့် အခွင့်အရေး၊ သက်သာခွင့်များရရှိစေနိုင်ရန် ဆောင်ရွက်ပေးခြင်း၊

(ခ) အကောက်ခွန်ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ၊ပို့ကုန်သွင်းကုန်ခွင့်ပြုခြင်းနှင့် ခွဲတမ်းသတ်မှတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ လိုအပ်သည့်အစီအမံများကို ဆောင်ရွက်ပေးခြင်း။

၃၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်နှင့် ရတနာခွန်ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် သက်သာခွင့်ပေးခြင်းကို ဆောင်ရွက်နိုင်သည်။

၃၈။ (က) ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ ခံစားနိုင်သော အခွန်ဆိုင်ရာသက်သာခွင့်၊ ကင်းလွတ်ခွင့်များကို ပြည်သူများအား အသိပေးခြင်း၊ သက်သာခွင့်များနှင့်အညီ အခွန်ကောက်ခံရာတွင် တွက်ချက်ခွင့်ပြုပေးခြင်း၊ အခွန်ဆိုင်ရာတာဝန်ကျေပွန်သည့် အခွန်ဝန်ထမ်းများ၊ အခွန်ထမ်းပြည်သူများအား အသိအမှတ်ပြုခြင်းနှင့် ထိုက်သင့်သောချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ပေးရမည်။

(ခ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် အခွန်စနစ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် ပုဒ်မခွဲ(က)ပါ လုပ်ငန်းရပ်များကို အကောင်အထည်ဖော်ရာတွင် ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ၌ ပြည်တွင်းအခွန်များဦးစီးဌာန၏ သာမန်အသုံးစရိတ်အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုပေးနိုင်သည်။

(ဂ) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပုဒ်မခွဲ(ခ)ပါ အသုံးစရိတ်များအား အခွန်ကောက်ခံမှုဆိုင်ရာလုပ်ငန်းတာဝန်ကျေပွန်သည့် နိုင်ငံ့ဝန်ထမ်းများကို ဆုကြေးငွေချီးမြှင့်ရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲနိုင်သည်။

၃၉။ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များ ရရှိပိုင်ဆိုင်ထားခြင်းအတွက် အောက်ဖော်ပြပါ ကောက်ခံရဒဏ်ကြေးငွေများ၏ ၂၀ ရာခိုင်နှုန်းကို သတင်းပေးတင်ပြသူအားလည်းကောင်း၊ ၃၀ ရာခိုင်နှုန်းကို ရှာဖွေဖမ်းဆီးသူများအားလည်းကောင်း ဆုကြေးအဖြစ် ချီးမြှင့်ရမည်။ သတင်းပေးတင်ပြသူ မည်သူမည်ဝါဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ထုတ်ဖော်ခြင်းမပြုရ-

(က) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့် အထူးကုန်စည်များနှင့်စပ်လျဉ်း၍ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ရရှိပိုင်ဆိုင်ထားသူနှင့် သတ်မှတ်အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်သည့် အထူးကုန်စည်ထုတ်လုပ်သူတို့အပေါ် အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ(ဂ)နှင့် ပုဒ်မခွဲ(စ)အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေများ၊

(ခ) ကျန်အထူးကုန်စည်များနှင့်စပ်လျဉ်း၍ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ရရှိပိုင်ဆိုင်ထားသူအပေါ် အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ(ဂ)အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ။

၄၀။ (က) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ(စ)တွင် မည်သို့ပင်ပါရှိစေကာမူ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကိုထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ ထုတ်ပေးရန် ပျက်ကွက်ခြင်း သို့မဟုတ် ပြေစာအား ထုတ်ပေးသော်လည်း ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများဖြင့် သတ်မှတ်ထားသော ကျသင့်အခွန်တန်ဖိုးအတိုင်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့ကို မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက ယင်းသို့ပျက်ကွက်ခြင်းအတွက် ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားတန်ဖိုးအပေါ် ထပ်မံပေးဆောင်ရမည့် အခွန်၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်စေရမည့်အပြင် ပျက်ကွက်မှုအကြိမ်အလိုက် အောက်ပါငွေပမာဏကိုပါ ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်-

(၁) ပထမအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၁၀ သိန်း၊
(၂) ဒုတိယအကြိမ် ပျက်ကွက်ခြင်းအတွက် ကျပ် ၂၀ သိန်း၊
(၃) တတိယအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၃၀ သိန်း၊
(၄) တတိယအကြိမ်အထက် ပျက်ကွက်ခြင်းအတွက် ကျပ်သိန်း ၆၀။

(ခ) အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချစေရမည့် ကုန်စည်နှင့်စပ်လျဉ်း၍ သတ်မှတ်အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိဘဲ ရောင်းချကြောင်း မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိသော ကုန်စည်ကို လက်ရှိပိုင်ဆိုင်ထားခြင်းအတွက် လက်ဝယ်ထားရှိသူက ယင်းကုန်စည်တန်ဖိုး၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်။

၄၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ဖော်ပြပါ ကောက်ခံရဒဏ်ကြေးငွေများနှင့်စပ်လျဉ်း၍ ဆုကြေးငွေချီးမြှင့်ခြင်းကို အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်နိုင်သည်-

(က) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်းအထောက်အထားကို ထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ ထုတ်ပေးရန်ပျက်ကွက်ခြင်း၊ ပြေစာအား ထုတ်ပေးသော်လည်း ကျသင့်အခွန်တန်ဖိုးနှင့် ညီမျှသော အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့အတွက် ဤဥပဒေ ပုဒ်မ ၄၀ ပုဒ်မခွဲ(က)အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ၊

(ခ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရန် သတ်မှတ်ထားသော ကုန်စည်နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့်အတိုင်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိဘဲ ရောင်းချခြင်းအတွက် ဤဥပဒေ ပုဒ်မ ၄၀ ပုဒ်မခွဲ(ခ)အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ။

၄၂။ ဘဏ္ဍာရေးနှစ်ပြောင်းလဲခြင်းအတွက် သက်ဆိုင်ရာဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းထားစေကာမူ အကူးအပြောင်းကာလအတွင်း အခွန်ကောက်ခံမှုဆိုင်ရာလုပ်ငန်းများအဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနသည် လိုအပ်သော လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၃။ နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် စပ်လျဉ်း၍ ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာ၊အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း၊ အခိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်၊ လိုက်နာကျင့်သုံးရန် သတ်မှတ်ချက်နှင့် အများပြည်သူသိရှိလိုက်နာရန် သတ်မှတ်ချက်စသည်တို့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ဇယား (၁)

ပြည်ထောင်စု၏အခွန်အကောက်များကောက်ခံရန် မူလခန့်မှန်းခြေ

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | ဝန်ကြီးဌာန/အဖွဲ့အစည်း | အကြောင်းအရာ | ၂၀၂၅ မူလခန့်မှန်းခြေ |
|---|---|---|---|---|
| ၁ | | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၅,၂၅၃,၁၅၁.၀၂၈** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ယစ်မျိုးခွန်၊ | ၁,၅၈၀.၅၈၂ |
| | ၂ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ကုန်သွယ်လုပ်ငန်းခွန်၊ | ၃,၀၄၄,၄၇၀.၅၅၈ |
| | ၃ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | သွင်းကုန်အတွက် လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊ | ၄,၅၀၀.၀၀၀ |
| | ၄ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | မြန်မာနိုင်ငံအောင်ဘာလေ သိန်းဆု၊ | ၂၆,၈၀၃.၅၈၄ |
| | ၅ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊ | ၁၂၄,၈၇၅.၈၂၂ |
| | ၆ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်၊ | ၂၅၂,၄၁၆.၅၆၂ |
| | ၇ | ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | ခရီးလှည့်လည်ရေး လိုင်စင်၊ ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင်၊ ညော့လမ်းညွှန်လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး၊ | ၈၃၆.၆၆၀ |
| | ၈ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အထူးကုန်စည်ခွန်၊ | ၁,၇၃၁,၅၉၅.၅၂၅ |
| | ၉ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ရတနာခွန်၊ | ၅၃,၉၇၀.၅၃၅ |
| | ၁၀ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းမှ ရရှိသည့် အခကြေးငွေများ၊ | ၈,၇၀၀.၀၀၀ |
| | ၁၁ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ကြေးရငွေ၊ | ၃,၃၀၀.၀၀၀ |
| | ၁၂ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | မူပိုင်ခွင့်မှတ်ပုံတင်ကြေးရငွေများ၊ | ၁၀၁.၂၀၀ |
| ၂ | | | **ဝင်ငွေနှင့် ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၄,၂၉၀,၇၄၃.၂၃၆** |
| | ၁ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဝင်ငွေခွန်၊ | ၄,၂၉၀,၇၄၃.၂၃၆ |
| ၃ | | | **အကောက်ခွန်** | **၄၆၀,၀၀၀.၀၀၀** |
| | ၁ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အကောက်ခွန်၊ | ၄၆၀,၀၀၀.၀၀၀ |
| ၄ | | | **နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၉၀၈,၆၈၃.၀၉၄** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | မြေယာပေါ်တွင်ကောက်ခံသည့် အခွန်၊ | ၄၉.၇၄၁ |
| | ၂ | နေပြည်တော်ကောင်စီ | ရေခွန်။ | ၉၆.၂၄၇ |
| | ၃ | ပြည်ထဲရေးဝန်ကြီးဌာန | တာတမံခွန်၊ | ၀.၃၃၆ |
| | ၄ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်၊ | ၃,၅၅၁.၉၇၇ |
| | ၅ | ပြည်ထဲရေးဝန်ကြီးဌာန | ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန် (စက်မှုကုန်ကြမ်းတွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)၊ | ၅၇.၈၀၀ |
| | ၆ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ၊ | ၅,၁၁၅.၃၃၉ |
| | ၇ | စွမ်းအင်ဝန်ကြီးဌာန | ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်၊ | ၅၆၈,၉၇၂.၃၃၄ |
| | ၈ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဓာတ်သတ္တုခွန်နှင့် တွင်းဝခွန်၊ | ၁၆၈,၀၀၀.၀၀၀ |
| | ၉ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့်အခွန်အခ၊ | ၁၁၆,၇၄၄.၃၁၂ |
| | ၁၀ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ၊ | ၄၄,၂၀၆.၉၅၅ |
| | ၁၁ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများထံမှ ကောက်ခံရရှိသည့် အခွန်၊ | ၁,၈၈၈.၀၅၃ |
| စုစုပေါင်း | | | | **၁၀,၉၁၂,၅၇၇.၃၅၈** |

# နိုင်ငံရေးပါတီတည်ထောင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဧပြီ ၇**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်လိုသော **ရခိုင်တိုင်းရင်းသားများပါတီ(Rakhine Nationalities Party)**သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီတည်ထောင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့ထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ လျှောက်ထားသော ပါတီ ၂၁ ပါတီရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့် လျှောက်ထားသည့်ပါတီ ၅၀ စုစုပေါင်းပါတီ ၇၁ ပါတီ ရှိပြီဖြစ်သည်။ ယခုလျှောက်ထားသည့်အဖွဲ့အား ပါတီတည်ထောင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဘယ်လာရုစ်နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ နေပြည်တော်တပ်မတော်လေဆိပ်သို့ရောက်ရှိစဉ်။

# မလေးရှားနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့မှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများ ရောက်ရှိ

**နေပြည်တော် ဧပြီ ၇**

နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အလျင်အမြန်စုံစမ်းစစ်ဆေးပြီး အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာမှလည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးလျက်ရှိရာ သက်ဆိုင်ရာနိုင်ငံများအလိုက်ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများသည် မြန်မာနိုင်ငံသို့ နေ့ရက်အလိုက်ရောက်ရှိကြသည်။

ယနေ့နံနက် ၈ နာရီ ၁၅ မိနစ်တွင် မလေးရှားနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့ဝင် WAN ZAINAL ABIDN BIN WAN YAACOB ပါ ၁၃ ဦးနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများ၊ စောင်များနှင့် စားသောက်ဖွယ်ရာများ ၁၀၈၈၈ ကီလိုဂရမ် တင်ဆောင်၍ မလေးရှားနိုင်ငံ Kuala Lumpur Subang Airportမှ နေပြည်တော်တပ်မတော်လေဆိပ်သို့ လည်းကောင်း၊ ၈ နာရီ ၃၄ မိနစ်တွင် မလေးရှားနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့ဝင် MOHD HAFIFI HAFIDZ BIN ABD RAZAK ပါ ၁၃ ဦးနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများ၊ စောင်များနှင့် စားသောက်ဖွယ်ရာများ၊ မီးဖိုချောင်သုံးပစ္စည်းများ အလေးချိန် ၈၂၁၂ ကီလိုဂရမ် တင်ဆောင်၍ မလေးရှားနိုင်ငံ Kuala Lumpur Subang Airportမှ နေပြည်တော်ရှိ တပ်မတော်လေဆိပ်သို့လည်းကောင်း၊ ၁၁ နာရီခွဲတွင် MAI လေကြောင်းလိုင်းဖြင့် ကယ်ဆယ်ရေးပစ္စည်းစုစုပေါင်းအလေးချိန် ကီလိုဂရမ် ၁၅၂၅၀ တင်ဆောင်၍ မလေးရှားနိုင်ငံ KUALA LUMPUR INTERNATIONAL AIRPORT မှ နေပြည်တော်ရှိ တပ်မတော်လေဆိပ်သို့လည်းကောင်း ရောက်ရှိလာပြီး ၎င်းပစ္စည်းများကို မြန်မာနိုင်ငံကြက်ခြေနီအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်တင်လေးက လွှဲပြောင်းလက်ခံခဲ့ကြောင်း သိရသည်။

ယင်းနောက် ည ၆ နာရီ မိနစ် ၅၀ တွင် ဘယ်လာရုစ်နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများဖြစ်သည့် ဆေးဝါးနှင့် တဲများပါဝင်သည့် ကီလိုဂရမ် ၁၉၄၀၀ သယ်ဆောင်၍ Ministry of Emergency Situation ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဟူဒါလျက်ဗ်အလက်ဇန်းဒါ ဦးဆောင်သည့်အဖွဲ့သည် နေပြည်တော်ရှိ တပ်မတော်လေဆိပ်သို့ ရောက်ရှိလာရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကိုယ်စား တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



မလေးရှားနိုင်ငံမှ လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ အကူအညီများ နေပြည်တော် တပ်မတော် လေဆိပ်သို့ ရောက်ရှိစဉ်။

# ပြည်ထောင်စုတရားလွှတ်တော်ချုပ် အသိပေးထုတ်ပြန်ကြေညာချက်

**ရက်စွဲ ၂၀၂၅ ခုနှစ် ဧပြီ ၇ ရက်**

၂၀၂၅ ခုနှစ် မတ် ၂၈ ရက် ၁၂ နာရီ ၅၁ မိနစ်တွင်ဖြစ်ပွားခဲ့သော မန္တလေးမြေငလျင်ကြီးဒဏ်ကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အဆောက်အအုံတွင် ပျက်စီးမှုများဖြစ်ပေါ်ခဲ့၍ ပြန်လည်ပြင်ဆင်ရန် လိုအပ်ပါသဖြင့် ၂၉-၃-၂၀၂၅ ရက်၊ ၃၁-၃-၂၀၂၅ ရက်နှင့် ၁-၄-၂၀၂၅ ရက်တို့တွင်ကြားနာရန် ကြိုတင်သတိပေးအမှုခေါ်စာရင်းထုတ်ပြန်ထားသည့် ရာဇဝတ်ဆိုင်ရာနှင့် တရားမဆိုင်ရာအမှုများကို ၂၃-၄-၂၀၂၅ ရက်၊ ၂၄-၄-၂၀၂၅ ရက်၊ ၂၅-၄-၂၀၂၅ ရက်တို့တွင် ပြည်ထောင်စုနယ်မြေနေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက် ချင်းတွင်းလမ်းရှိ ဇေယျာသီရိခရိုင်တရားရုံး ၀၆၇-၄၅၁၀၂၄၂ တွင် ပြန်လည်ကြားနာသွားမည်ဖြစ်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့တင်သွင်းမည့်အမှုများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏အမှုလက်ခံကောင်တာတွင် ယခင်အတိုင်းလက်ခံဆောင်ရွက်ပေးလျက်ရှိပြီး ကြိုတင်သတိပေးအမှုခေါ်စာရင်းနှင့် ရုံးခန်းတွင်းဆောင်ရွက်ချက်၊ ရုံးထိုင်ဆောင်ရွက်ချက်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၏ ကြော်ငြာသင်ပုန်းများတွင် ကြည့်ရှုနိုင်ကြောင်း အသိပေးကြေညာလိုက်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

# ၂၀၂၅ ခုနှစ် ဧပြီ ၇ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၆၁၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ရတနာပုံနေ့စဉ်သတင်းစာထုတ်ဝေမှု ၆ ရက် ခေတ္တရပ်နားမည်

ရတနာပုံနေ့စဉ်သတင်းစာကို မဟာသင်္ကြန်ရုံးပိတ်ရက်များဖြစ်သည့် ၂၀၂၅ ခုနှစ် ဧပြီ ၁၃ ရက် (တနင်္ဂနွေနေ့)မှ ဧပြီ ၁၈ ရက် (သောကြာနေ့) ထိ ၆ ရက် ခေတ္တရပ်နားမည်ဖြစ်ပြီး ဧပြီ ၁၉ ရက်(စနေနေ့)တွင် ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါကြောင်း လေးစားစွာအသိပေးအပ်ပါသည်။

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

**( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

---

## မြေငလျင်ဘေးအန္တရာယ်ကျရောက်ခဲ့သည့် ဒေသများတွင် ကျန်းမာရေးဆိုင်ရာသတိပြုရန်အချက်များ

လတ်တလောဖြစ်ပွားခဲ့သောမြေငလျင်ဘေးအန္တရာယ်ကြောင့် အဆိုပါဒေသတွင် နေထိုင်သူများ၊ ယာယီကယ်ဆယ်ရေးစခန်းများတွင်ခေတ္တလာရောက်နေထိုင်နေသူများနှင့် မိမိတို့၏နေအိမ်ဝန်းကျင် မြေကွက်လပ်၊ အားကစားကွင်း၊ စာသင်ကျောင်း စသည့်နေရာများတွင် ယာယီနေထိုင်လျက်ရှိသူများအနေဖြင့် အောက်ဖော်ပြပါအချက်တို့ကို လိုက်နာဆောင်ရွက်ပါ။ အကယ်၍နေထိုင်မကောင်းဖြစ်ပွားပါက နီးစပ်ရာ ဆေးရုံ/ဆေးခန်းများသို့ အမြန်ဆုံး သွားရောက်ပြသ၍ ဆေးကုသမှု ခံယူပါ။

### (၁) ကူးစက်ရောဂါများနှင့် မြွေအန္တရာယ်ကာကွယ်ပါ၊

**ဝမ်းပျက်ဝမ်းလျှောရောဂါ -**
- ချက်ပြုတ်ပြီး အစားအစာများအား သိမ်းဆည်းသိုလှောင်ထားခြင်းမပြုဘဲ ချက်ချင်း စားသုံးရန်၊
- ရေသန့်စင်ဆေးပြားခတ်ထားသောရေ သို့မဟုတ် FDA အသိအမှတ်ပြု သောက်ရေသန့်ကိုသာသောက်သုံးရန်၊
- အစားအသောက်ပြင်ဆင်ချက်ပြုတ်သုံးစွဲရာတွင် ရေသန့်စင်ဆေးပြား သို့မဟုတ် ကလိုရင်းဆေး (Bleaching Powder) ခတ်ထားသော ရေကိုအသုံးပြု၍ ချက်ပြုတ်ရန်၊
- အစားအသောက်မပြင်ဆင်မီ၊ အစာမစားမီနှင့် အိမ်သာအသုံးပြုပြီးတိုင်း လက်ကို ဆပ်ပြာနှင့်ရေ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည် အသုံးပြု၍ စနစ်တကျလက်ဆေးရန်၊ တစ်ကိုယ်ရေသန့်ရှင်းရေး သတိပြုရန်၊
- ယာယီနေထိုင်ရာနေရာများတွင် စနစ်တကျဆောက်လုပ်ပေးထားသည့် အိမ်သာများကိုသာ အသုံးပြုရန်၊
- အမှိုက်များကို သတ်မှတ်အမှိုက်ပုံးများတွင်သာ စနစ်တကျစွန့်ပစ်ရန်။

**မျက်စိနာရောဂါ -**
- မျက်မှန်တပ်ရပါက မျက်မှန်ကို မကြာခဏသန့်ရှင်းရေးပြုလုပ်ရန်၊
- မျက်စိနာနေသူ၏ အဝတ်အစား၊ မျက်နှာသုတ်ပဝါ၊ လက်ကိုင်ပဝါ၊ မျက်မှန် စသည့် အသုံးအဆောင် ပစ္စည်းများကို အခြားသူများနှင့်မျှဝေသုံးစွဲခြင်း လုံးဝ မပြုလုပ်ရန်၊ ထိုသူ၏ အဝတ်အစားများကို သီးသန့် လျှော်ဖွပ် သန့်စင်ရန်၊

**အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ ခြင်မှတစ်ဆင့်ကူးစက်သောရောဂါများနှင့် မြွေအန္တရာယ် -**
- နှာချေတိုင်း၊ ချောင်းဆိုးတိုင်း ပါးစပ်နှင့် နှာခေါင်းကိုလုံအောင်အုပ်ရန်၊
- မိုးရွာသည့်အချိန် သို့မဟုတ် နံနက်ပိုင်း အအေးပိုလာချိန်တွင် အအေးမိခြင်းမဖြစ်စေရေး သတိပြု ဆောင်ရွက်ရန်၊
- ခြင်ထောင် သို့မဟုတ် ဆေးစိမ်ခြင်ထောင်ဖြင့်သာ အိပ်ရန်၊
- ယာယီတဲများကို မြွေနှင့်အခြားအဆိပ်ရှိသတ္တဝါများ မဝင်ရောက်စေရေး သတိပြုဆောင်ရွက်ရန်။

### (၂) အပူဒဏ်ကာကွယ်ရေး သတိပြုဆောင်ရွက်ပါ၊

- ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများ အနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက် ကောင်းသောနေရာများတွင်နားနေရန်၊
- အလင်းပြန်သောအဖြူရောင် သို့မဟုတ် အရောင်ဖျော့သော ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ရန်၊
- ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ရန်၊
- အရက်သေစာသောက်သုံးခြင်းသည် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရနိုင်သောကြောင့် ရှောင်ကြဉ်ရန်၊
- ရေနှင့်ဓါတ်ဆားဓါတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓါတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးရန်၊
- မိတ်နှင့် ယားဖုများ ထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ရန်။

**ကျန်းမာရေးဝန်ကြီးဌာန (၇-၄-၂၀၂၅)**

---

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကိုဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)

---

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အခြေခံဥပဒေသ သဘော

ဗညားကျန်းထော

**နိဒါန်း**

ပထမဦးစွာ စပြီးနိဒါန်းသွယ်လိုသော အကြောင်းခြင်းရာ တစ်ရပ်မှာ မင်္ဂလာဟူသော စကားလုံးဖြစ်ပါ၏။ မိမိတို့ငယ်စဉ်ကပင် မင်္ဂလသုတ်၊ မေတ္တာသုတ် စသည့် ပရိတ်ကြီးပါဠိတော်များကို အသက်ဆယ်နှစ်ကျော်၊ အလယ်တန်းကျောင်းသား၊ ဘုန်းကြီးကျောင်းသားဘဝ၊ ကိုရင်ဘဝအလွတ်ရအောင် ကျက်မှတ်ခဲ့ရသဖြင့် အလွန်ပင်ရင်းနှီးကျွမ်းဝင်ခဲ့ပါ၏။ သို့ရာတွင် သတိမထားမိသော အချက်တစ်ခုကို ပါချုပ်ဆရာတော်ဘုရားကြီး ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ ဟောကြားတော်မူသော ဖုန်းလိုင်းထဲက တရားတော်တစ်ပုဒ်ကိုနာကြားရင်းမှ အံ့အားသင့်စွာ သတိပြုမိခဲ့ရပါ၏။ အခြားတော့မဟုတ်ပါ။ သာမန်အားဖြင့် မင်္ဂလသုတ်နှင့် ပရာဘဝသုတ်ကို မြတ်စွာဘုရားက မေးလျှောက်သူရှိသဖြင့် ဖြေကြားသည့်အနေဖြင့် ဟောတော်မူခြင်း မဟုတ်ပါလား။ ဘယ်သူတွေက မေးခဲ့သနည်း။ မည်သူတွေက သိချင်ကြသနည်း။

နတ်တွေကသိချင်သဖြင့် လူသူကင်းဆိတ် ညအိပ်ချိန် ညအမှောင်မှာ ဘုရားရှင်ထံရောက်ရှိလာပြီး မေးမြန်းလျှောက်ထားသဖြင့် ဟောကြားခြင်းပါတည်း။ နတ်ပြည်ခြောက်ထပ်ရှိ နတ်ဘုံနတ်သားအားလုံးကို စာရေးသူက ဗုဒ္ဓဘာသာဝင်များဟု ယခင်ကထင်မှတ်ထားခဲ့ပါ၏။ အသက် ၇၀ ကျော်ထိ ထိုသို့သာယူဆခဲ့သော်လည်း ဆရာတော်ဘုရားဟောကြားသော တရားကိုနာယူရပါမှ နတ်များ၊ဗြဟ္မာများသည် ရှေးကုသိုလ်အရ ကောင်းမွန်လှသော သုခဘုံတွင် စံစားနေကြသော်လည်း အားလုံးကား ဗုဒ္ဓဘာသာဝင်များမဟုတ်ကြပေ။ အချို့သောနတ်များ၊ ဗြဟ္မာများသာ ဘုရားရှင်၏ တရားအဆုံးအမကိုသိကြ၏။ နာခံကြ၏။ အချို့နတ်သားများက ဘုရားရှင်ဟောကြားသော တရားတော်ကို နာကြားပြီးမှ အသိအမြင်၊ ခံယူချက်၊ သဘောထား အကြီးအကျယ်ပြောင်းလဲသွားခြင်းမျိုးတွေလည်း ရှိလေသည်။

မင်္ဂလသုတ်သည် နတ်များကို ဟောကြားသည့် တရားဖြစ်၏။ သို့ရာတွင် လူ့ဘုံ၊ လူသားအရွယ်အပိုင်းအခြားအကန့်အလိုက် ကျင့်သုံးရန် တိတိကျကျ ထိထိမိမိ လူ၏ဖွံ့ဖြိုးမှုအဆင့်ဆင့်နှင့် လျော်ညီစွာပင် ထုတ်ဖော်ဟောကြားတော်မူခြင်းဖြစ်ပါ၏။ လူ့ဘဝ၊ လူသားအဖြစ်သည် သံသရာခရီးရှည်ကြီးမှာ အပါယ်ငရဲစသော ဒုက္ခတိဘုံအမျိုးမျိုးသို့ တစ်ခဏချင်း ကျဆင်းရောက်ရှိသွားနိုင်သကဲ့သို့ နတ်ဗြဟ္မာဘုံများသာမက လောကမှလွတ်မြောက်ရာ နိဗ္ဗာန်ထိ ဆိုက်ရောက်နိုင်အောင် ဘုရားအဆုံးအမ ဗုဒ္ဓသာသနာထွန်းကားရာ အခြေအနေထူးကြီးလည်း ဖြစ်သည် မဟုတ်လား။

ဘူမိ ၃၁ ဘုံကို အကျယ်တဝင့် သိမြင်ကြသော နတ်ဗြဟ္မာများသည် လူသားအဖြစ်၏ တန်ဖိုးကြီးမြင့်လွန်းလှသော အခြေအနေအခါ အခွင့်ကောင်းကို သိကြလေသည်။ ထို့ကြောင့် လူဘဝ၏ အောင်မြင်ကြီးပွားကြောင်းတရားကို (သူက လူမဟုတ်သော်လည်း) အရေးတကြီးသိချင်၊ မြင်ချင်၊ နားလည်တတ်မြောက်ချင်လေသည်။ မင်္ဂလာဟူသည် အဘယ်နည်း။

**"မင်္ဂလာဟူသည် လူသားအားလုံးနှင့်သက်ဆိုင်သော "ကြီးပွားချမ်းသာရေးနည်းပညာကို " ခေါ်ဆိုသော ပါဠိအမည်တစ်ခုဖြစ်၏"** ဟု ဆရာကြီး ဓမ္မာစရိယဦးဌေးလှိုင်က ဆရာကြီးသုခ၏ မင်္ဂလသုတ်အဖွင့်စာအုပ်မှာ ရေးခဲ့ဖူးပါ၏။

**မင်္ဂလာ**

မြတ်စွာဘုရားရှင်၏ နတ်အများကို ဟောကြားတော်မူခဲ့သော မင်္ဂလသုတ်တရားတော်သည် နှစ်ကာလ ၂၅၀၀ ကျော်မျှ ဖြတ်သန်းခဲ့ပြီး ယနေ့ လူသားအားလုံးအတွက် ထိရောက်စွာ၊ မှန်ကန်ဖြောင့်တန်းစွာ အလင်းပြဆဲဖြစ်ပါ၏။ မင်္ဂလာတရားတော်နှင့် ဆက်စပ်သမျှစာအုပ်များကို အလေးထားစုဆောင်းလေ့လာသော ဆရာတော်တစ်ပါးကို တွေ့ရ၊ ဖူးမြော်ခဲ့ရဖူးပါ၏။ ရွှေတိဂုံဘုရားအရှေ့မုခ် အုတ်လမ်းရှိ ကရင်ပရိယတ္တိကျောင်းတိုက်ဆရာတော် အရှင်ဝိစိတ္တသာရ ဖြစ်ပါသည်။ မင်္ဂလာတရားဆိုင်ရာ စာအုပ်ပေါင်း ရာချီ၍ ဖတ်ရှုစုဆောင်းခဲ့သည့်အပြင် မွေးရပ်ဇာတိ မအူပင် လေးအိမ်စုရွာတွင် "မင်္ဂလာစာကြည့်တိုက်" ကို ဦးဆောင်စီမံတည်ထောင်ပေးခဲ့သည်မှာ ယခုအခါ နှစ်ပေါင်း ၃၀ ကျော် ခိုင်မာရှင်သန်ဖွံ့ဖြိုးနေဆဲ သက်သေ။

ဆရာတော်ဘုရားကို များစွာအားကျလှသဖြင့် မိမိလည်း မင်္ဂလာတရားတော်ဆိုင်ရာစာအုပ်တွေကို လက်လှမ်းမီသမျှ ဖတ်ရှုလေ့လာ စုဆောင်းခဲ့လေသည်။ မိမိစိတ်နှင့် သဘောအကျဆုံးစာအုပ် လေးငါးခြောက်အုပ်ကို နမူနာဖော်ပြပါရစေ။

၁။ ပြည်တော်သာဦးထွန်းရီ ၃၈ဖြာမင်္ဂလာဝတ္ထုတော်ကြီး

**❖ မင်္ဂလသုတ်သည် နတ်များကို ဟောကြားသည့်တရားဖြစ်၏။ သို့ရာတွင် လူ့ဘုံ၊ လူသားအရွယ်အပိုင်းအခြား အကန့်အလိုက် ကျင့်သုံးရန် တိတိကျကျ ထိထိမိမိ လူ၏ဖွံ့ဖြိုးမှုအဆင့်ဆင့်နှင့် လျော်ညီစွာပင် ထုတ်ဖော်ဟောကြားတော်မူခြင်းဖြစ်ပါ၏။ လူ့ဘဝ၊ လူသားအဖြစ်သည် သံသရာခရီးရှည်ကြီးမှာ အပါယ်ငရဲစသောဒုက္ခတိဘုံအမျိုးမျိုးသို့ တစ်ခဏချင်းကျဆင်းရောက်ရှိသွားနိုင်သကဲ့သို့ နတ်ဗြဟ္မာဘုံများသာမက လောကမှလွတ်မြောက်ရာနိဗ္ဗာန်ထိ ဆိုက်ရောက်နိုင်အောင်ဘုရားအဆုံးအမ ဗုဒ္ဓသာသနာထွန်းကားရာ အခြေအနေ ထူးကြီးလည်းဖြစ်သည် မဟုတ်လား။ ❖**

၂။ မင်းယုဝေ ၃၈ ဖြာမင်္ဂလာပုံပြင်များ

၃။ ရဝေနွယ်(အင်းမ) မင်္ဂလာအတွေးများ

၄။ သုခ မင်္ဂလသုတ်အဖွင့်

၅။ သက်လုံ သော့ချက် ၃၈ ချောင်း

၆။ အောင်သင်း လူငယ်များသို့ မင်္ဂလာပါ။

(စာကြည့်တိုက်၊ စာဖတ်ဝိုင်းများတွင် ဆွေးနွေးကြရန်ကောင်းသော စာအုပ်များဖြစ်ကြပါသည်။ အကျိုးကြီးမားမည်။)

**ခရီးရောက်၊ မရောက်**

မင်္ဂလာတရားတော်ဆိုသည်ကား မကောင်းမှုများကို ဖယ်ရှင်းပယ်ဖျောက်စေခြင်းပင်ဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ကြသူများလည်း ရှိပါ၏။ မကောင်းမှုများ ရှောင်ကွင်း၍ကောင်းမှုကုသိုလ်အပြုအမူများကို တစ်စတစ်စစုဆောင်းကာ အလေ့အထ၊ အကျင့်ကောင်းမွေးမြူသွားပါက ထိုလူသားသည် မကြီးပွားဘဲ ဘယ်မှာနေပါတော့မည်နည်း။

စာရေးသူတို့မှာ ပြောစရာစကားတွေ အများကြီးရှိနေပါသေးသည်။ ပြောနေသူအချို့က လိုရင်းအာဘော်ကို ထိရောက်အောင် မဟောပြောတတ်သူများ လည်းတွေ့ရပါ၏။ ကံကောင်းခဲ့သည်မှာ သူက ကောင်းရာ ကောင်းကြောင်းဆီ တိုက်တွန်းအားပေးခြင်းမဟုတ်ဘဲ (ပြည်ပနိုင်ငံကြီးတစ်ခုက အရင်းရှင်နယ်ချဲ့မီလျံနာ သန်းကြွယ်သူဌေးတို့ ပံ့ပိုးပေးကမ်းပြီး နိုင်ငံနှင့်လူမျိုးကို နည်းမျိုးစုံနှင့် ပြိုကွဲကျရှုံးပျက်စီးအောင်) အဖျက်ဘက်ကို သွေးထိုးလှုံ့ဆော်ခဲ့ကြသော ရည်ရွယ်ချက်သည် သူတို့အတွက် ငွေကုန်လူပန်းသလောက် ခရီးမရောက်ခဲ့ပေ။

အဖျက်သမားများ၏ အမျိုးမျိုးသော မှိုင်းတိုက်နှောင့်ယှက်၊ သွေးခွဲဖျက်ဆီးမှုများသည် အများကြီးမပြိုကွဲသော်လည်း ဒဏ်ရာဒဏ်ချက် အက်ကြောင်းအနာတရထိခိုက်မှုများတော့ ရှိခဲ့ရသည်ပင်။ (သူ့အကုသိုလ် အကျိုးပေးချိန်တန်သောအခါ သူ့ဘာသူ ဘုန်းဘုန်းလဲ ကျရှုံးကွယ်ပျောက်သွားနေသည်ကို လက်တွေ့မျက်မြင် ကြားသိကြရပေပြီ။ အကုသိုလ်သည် ကောင်းကျိုးမပေးတတ်ပါချေ။) မိမိတို့ကတော့ အပြုဘက်၊ တည်ဆောက်ခြင်း၊ အသစ်ကောင်းသည် ထက်ကောင်းစွာ တိုးတက်ဖွံ့ဖြိုးခြင်းဆီသို့ အကျိုးပြုသောဘက်မှ ရပ်တည်အားပေးသွားကြမည်သာဖြစ်ပါ၏။ မည်သူ့ကိုမှ အမုန်းမရှိ။ မည်သူ့ကိုမှ အငြိုးအတေးမထား။ ရောက်ရခဲလှသော လူ့ဘဝတိုတိုကာလလေးမှာ ဘယ်သူဘယ်ဝါမှလည်း သတ်ဖြတ်နေစရာမလို။ (သေခြင်းသဘောက သူ့မှာမျိုးစေ့ပါပြီးသားလေ) အချိန်စေ့သောအခါ ဘယ်သူမဆို သေသွားကြရမှာချည်းမို့ သတ်ဖို့မလိုအပ်ချေ။ သူတစ်ပါးကို ဒုက္ခပေး၊ နှိပ်စက်သဖြင့် မိမိအတွက်မှာ ကောင်းကျိုးချမ်းသာ ဖြစ်လာစရာ အကြောင်းမရှိ။ အမုန်းအလိုမရှိ။ မေတ္တာသာ ကျင့်ကြံပွားများခဲ့၏။

**စေတနာ**

စာပေရေးသားခြင်း၊ စာပေဟောပြောခြင်းတို့မှာ ပင်မဦးတည်ချက်ရှိရ၏။ လောကကောင်းကျိုးတိုးတက်အောင်မြင်ပါစေ၊ ဖွံ့ဖြိုးသာယာအောင်မြင်ပါစေ ဆိုသော စေတနာဖြစ်၏။

ဖြစ်ချင်သောအရာများအတွက် ဖြစ်စဉ်အကျိုးအကြောင်းကွင်းဆက်ကို သိကြရမည်။ လေးဆင့်ရှိပါသည်။

၁။ **သတင်း။** မီဒီယာ၊ ပြန်ကြားရေး၊ အရေး၊ အပြော။
(**Information:** Fact, Data, Events.)

၂။ **ဗဟုသုတ။** အမြင်၊ အကြား၊ (ရူပက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ)။
(**Knowledge:** Thinking, Reasoning)

၃။ **သဘောထား။** နားလည်၊ သိမြင်၊ စဉ်းစားဆင်ခြင်။
(**Attitude:** Vision, Outlook, Conclusion)

၄။ **အပြုအမူ၊ လုပ်ဆောင်ချက်။** တန်ဖိုး၊ ကြိုးပမ်းမှု
(**Behaviour:** Value, Habit, Lifestyle, Performance Achievements,Psycho-motor Skills)

အရေးအသား၊ အဟောအပြော၊ သတင်း၊ မီဒီယာ၊ ပြန်ကြားရေးသည် ရှေးဦးဆုံးအကြောင်းခံမူလဖြစ်နေသဖြင့် အဓိကကျသည်ဟု ပြောနိုင်ပါ၏။ အလွန်အရေးကြီးသည်ဟုလည်း သိကြပြီးသားဖြစ်ပါသည်။ အချို့အစိုးရမှာ ပြန်ကြားရေးဝန်ကြီးဌာနဟူ၍ မရှိကြပါ။ သမ္မတရုံး၊ အစိုးရအဖွဲ့ရုံးက တိုက်ရိုက်သတင်းထုတ်ပြန်ခြင်း၊ သတင်းဝေငှခြင်း၊ ပြောဆိုခြင်း စသည်တို့ကို ကာရိုလိုင်းလယ်ယာဗစ် (Karoline Leavitt) ဆိုသည့် အသက် ၃၀ တောင်မရှိသေးသောမိန်းကလေးက ကျွမ်းကျင်နိုင်နင်းစွာ ပြောဆိုဖြေကြားနေခြင်းကို ကြည့်မြင်လျှင် ထိရောက်ပုံကိုသိနိုင်ပါလိမ့်မည်။ အမေရိကန်သမ္မတရုံးက ပြောရေးဆိုခွင့်ရှိသူ၊ သော့ချက်တာဝန်ကြီးတစ်ခုကို နေ့စဉ်ပိုင်နိုင်စွာ ကိုင်တွယ်ပြောဆိုနေပုံ မြင်ရကြားရပါမည်။ အားကျအတုယူစရာပင်။

သတင်းအဆင့် အကြားအမြင်ပြီးသော် ထိုအချက်အလက်အကြောင်းအရာများကို လူတစ်ဦးချင်းစီက ဗဟုသုတအကြားအမြင်အဖြစ် လက်ခံသိမ်းပိုက်၏။ သူကြိုက်လျှင်ယူ၏။ မကြိုက်သောအရာမျိုးဆိုက ဖယ်ချထားလိုက်၏။ ဘေးသို့ချ၏။ သို့မဟုတ် အမှိုက်ပုံးထဲသို့ ထည့်ပစ်လိုက်၏။ ညံ့ဖျင်းသော သတင်းမီဒီယာများဆီက ရေးသောစာ၊ ပြသောရုပ်ပုံ၊ ပြောသောစကားအများစုသည် အမှိုက်ပုံဆီသို့သာ ရောက်သွားကြ၏။ လူထု၏နားမျက်စိထဲ ရောက်အောင်ပို့တတ်ရ၏။ အရည်အသွေး၊ ဆွဲဆောင်နိုင်စွမ်းမြင့်မားရပါမည်။ လူတစ်ဦးချင်းစီမှာ သီးသန့်သီးခြားကြိုက်ခြင်း၊ မကြိုက်ခြင်း၊ နှစ်သက်ခြင်း၊ မနှစ်သက်ခြင်း၊ ခံယူပုံကွဲပြားခြားနားကြသကဲ့သို့ ကောင်းလျှင်လူတိုင်းကြိုက်ကြ၏။ ချိုလျှင် လူတိုင်းကြိုက်၏။ မျက်စိအရသာ၊ နားအရသာ လှပငြိမ့်ညောင်းမှုများကို လူတိုင်းက နှစ်သက်တတ်၏။ သီးသန့်သဘောဖြစ်စေ၊ ယေဘုယျသဘောဖြစ်စေ၊ လူအများနားမျက်စိမှ တစ်ဆင့် ဦးနှောက်နှင့် နှလုံးသားထဲသို့ (သူ့စိတ်ကြိုက်အရ) ဝင်ရောက်သွားခြင်းသည် ဆန်မှုထမင်းဖြစ်သည်နှင့်တူပါ၏။ ကြက်သားတုံးမှ ကြက်သား ဟင်းဖြစ်သည်နှင့်ဆင်တူ၏။

တတိယအဆင့်က သဘောထား၊ အမြင်၊ ခံယူချက်၊ အတွေးအယူဖြစ်ပါ၏။ သူ့မျက်လုံးထဲရောက်နေခဲ့ပြီ။ သူ့နှလုံးသားထဲ ငြိခဲ့ပြီ။ သူ့ဦးနှောက်ထဲတွင် မှတ်ဉာဏ်စတိုခန်း၌ ထည့်သိမ်းလိုက်ပြီးပြီ။ သူပိုင်မှုပိုင်အဖြစ် ရောက်ရှိသွားပြီ။ ဤအရာသည် လူတစ်ဦး၏ ဘဝလမ်းညွှန် ပဲ့ကိုင်အယူအဆ၊ အစွဲ၊ အမြင်၊ သဘောထားဖြစ်သဖြင့် မနောကံအလုပ်ကို စီမံ၏။ လူတစ်ယောက်၏ အညာဟုလည်း ဆိုနိုင်ပါ၏။

စတုတ္ထနောက်ဆုံးအဆင့် ထွက်ပေါ်လာသောအရာကား အပြုအမူ၊ လုပ်ဆောင်ချက်၊ ကြိုးပမ်းမှု စိတ်ပါလက်ပါ ဆောင်ရွက်ချက်များ မဟုတ်ပါလား။ ဒါမှ အလုပ်ဖြစ်သောကွင်းဆက်က အသက်ဝင်၏။ သူ့မှာရှိသော ခံယူချက်၊ သဘောထား၊ အလေ့အကျင့်၊ တန်ဖိုး၊ တတ်ကျွမ်းမှု၊ လူ့စွမ်းရည်ထုတ်လုပ်ခြင်း (ဝစီကံ၊ ကာယကံ) ဟူသမျှသည် သတင်းအဆင့်၊ အမြင်အကြားဗဟုသုတအဆင့်၊ အမြင်၊ သဘောထားအဆင့်တို့ကြောင့် နောက်ဆုံးရလဒ်အပြုအမူ လုပ်ဆောင်ချက် ပေါ်ထွက်စေနိုင်ခဲ့ပြီ။ ၎င်းကို ထိရောက်မှု (Impact) ဟုခေါ်ပါ၏။

**နိဂုံး**

ထိရောက်အောင်ရေးတတ်၊ ပြတတ်၊ စီမံတတ်၊ ပြောဆိုတတ်ရန် လေ့လာလေ့ကျင့်၊ ကျွမ်းကျင်မှုကား အမြဲတစေဘဝတစ်လျှောက်လုံး ဆည်းပူးနေအပ်ပါ၏။ ပြန်ကြားရေးကား တာဝန်ကြီးပါ၏။ အရေးကြီးလှပါ၏။

ဥပမာတစ်ခုသာ တင်ပြပါရစေ။ လေ့ကျင့်ပါလျှင် ကျွမ်းကျင်လာမည်။ ဟောပြောသူမှာ ဟောပြောချက်ကောင်းမွန်ထိရောက်စေရန် အောက်ပါအချက်များ လိုအပ်ပါ၏။

၁။ အချိန်ယူလေ့လာပြင်ဆင်မှု Preparation
၂။ ချိုသာချောင်းခြင်း Sweet
၃။ ပြုံးရွှင်လန်းဆန်းခြင်း Smile
၄။ လိုရင်းတိုရှင်းခြင်း Short
၅။ ခေတ်မီ၊ သပ်ရပ်၊ ရည်မွန်ခြင်း Smart
၆။ ပြတ်သားထင်ရှားခြင်း Sharp
၇။ မှန်ကန်၊ ကိုးစားနိုင်ခြင်း True ၊ Validity
၈။ ယုံကြည်စိတ်ချအပ်ခြင်း Trustworthy
၉။ ကျိုးကြောင်းဆီလျော်ခြင်း Logical
၁၀။ ထိရောက်သည့် အကျိုးသက်ရောက်မှု Impact

# ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၂၆၅၈ ဧက ရိတ်သိမ်းပြီးစီး



**ဘုတလင် ဧပြီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၂၆၅၈ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၂၆၅၈ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပြောင်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၃၃ ဧက တစ်ဧကလျှင် ၂၅ ဒသမ ၂၇ တင်းနှင့် ဖူးစားပြောင်း ၂၆၂၅ ဧက တစ်ဧကလျှင် ပြောင်းဖူးရေ ၁၉၀၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။

"ဘုတလင်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ဧက ၂၆၅၈ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပြောင်းခင်းတွေ အခုလက်ရှိမှာ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။

ဘုတလင်မြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုးကြိုးတင်ကာကွယ်ရေး စသည့် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ပြောင်းသီးနှံကို အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်အောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက မြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုပါ ပြည်ပနိုင်ငံများသို့ ပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် ပြောင်းသီးနှံကို ဒေသတွင်း၌ ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။

(၂၀၆)

# နမ့်စန်မြို့နယ် နမ့်ဆွယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နမ့်စန် ဧပြီ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေများတိုးပွားလာကာ ဆင်းရဲမှုနှုန်းလျော့ကျလာစေရန် ရည်ရွယ်၍ နမ့်ဆွယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ နဝမအကြိမ်ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းမြတ်ဟိန်းစိုးက ကျေးရွာရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် ကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၆၁ ဒသမ ၃ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက နမ့်ဆန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၉ ဦးကို ငွေကျပ် ၆၁ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သံသာ**

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ပန်းခရုပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ ဧပြီ ၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ပန်းခရုပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြ၍ သိရသည်။



ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလက ပန်းခရုပိဿာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ပန်းခရုပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ဒီဘက်က ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေတာ ဖြစ်ပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ရေထွက်ကုန်တွေထဲမှာ ပန်းခရုပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ပန်းခရုတွေရဲ့ လတ်ဆတ်မှုနဲ့သန့်ရှင်းမှုအပေါ်မူတည်ပြီး ဈေးအပြောင်းအလဲရှိပါတယ်''ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြသည်။

ဖျာပုံမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ပန်းခရုတစ်ပိဿာလျှင် ၂၀၅၀၀ ထိ ပေါက်ဈေးရှိကြောင်း အဆိုပါဒေသမှ ပန်းခရုများအပြင် အခြားရေထွက်ကုန်များ အရောင်းအဝယ်၊ တင်ပို့အားကောင်းလာသည့်အတွက် ရေလုပ်သားများ၊ တစ်နိုင်တစ်ပိုင် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မင်းလှမြို့နယ် ပန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ ဧပြီ ၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်းလှမြို့နယ် ပန်းတောကျေးရွာအုပ်စု ပန်းတောကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာယာဝတီခရိုင် ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်နှင့် ဝန်ထမ်းများက ပန်းတောကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အသင်းသားများ၏ ချေးငွေလျှောက်လွှာ၊ ချေးငွေအတည်ပြုလွှာပုံစံ၊ ချေးငွေသဘောတူစာချုပ်၊ တစ်ဦးချင်းချေးငွေမှတ်တမ်းများ၊ လက်မှတ်များပြည့်စုံမှု ရှိ၊ မရှိ၊ ငွေစာရင်းပုံစံများ ဖြည့်သွင်းထားခြင်း ရှိ၊ မရှိ တို့ကို စစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တာဝန်ရှိသူများက ပန်တောကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၃ ဒသမ ၅၅ သန်း လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ပန်းတောကျေးရွာ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅၃ ဦးကို ငွေကျပ် ၅၁ ဒသမ ၇၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၁ ဒသမ ၄ သန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် သုည ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၂ ဦးကို ငွေကျပ် ၅၃ ဒသမ ၅၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သုတ**



# စလင်းမြို့နယ် ဝက်သိုက်ကျေးရွာ၌ RBF စီမံကိန်းဖြင့် ဝက်မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**စလင်း ဧပြီ ၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှမ်းစုကျေးရွာအုပ်စု ဝက်သိုက်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF)ဖြင့် ဝက်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ဧပြီ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့်တာဝန်ရှိသူများသည် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်း (RBF)လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ဝက်သိုက်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်း (RBF)ချေးငွေဖြင့် CP ဝက်မွေးမြူရေးလုပ်ငန်းဆောင်ရွက်သောအဖွဲ့လေးဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် စီမံကိန်းဆိုင်ရာညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှုများကို စစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ဝက်သိုက်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF)ကို ၂၀၂၄-၂၀၂၅ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ယခုနှစ် ဒုတိယနှစ်စက်ဝန်းတွင် အဖွဲ့လေးဖွဲ့ကို ငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။ **သန်းသန်းစိုး**

# အမေရိကန်နှင့် အီရန်တို့၏ စကားစစ်ထိုးမှုများနှင့် ဖြစ်လာနိုင်သည့်အန္တရာယ်

အီရန်နှင့် အမေရိကန်တို့၏ စကားစစ်ထိုးမှုများသည် မကြာသေးသည့်ရက်သတ္တပတ်များက သိသိသာသာအရှိန်မြင့်လာခဲ့သည်။ ယခင်က အစ္စရေးအပေါ်ကျရောက်လာနိုင်သည့်အန္တရာယ်ကို ကြိုတင်ကာကွယ်ရန်အစီအစဉ်မှ ယခုအခါ အီရန်နျူကလီးယားအရေးကို ပြန်လည်ဦးတည်လာခဲ့ခြင်းဖြစ်သည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ရုရှား-ယူကရိန်းပဋိပက္ခတွင် တိုက်ခိုက်မှုများရပ်တန့်ရေးကို အင်တိုက်အားတိုက် လုပ်ဆောင်နေသည့်တိုင် အရှေ့အလယ်ပိုင်းအရေးတွင်မူ ကြမ်းတမ်းသည့်နည်းလမ်းများကို ပြောင်ပြောင်တင်းတင်း လုပ်ဆောင်လာသည်။ ထိုအခြေအနေများက ဒေသတွင်း ကပ်ဘေးဆိုးဖြစ်လာနိုင်သည့်အန္တရာယ်ကို ဖိတ်ခေါ်သကဲ့သို့ရှိနေသည်။

**အမေရိကန်သမ္မတဒေါ်နယ်ထရန့်၏ ခြိမ်းခြောက်မှု**

အီရန်နိုင်ငံသည် နျူကလီးယားအစီအစဉ်ရပ်ဆိုင်းရေးသဘောတူညီချက် ပြုလုပ်ခြင်းမရှိဘဲ နျူကလီးယားလက်နက်ထုတ်လုပ်ရေး လုပ်ဆောင်နေပါက ဗုံးကြဲခံရလိမ့်မည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က သတင်းထောက်တစ်ဦးကို မတ် ၂၉ ရက် တွေ့ဆုံမေးမြန်းခန်းတစ်ခု၌ ပြောကြားခဲ့သည်။ ထို့ပြင် ဒုတိယအခွန်အကောက်များဟု ခေါ်သည့် ကုန်သွယ်ရေးထိုးနှက်မှုအစီအစဉ်ဖြင့်လည်း အီရန်ကို အပြစ်ပေးမည်ဟု ခြိမ်းခြောက်ထားသည်။

**အီရန်နျူကလီးယားအရေး**

အီရန်သည် နျူကလီးယားလက်နက်ထုတ်လုပ်ရန် ရက်သတ္တပတ်အနည်းငယ်သာလိုသည်ဟု လေ့လာသူများက ပြောကြားသော်လည်း အီရန်က လက်နက်များတည်ဆောက်နေခြင်းကို ငြင်းဆိုထားသည်။ မည်သို့ပင်ဆိုစေကာမူ အမေရိကန်၏ တိုက်ခိုက်မှုသည် ပိုမိုကျယ်ပြန့်သောပဋိပက္ခဆီသို့ ပျံ့နှံ့သွားနိုင်သည့်အန္တရာယ်ရှိနေသည်။ အီရန်၏ အရှိန်မြင့်လာသည့် နျူကလီးယားလှုပ်ရှားမှုများနှင့် ပတ်သက်၍စိုးရိမ်မှုများကို အမေရိကန်မဟာဗျူဟာကွပ်ကဲမှုဌာနချုပ်၏ ယခုနှစ် အစီရင်ခံစာက စိုးရိမ်မှုများကို ထပ်မံဖော်ပြခဲ့သည်။ ထုတ်ပြန်ချက်အရ အီရန်သည် နျူကလီးယားဗုံးလက်နက်ထုတ်လုပ်ရန် လိုအပ်သည့်ယူရေနီယံသန့်စင်ရေးအတွက် ခန့်မှန်းထားသည့်အချိန်ကို လျော့နည်းစေပြီး ရက်သတ္တပတ်အတွင်း လုပ်ဆောင်နိုင်စေမည်ဖြစ်သည်။ ဤအချက်က အီရန်နိုင်ငံကြောင့် ပေါ်ပေါက်လာသည့် နျူကလီးယားပြန့်ပွားမှုအန္တရာယ် ပုံမှန်မြင့်မားလာမှုကို ကိုယ်စားပြုပြီး နိုင်ငံတကာစောင့်ကြည့်မှုနှင့် မူဝါဒချမှတ်သူများထံမှ အသေးစိတ်စိစစ်မှုလုပ်ဆောင်စေသည်ဟု ဖော်ပြခဲ့သည်။

၂၀၂၅ခုနှစ် အစောပိုင်းတွင် နိုင်ငံတကာစွမ်းအင်အေဂျင်စီ(IAEA)က အီရန်သည် ၆၀ ရာခိုင်နှုန်း သန့်စင်သည့်ယူရေနီယံကို သိုလှောင်ထားသည်ဟု ဖော်ပြခဲ့သည်။ အဆိုပါသန့်စင်မှုအဆင့်အတန်းသည် တစ်ပတ်အတွင်း လက်နက်ထုတ်လုပ်နိုင်သည့် ယူရေနီယံကို ထုတ်လုပ်နိုင်စွမ်းရှိပြီး ဤစွမ်းရည်သည် အဆင့်မြင့် IR-6 စင်ထရီဖျူ့တ်အခဲကို ထုတ်လုပ်နိုင်သည်။ ထိုသို့ အဆင့်မြင့်အခြေအနေက အီရန်အတွက် နျူကလီးယားပိုင်နိုင်ငံအဖြစ်သို့ ရောက်ရှိနေသည့်အခြေအနေကို ပြသလျက်ရှိနေသည်။ အီရန်သည် လက်ရှိအချိန်ထိ လုပ်ဆောင်ခြင်းမရှိသေးသည့်တိုင် သတိပေးချက်အတိုဆုံးအချိန်အတွင်း နျူကလီးယားလက်နက်တည်ဆောက်ရန် ပစ္စည်းများနှင့် နည်းပညာများပိုင်ဆိုင်နေပြီဟု ဆိုလိုခြင်းဖြစ်သည်။

အီရန်အာဏာပိုင်များက ၎င်းတို့၏နျူကလီးယားအစီအစဉ်သည် ငြိမ်းချမ်းစွာအသုံးပြုရေးကိုသာ ရည်ရွယ်သည်ဟူသောအချက်ကို ထိန်းသိမ်းရန် ဆက်လက်လုပ်ဆောင်ပြီး ငြိမ်းချမ်းစွာအသုံးပြုရေးအတွက် နျူကလီးယားပိုင်ဆိုင်ခွင့်ရှိသည်ဟူသောအချက်ကို အလေးပေးဖော်ပြလျက်ရှိသည်။ သို့သော်လည်း ၂၀၂၃ ခုနှစ်အတွင်း အီရန်အရာရှိတချို့က မကြာသေးသည့်နှစ်များအတွင်း ထုတ်ပြန်ချက်များက အီရန်အနေဖြင့် ပြည်ပခြိမ်းခြောက်မှုများ တိုးမြင့်လာလျှင် ၎င်း၏ နျူကလီးယားလက်နက်နှင့်ပတ်သက်၍ ထားရှိသည့်မူဝါဒကို ပြန်လည်သုံးသပ်နိုင်သည်ဟူသောကောက်ချက်ချမှုဖြင့် အဓိပ္ပာယ်နှစ်ခွဖြစ်စေသည်။ ရန်ဘက်နိုင်ငံများက အီရန်အနေဖြင့် စွမ်းရည်ရှိသည့်အခြေအနေမှ အမှန်တကယ် နျူကလီးယားလက်နက်ပိုင်ဆိုင်ရေးသို့ လျင်မြန်စွာ အသွင်ကူးပြောင်းမည်ကို စိုးရိမ်လျက်ရှိသည်။

US Military Facilities in the Middle East




၂၀၁၈ ခုနှစ်က အမေရိကန်သမ္မတဒေါ်နယ်ထရန့်သည် ၎င်း၏နျူကလီးယားအစီအစဉ်အပေါ် ကန့်သတ်ချုပ်ချယ်မှုအတွက် အပြန်အလှန်အားဖြင့် အီရန်အပေါ်ပိတ်ဆို့အရေးယူမှုများကို လျှော့ပေါ့ပေးမည့်သဘောတူညီချက်မှ အမေရိကန်နိုင်ငံကို နုတ်ထွက်စေခဲ့သည်။ ယခုအခါ ဒေါ်နယ်ထရန့်၏ ဒုတိယသက်တမ်းတွင် စစ်ဘက်ဆိုင်ရာတင်းမာမှုအန္တရာယ်ကိုလျှော့ချနိုင်သည့် သဘောတူညီချက်သစ်အတွက် ဆွေးနွေးရန်လမ်းဖွင့်ထားကြောင်း၊ အီရန်အဓိပတိ အယာတိုလာခါမေနီထံ ထိုသို့ဆွေးနွေးရန် အဆိုပြုသည့်စာတစ်စောင်ပေးပို့ခဲ့ကြောင်း ဒေါ်နယ်ထရန့်က မတ်လအစောပိုင်းတွင် ထုတ်ဖော်ပြောကြားခဲ့သည်။

တစ်ချိန်တည်းတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် နောက်ထပ်ပိတ်ဆို့အရေးယူမှုများနှင့် စစ်ရေးခြိမ်းခြောက်မှုဆိုင်ရာ ၎င်း၏အမြင့်ဆုံးဖိအားပေးမှုအစီအစဉ်ကို တွန်းအားပေးခဲ့ခြင်းဖြစ်သည်။ မတ် ၃၀ ရက် အစောပိုင်းတွင် အီရန်နိုင်ငံပိုင်မီဒီယာမှလွှင့်တင်ခဲ့သည့်ဗီဒီယိုတစ်ခုတွင် သမ္မတမာဆွတ် ပီဇက်ကီရန်က တိုက်ရိုက်ညှိနှိုင်းမှုများကို ပယ်ချခဲ့သည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးက အိုမန်နိုင်ငံရှိ ကြားခံပုဂ္ဂိုလ်များမှတစ်ဆင့် ပြောကြားတုံ့ပြန်ခဲ့သည်။ သို့သော် သွယ်ဝိုက်စေ့စပ်ညှိနှိုင်းမှုများ ဆက်လက်လုပ်ဆောင်နိုင်သည်ဟု အီရန်အဓိပတိက ပြောကြားခဲ့သည်။

**အီရန်၏တုံ့ပြန်မှု**

အီရန်အစ္စလာမ့်စ်သမ္မတနိုင်ငံ တပ်မတော်စစ်ဦးစီးချုပ်က ရန်သူများ၏ခြိမ်းခြောက်မှု၊ ရန်လိုမှုနှင့် စစ်လှုံ့ဆော်မှုမှန်သမျှကို ပြင်းပြင်းထန်ထန် တုံ့ပြန်သွားမည်ဟုပြောကြားခဲ့သည်။ အီရန်သည် ၎င်း၏အခြေခံမှုများနှင့် နိုင်ငံကို အစဉ်အမြဲကာကွယ်ခဲ့ပြီး ဒေသတွင်း၊ နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ရှေ့ပြေးနိမိတ်တစ်ခုဖြစ်ကြောင်း အစ္စလာမ့်စ်သမ္မတနိုင်ငံတည်ထောင်ခြင်း ၄၆ နှစ်မြောက်နှစ်ပတ်လည်နေ့ ကြေညာချက်တစ်ရပ်တွင် ပြောကြားထားသည်။ ခြိမ်းခြောက်မှု၊ ရန်လိုမှု၊ စစ်လှုံ့ဆော်မှုနှင့်အီရန်ပိုင်နက်ကို ကျူးကျော်ဝင်ရောက်လာမှုမှန်သမျှသည် ပြင်းထန်ပြီး ခိုင်မာအားကောင်းသောနည်းလမ်းဖြင့် တုံ့ပြန်မည်ဖြစ်ကြောင်း ရန်သူအားလုံးကို သတိပေးပြောကြားခဲ့သည်။

အီရန်သည် ၎င်း၏ ပြောင်းလဲမှုမရှိသော အကြွင်းမဲ့မဟာဗျူဟာအဖြစ် ကမ္ဘာပေါ်ရှိ အဖိနှိပ်ခံပြည်သူများ အထူးသဖြင့် အဖိနှိပ်ခံပါလက်စတိုင်းပြည်သူများအတွက် ကာကွယ်ရေးနှင့် ပံ့ပိုးကူညီမှုများကို အစဉ်အမြဲလုပ်ဆောင်လျက်ရှိသည်။ အီရန်ကြည်းတပ်မြေပြင်တပ်မှူးက ၎င်း၏တပ်ဖွဲ့များသည် ရန်သူများကိုချေမှုန်းရန် အပြည့်အဝအသင့်ဖြစ်နေပြီဟုလည်း ပြောကြားခဲ့သည်။ အစ္စလာမ့်စ်သမ္မတနိုင်ငံသည် ရေရှည်တည်တံ့သောထိုးစစ်အသွင်ရှိ ခုခံကာကွယ်ရေးစစ်ရေးဟန့်တားမှုအဆင့်သို့ရောက်ရှိခဲ့ပြီး အလွန်အကျွံတောင်းဆိုမှုများ၊ ခြိမ်းခြောက်မှုများ သို့မဟုတ် အဓိပ္ပာယ်မရှိသောမှတ်ချက်များ ကြားရချိန်တွင် ၎င်း၏ မြင့်မြတ်သောအတွေးအခေါ်များနှင့် ပန်းတိုင်များကိုလျှောက်လှမ်းရန် မည်သည့်အခါမျှ တုံ့ဆိုင်းမည်မဟုတ်ဟု ဆိုထားသည်။

**အီရန်တိုက်ခိုက်မှုအကွာအဝေးအတွင်းရှိ အမေရိကန်စခန်းများ**

အစ္စလာမ့်တော်လှန်ရေးအစောင့်တပ် (IRGC)၏ အဆင့်မြင့်တပ်မှူးတစ်ဦးဖြစ်သည့် လေကြောင်းဌာနခွဲမှ တပ်မှူးဗိုလ်မှူးချုပ် Amir Ali Hajizadeh(R)က ဒေသတွင်းရှိ အမေရိကန်တပ်ဖွဲ့များသည် လုံခြုံမှုမရှိသည့်ဖန်အိမ်တွင်နေထိုင်ပြီး အခြားသူများကို ရန်ပြုနေခြင်းမှ ရှောင်ကြဉ်သင့်ကြောင်း မတ် ၃၁ ရက်က သတိပေးထားသည်။ အမေရိကန်သည် ဒေသတွင်း အထူးသဖြင့် အီရန်တစ်ဝိုက်ရှိ စစ်အခြေစိုက်စခန်း ၁၀ ခုရှိပြီး ၎င်းတွင် အခြေစိုက်သည့် တပ်ဖွဲ့ဝင် ၅၀၀၀၀ ရှိနေသည်ဟု ၎င်းကဆိုခဲ့သည်။

အမေရိကန်က အီရန်ကို ထိုသို့ခြိမ်းခြောက်မှုနှင့် ပတ်သက်၍ အမေရိကန်၏ အနိုင်ကျင့်သည့် နည်းဗျူဟာများသည် ကောင်းမွန်သည့်စိတ်ကူးမဟုတ်သည်ကို အီရန်၏ လက်နက်များက ပြသလျက်ရှိသည်။ အရှေ့အလယ်ပိုင်းတွင် အမေရိကန်စစ်အခြေစိုက်စခန်းများ၊ တပ်စခန်းများနှင့် မျှဝေသုံးစွဲသည့်တည်နေရာ ၆၀ ကျော်ရှိနေသည်။ ၎င်းတွင် ဘာရိန်းနိုင်ငံ၌တည်ရှိသည့် အမေရိကန်၏ အမှတ်(၅) ရေတပ်ဌာနချုပ်ထားရှိရာ ရေတပ်အထောက်အကူပေးအဖွဲ့နှင့် အမေရိကန်၏အလယ်ပိုင်းကွပ်ကဲမှုဌာနချုပ်ထားရှိရာ အယ်လ်အူဒီလေတပ်စခန်းဌာနချုပ်မှ ပါရှန်ပင်လယ်ကွေ့၊ အိုမန်၊ ဆော်ဒီအာရေဗျ၊ အီရတ်၊ ဂျော်ဒန်၊ ဆီးရီးယားနှင့် တူကီယဲရှိ ကြည်းတပ်၊ ရေတပ်နှင့် လေတပ်စခန်းများပါဝင်သည်။ ပဋိပက္ခဖြစ်ပွားလျှင် ထိုအခြေစိုက်စခန်းအားလုံးသည် အီရန်၏ ဒုံးကျည်များနှင့် ဒရုန်းများရောက်ရှိရာ အကွာအဝေးအတွင်းတည်ရှိနေသည်ကို တွေ့ရှိရသည်။

**ဒေသတစ်ခုလုံးအတွက် ကပ်ဘေးသက်ရောက်နိုင်မှု**

အီရန်၏ နျူကလီးယားလုပ်ငန်းခွင်နေရာများကို စစ်ရေးအရတိုက်ခိုက်ပါက ဒေသတွင်းတစ်ခုလုံးအတွက် ကပ်ဘေးများဖြစ်လာနိုင်သည်ဟု ရုရှားလက်ထောက်နိုင်ငံခြားရေးဝန်ကြီး Sergei Ryab-kov က ဧပြီ ၁ ရက်တွင် အမေရိကန်ကို သတိပေးခဲ့သည်။ ခြိမ်းခြောက်မှုများ အမှန်တကယ်ကြားနေရကြောင်း၊ ရာဇသံများကိုလည်း ကြားနေရကြောင်း၊ အထူးသဖြင့် နျူကလီးယားအခြေခံအဆောက်အအုံများအပေါ် တိုက်ခိုက်မှုများပြုလုပ်လျှင် ၎င်းအကျိုးဆက်များက ဒေသတစ်ခုလုံးအတွက် ကပ်ဘေးဖြစ်နိုင်ကြောင်း၊ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ နောက်ဆုံးပြောကြားခဲ့သည့် မှတ်ချက်များသည် အီရန်နှင့်ပတ်သက်ပြီး တင်းမာမှုများတိုးပွားစေကာ အခြေအနေကိုရှုပ်ထွေးစေကြောင်း ၎င်းက ပြောကြားခဲ့သည်။ ထိုသို့ ခြိမ်းခြောက်မှုနည်းလမ်းသည် သင့်လျော်မှုမရှိဟု မိမိတို့ယူဆကြောင်း၊ ထိုသို့ ခြိမ်းခြောက်မှုကို မိမိတို့ရှုတ်ချကြောင်း၊ အမေရိကန်အနေဖြင့် အီရန်ဘက်မှ ဆန္ဒတစ်ခုကိုပြဋ္ဌာန်းရန် နည်းလမ်းတစ်ခု လုပ်ဆောင်ခြင်းဖြစ်သည်ဟု မိမိတို့ယူဆကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ခြုံ၍ဆိုရလျှင် အမေရိကန်သမ္မတဒေါ်နယ်ထရန့်၏ ဗုံးခွဲတိုက်ခိုက်ခြင်းဟူသော ပြောင်ပြောင်တင်းတင်းခြိမ်းခြောက်မှုသည် ကမ္ဘာလုံးဆိုင်ရာငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ထိခိုက်စေသည်ဟု အီရန်က ပြောကြားခဲ့ကြောင်း တွေ့ရှိရသည်။ အီရန်သည် နိုင်ငံအပေါ် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ ခြိမ်းခြောက်မှုကို ပြင်းပြင်းထန်ထန်ရှုတ်ချခဲ့ပြီး ၎င်းတို့သည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ နိုင်ငံတကာဥပဒေနှင့်အခြေခံမှုများကို ထင်ရှားစွာချိုးဖောက်ခြင်းဖြစ်သည်ဟု ဖော်ပြခဲ့သည်။ အီရန်အဓိပတိ အယာတိုလာခါမေနီက အမေရိကန်၏ခြိမ်းခြောက်မှုများသည် အရာထင်မည်မဟုတ်ကြောင်းနှင့် အီရန်အပေါ် ဆိုးရွားစွာပြုမူပါက တုံ့ပြန်အစီအမံများပေါ်ပေါက်နိုင်ကြောင်း သတိပေးပြောကြားခဲ့သည်။ သို့ဖြစ်၍ အမေရိကန်နှင့် အီရန်တို့၏ အပြန်အလှန်စကားစစ်ထိုးမှုများသည် စစ်ရေးပဋိပက္ခထိပေါ်ပေါက်လာနိုင်ပြီး ထိုသို့ဖြစ်ပေါ်လာပါက ဒေသတွင်းကပ်ဘေးဆိုးဖြစ်သည်ထိ သက်ရောက်လာနိုင်ကြောင်း ဖော်ပြလိုက်ရပါသည်။

**ကိုးကား**

- A glass chamber': IRGC says '50,000 American forces' in 10 military bases within Iran's reach, Press TV, March 2025
- Russia warns any US attack on Iran would have 'catastrophic' conse-quences for entire region, Press TV, April 2025
- Which Iranian Missiles and Drones Can Wipe US Bases in the Middle East Off the Map? Sputnik, April 2025

မောင်ဝေလွမ်း(သုတေသီ)

# ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ ကင်ရှာဆာမြို့အနီးတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့



**ကင်ရှာဆာ မေ ၇**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ မြို့တော်ကင်ရှာဆာမြို့နှင့် အနီးတစ်ဝိုက်ဒေသများတွင် မေ ၅ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ကြောင်း သက်ဆိုင်ရာအာဏာပိုင်များ၏ မေ ၆ ရက် ထုတ်ပြန်ချက်များကို ကိုးကား၍ ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ မြို့တော်ကင်ရှာဆာမြို့နှင့် အနီးတစ်ဝိုက်ဒေသများတွင် မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် လူ ၂၂ ဦး သေဆုံးခဲ့ပြီး ၄၆ ဦး ဆေးရုံပို့ဆောင်ပေးခဲ့ရကြောင်း၊ ထို့ပြင် မြို့တော်၏အဓိကလေယာဉ်ကွင်းကိုလည်း ပိတ်ထားခဲ့ရကြောင်း သိရသည်။

"ရေကြီးရေလျှံမှုကြောင့် မြို့တော်ရဲ့ အဓိကလေယာဉ်ကွင်းကို သွားတဲ့လမ်းလဲ ပျက်စီးခဲ့ပြီး လေယာဉ် ပျံသန်းမှုတွေကိုလဲ ခေတ္တ ရပ်ဆိုင်းထားရပါတယ်။ လာမဲ့ ၇၂ နာရီအတွင်း လုပ်ငန်းတွေ ပုံမှန်ပြန်လည်လုပ်ဆောင်နိုင်ဖို့ ကြိုးစားလုပ်ဆောင်နေပါတယ်" ဟု မြို့တော်ဝန်ဒယ်နီရယ်ဘန်ဘာက ပြောကြားခဲ့သည်။

မိုးသည်းထန်းစွာရွာသွန်းမှုနှင့် မြေပြိုမှုများကြောင့် မြို့တော်ကင်ရှာဆာနှင့် အခြားမြို့များကို ဆက်သွယ်ထားသော အဓိကအဝေးပြေးလမ်းမကြီး ပိတ်ဆို့မှုများဖြစ်ပေါ်ခဲ့ပြီး ကုန်သွယ်မှုလုပ်ငန်းများအပေါ် ထိခိုက်မှုများဖြစ်ပေါ်မည်ကို တာဝန်ရှိသူများက စိုးရိမ်လျက်ရှိကြောင်း သိရသည်။

အဆိုပါဒေသတွင် ၂၀၂၂ ခုနှစ်ကလည်း အလားတူ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ဖူးပြီး လူဦးရေ ၁၀၀ ကျော် သေဆုံးခဲ့ကြောင်း၊ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် တာဝန်ရှိသူများကို အရေးယူပေးရန် ဒေသခံများကြား တောင်းဆိုမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : AZH

# အိန္ဒိယနိုင်ငံ ချန်ဒီကာမြို့တွင် အပူလှိုင်းဖြတ်သန်းခဲ့ပြီး အပူချိန်မြင့်တက်မှုဖြစ်ပေါ်ခဲ့

**နယူးဒေလီ မေ ၇**

အိန္ဒိယနိုင်ငံ ချန်ဒီကာမြို့တွင် မေ ၆ ရက်က အပူလှိုင်းဖြတ်သန်းခဲ့ပြီး အပူချိန်မြင့်တက်မှုဖြစ်ပေါ်ခဲ့ကြောင်း အိန္ဒိယမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာန(IMD) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မှာ ၃၄ ဒသမ ၈ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ပြီး အပူလှိုင်းသည် ခန့်မှန်းထားသည့်အချိန်ထက်စော၍ ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပုံမှန် မေလတွင် ဖြစ်ပေါ်လေ့ရှိသော အပူချိန်ပမာဏထက် ၄ ဒသမ ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒသမ ၄ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်သွားနိုင်ကြောင်း၊ လေပူတိုက်ခတ်မှုနှုန်းလည်း မြင့်တက်နေသည့်အတွက် တောမီးအန္တရာယ် အထူးသတိပြုရမည့် အချိန်ကာလတစ်ခုဖြစ်ကြောင်း အိန္ဒိယမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာန(IMD)က သတိပေးချက်ထုတ်ပြန်ခဲ့သည်။

"အပူလှိုင်းဟာ ချန်ဒီကာမြို့ကို ဝင်ရောက်ဖြတ်သန်းခဲ့ပါတယ်။ အပူလှိုင်းကြောင့် အပူချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်နေပါတယ်။ အပူချိန်ပမာဏဟာ ၃၄ ဒသမ ၈ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်သွားနိုင်တယ်။ အပူချိန်ပမာဏဟာ ၄၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နိုင်ပါတယ်။ အပူချိန်မြင့်တက်မှုကိုလဲ အဝါရောင်သတိပေးအဆင့် သတ်မှတ်ထားပါတယ်။ အပူချိန်မြင့်တက်မှု သတိပေးအဆင့်ဟာ ဒုတိယအမြင့်ဆုံး ဖြစ်တဲ့အတွက် အပူချိန်မြင့်တက်မှုနဲ့ ဆက်စပ်ပြီး ဖြစ်လာနိုင်တဲ့ ရောဂါဝေဒနာတွေအတွက် အထူးသတိပြုရမဲ့ကာလလဲဖြစ်ပါတယ်"ဟု အိန္ဒိယမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာန(IMD) မှ ပြောရေးဆိုခွင့်ရှိသူ ဆာရန်ဒါပေါလ်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# တောင်ကိုရီးယားနိုင်ငံ ဒယ်ဂူတောမီးလောင်ကျွမ်းမှုကို ထိန်းချုပ်နိုင်ရန် လေကြောင်းအကူအညီပေးနေသည့် ရဟတ်ယာဉ်တစ်စင်းပျက်ကျ

**ဆိုးလ် မေ ၇**

တောင်ကိုရီးယားနိုင်ငံ ဒယ်ဂူဒေသအနီးတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး မေ ၆ ရက်က တောမီးထိန်းချုပ်နိုင်ရေးအတွက် လေကြောင်းအကူအညီပေးနေသည့် ရဟတ်ယာဉ်တစ်စင်း မတော်တဆမှုကြောင့် ပျက်ကျခဲ့ပြီး လေယာဉ်မှူးတစ်ဦး သေဆုံးခဲ့ကြောင်း တောင်ကိုရီးယားမီးသတ်နှင့် ကယ်ဆယ်ရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရဟတ်ယာဉ် ပျက်ကျသည့်ဖြစ်စဉ်ကိုစိစစ်နေဆဲဖြစ်ပြီး ပျက်ကျခဲ့သော ရဟတ်ယာဉ်အမျိုးအစားမှာ Bell 206L အမျိုးအစားဖြစ်ပြီး သက်တမ်းအားဖြင့် ၄၄ နှစ်ကြာမြင့်နေပြီဖြစ်သည့် ရဟတ်ယာဉ်ဖြစ်ကြောင်း၊ ပုံမှန်မဟုတ်သည့် ရာသီဥတုလွန်ကဲမှုကြောင့် တောမီး မကြာခဏလောင်ကျွမ်းနေခြင်းဖြစ်သကဲ့သို့ အပူချိန်မြင့်တက်မှုမှာ ဆက်လက်ဖြစ်ပွားနေသည့်အတွက် တောမီးအန္တရာယ်ကို အထူးသတိပြုရမည့်ကာလဖြစ်ကြောင်း တောင်ကိုရီးယားမီးသတ်နှင့် ကယ်ဆယ်ရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။



"ဒယ်ဂူမြို့အနီးမှာ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ပါတယ်။ တောမီးလောင်ကျွမ်းမှုဟာ ထိန်းချုပ်ရခက်တဲ့အဆင့်ကို ရောက်ရှိနေပြီးတော့ လေကြောင်းအကူအညီရယူခဲ့ရတယ်။ လေကြောင်းအကူအညီရယူရင်း ရဟတ်ယာဉ်တစ်စင်း မတော်တဆဖြစ်ပွားခဲ့ပြီး ပျက်ကျခဲ့ပါတယ်။ လေယာဉ်မှူးတစ်ယောက်သေဆုံးခဲ့ပါတယ်"ဟု တောင်ကိုရီးယား မီးသတ်နှင့် ကယ်ဆယ်ရေး အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# အိုဟိုင်းယိုးပြည်နယ်သို့ တိုက်ခတ်ခဲ့သော မုန်တိုင်းဒဏ်ကြောင့် ကန်တပ်ကီပြည်နယ်တွင် လမ်းပေါင်း ၅၀၀ ကျော် ပိတ်ထားခဲ့ရ

**ဝါရှင်တန် မေ ၇**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်မှ အိုဟိုင်းယိုးပြည်နယ်သို့တိုက်ခတ်ခဲ့သော မုန်တိုင်းဒဏ်ကြောင့် ကန်တပ်ကီပြည်နယ်တွင် လမ်းပေါင်း ၅၀၀ ကျော်ကို ပိတ်ထားခဲ့ရကြောင်း ယနေ့သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ တောင်ပိုင်းနှင့်အနောက်အလယ်ပိုင်းရှိ အခြားပြည်နယ်များတွင်လည်း မေ ၂ ရက်က စတင်တိုက်ခဲ့သော မုန်တိုင်းကြောင့် သေဆုံးသူ ဦးရေ ၂၀ ခန့်ရှိလာပြီဖြစ်ကြောင်း၊ ကန်တပ်ကီပြည်နယ်တွင် သေဆုံးသူ နှစ်ဦးရှိပြီး မုန်တိုင်းဒဏ်ကြောင့် လမ်းပေါင်း ၅၀၀ ကျော်ကို ပိတ်ထားခဲ့ရကြောင်း ကန်တပ်ကီ အုပ်ချုပ်ရေးမှူး အန်ဒီက ပြောကြားခဲ့သည်။

"ကျွန်တော်တို့ပြည်နယ်တစ်ဝန်းမှာ ပြည်သူတွေဘေးအန္တရာယ်ကင်းဖို့အတွက် လမ်းပေါင်း ၅၀၀ ကျော် ပိတ်ထားရပါတယ်။ မြစ်ရေမျက်နှာပြင်တွေလဲ ကျဆင်းသွားပါတယ်။ ဒါဟာ ကြီးမားတဲ့ရေကြီးမှုတွေဖြစ်လာနိုင်တဲ့ အလားအလာပါ။ ပြည်နယ်မှာတော့ မုန်တိုင်းကြောင့် လူနှစ်ယောက် သေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရသူတွေလဲ ရှိပါတယ်"ဟု ကန်တပ်ကီအုပ်ချုပ်ရေးမှူး အန်ဒီက ပြောကြားခဲ့သည်။

သေဆုံးသူနှစ်ဦးမှာ ကျောင်းကားမှတ်တိုင်သို့ လမ်းလျှောက်သွားသော ကိုးနှစ်အရွယ် ကလေးငယ်တစ်ဦးနှင့် လမ်းသွားလမ်းလာလူကြီးတစ်ဦးဖြစ်ကြောင်း ကန်တပ်ကီပြည်နယ် မြို့တော်ဖရန့်ခ်ဖော့ထ်မှ ပြည်နယ်ရဲများက ပြောကြားခဲ့သည်။

မုန်တိုင်းဒဏ်ကြောင့် နေအိမ်အများအပြားကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရပြီး မြို့တော်ဖရန့်ခ်ဖော့ထ်တွင် ရေပေးဝေမှုကိုအကန့်အသတ်နှင့် ပေးဝေနေရကြောင်း၊ ပြည်နယ်အစိုးရရုံးများကို ယနေ့ထိ ပိတ်ထားရကြောင်း ပြည်နယ်အာဏာပိုင်များက ပြောကြားသည်။

Ref : Russia Today

Trs : KZ

# ရုရှားနိုင်ငံတွင် ဆောင်းရာသီပြီးဆုံးသွားသော်လည်း ပုံမှန်မဟုတ်သည့် နှင်းမုန်တိုင်းတိုက်ခတ်မှုဖြစ်ပေါ်

**မော်စကို မေ ၇**

ရုရှားနိုင်ငံ မြို့တော်မော်စကိုတွင် ဆောင်းရာသီပြီးဆုံးသွားခဲ့သော်လည်း မေ ၆ ရက်က ပုံမှန်မဟုတ်သည့် နှင်းမုန်တိုင်း တိုက်ခတ်မှု ဖြစ်ပေါ်ခဲ့ကြောင်း ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

ဆောင်းရာသီ ပြီးဆုံးသွားခဲ့သော်လည်း ပုံမှန်မဟုတ်သော နှင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် မော်စကိုမြို့၏ ရင်ပြင်နီ၌ နှင်းများဖုံးလွှမ်းပြီး နှင်းထုမှာ လေးလက်မထိရှိခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံတွင် နွေဦးရာသီစတင်နေပြီဖြစ်သောကြောင့် နွေဦးပန်းများ ပွင့်လျက်ရှိသော်လည်း ယခုအခါ အဆိုပါပန်းများကို နှင်းများ ဖုံးလွှမ်းသွားကြောင်း၊ ယနေ့တွင် နှင်းကျဆင်းမှုသည် ပိုမို ကျဆင်းလာနိုင်ကြောင်း မိုးလေဝသ ခန့်မှန်းသူများက ပြောကြားသည်။

ရုရှားနိုင်ငံတွင် မေ ၅ ရက်မှစ၍ အပူချိန်တဖြည်းဖြည်းကျဆင်းခဲ့ပြီး အပူချိန်သည် ၁၆ ဒီဂရီစင်တီဂရိတ်ထိ ကျဆင်းခဲ့ကာ ယနေ့တွင် နိုင်ငံ၏အပူချိန်သည် သုညအောက်သို့ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

လူပေါင်း ၂၂ သန်းနေထိုင်ရာ မော်စကိုမြို့တွင် သယ်ယူပို့ဆောင်ရေးအတွက် လမ်းချော်မှုများမဖြစ်စေရန် နှင်းကျဆင်းချိန်တွင် ဆောင်းရာသီသုံး တာယာများကို လဲလှယ်အသုံးပြုရန်လိုအပ်ကြောင်း နိုင်ငံအာဏာပိုင်များက သတိပေးထားသည်။

Ref : Russia Today

Trs : KZ

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့်အမျိုးသမီး စစ်မှုထမ်းများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

( ခ ) လျှောက်ထားသူသည် ၁-၅-၂၀၂၅ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ်ထက် မကြီးရ။

( ဂ ) အခြေခံပညာ အဋ္ဌမတန်း(သို့မဟုတ်) Grade-9 အောင်မြင်ပြီးသူ ဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများ ဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

( င ) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Web-portal (www.myawady.net.mm/private(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၃-၃-၂၀၂၅ ရက်နေ့မှ ၂၂-၄-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

( ခ ) အခြေခံပညာအဋ္ဌမတန်း(သို့မဟုတ်) Grade-9 အောင်မြင်ကြောင်း သက်ဆိုင်ရာ ကျောင်းထွက်လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့လက်မှတ်(မူရင်း)။

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

( င ) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

( စ ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထားခဲ့သည့် စစ်ဌာနချုပ်များသို့ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများ ပြုလုပ်၍ ဆေးစစ်အောင်မြင်သူများအား သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လ တက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ် ကိုခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက တပ်သား အခြေခံလစာ(၁၅၀၀၀၀)ကျပ်နှင့် စရိတ်များ ခံစားခွင့်ရရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်း တက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော်(ကြည်း၊ရေ၊လေ) လက်ရုံး/ ဝန်ထမ်းတပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး သင်တန်းဆင်းပြီး သတ်မှတ်ချက်ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံး/ ဝန်ထမ်းတပ်ဖွဲ့(သို့မဟုတ်) သင့်လျော်ရာလက်ရုံးဝန်ထမ်းတပ်ဖွဲ့ တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။




နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း – ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆

STARMART Nay Pyi Taw
ရန်ကုန်–မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။
ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇

STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း – ၀၉ ၃၁၈၆၀၁၈၀

KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း – ၀၉ ၆၆၁၀၇၀၂၂၄၄

**Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။**

- ဝန်ထမ်းလစာ/ဝင်စင်လစာထုတ်ပေးခြင်း
- E - Top up ဖုန်းဖြောဖြည့်ထွင်းခြင်း
- ငွေထွင်းငွေထုတ်ခြင်း/ ငွေလွှဲခြင်း
- လျှပ်စစ်မီတာ Bill များပေးဆောင်ခြင်း
- Skynet Bill Payment ပေးထွင်းခြင်း
- ပြည်ပ ငွေလွှဲ (ထိုင်း)
- Gift Card ပေးခြင်း
- ဈေးဝယ်ခြင်း
- Internet Bill ပေးဆောင်ခြင်း
- အောင်ဘာလေအွန်လိုင်းထီထိုးခြင်း




ရုံးချုပ် –အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း–၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန်–မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း–၀၉ ၃၁၀၀ ၁၅၃၄


## ဗုဒ္ဓဘာသာသာသနာ ရောင်ဝါနေသို့လင်းပြီး အရှည်ခန့်၍ တည်တံ့ပါစေသော်

| | | |
|---|---|---|
| ဖြစ်စဉ်များ | – | ၂၈–၃–၂၀၂၅ ရက်နေ့ဖြစ်ပွားခဲ့သော ငလျင်ဒဏ်ကြောင့် မန္တလေး၊ စစ်ကိုင်း၊ စသည့်နေရာများရှိ ဘုန်းကြီးကျောင်းနှင့် သီလရှင်ကျောင်းများသည် ဆွမ်းနှင့် ဆွမ်းခံမရသော အခက်အခဲများရှိလာပါသည်။ |
| အကျိုးသက်ရောက်မှု | – | ဆွမ်းနှင့်ဆွမ်းဆန် အခက်အခဲရှိသော မန္တလေးနှင့် စစ်ကိုင်းကျောင်းများ၊ သီလရှင်ကျောင်း၊ ဘုန်းကြီးကျောင်းများ (၇၀၀)ခန့်အား တစ်ကျောင်းလျှင် ဆန် (၅)ပြည် ၂၀၀၀၀ (နှစ်သောင်း)နှုန်းဖြင့် လှူဒါန်းပေးသွားမည်ဖြစ်ပါသည်။ |
| အလှူခံမည့်လှူဖွယ် | – | ဆန် (၅) ပြည် တစ်အိတ်လျှင် ကျပ် ၂၀၀၀၀(နှစ်သောင်း) |
| လှူဒါန်းရန်ဌာန | – | ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခ(အဘိဓဇမဟာရဋ္ဌဂုရု)<br>ဦးလှဝင်း(ဥက္ကဋ္ဌ) ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ်<br>၆၂ လမ်း၊ ၃၂ လမ်းနှင့် ၃၃ လမ်းကြား၊ တောင်စလင်းတိုက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။<br>ဖုန်း ၀၉–၄၄၂၀၇၄၄၆၆၊ ၀၉–၄၀၂၆၉၂၅၂၂ |






လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ဂရိတ်ဖရုသီးသည် ကင်ဆာဖြစ်စေသောအင်ဇိုင်းကို ဟန့်တားပေးသည်။ ဆေးလိပ်ဖြတ်ပြီးနောက်ပိုင်း အဆုတ်သန့်ရှင်းရေးအတွက် အထူးကောင်းမွန်သည်။



**သင့်သွေးဖြင့် အသက်ကယ်ပါ**

❖ လက်နက်ကိုင်ပဋိပက္ခကို နိုင်ငံရေးနည်းနဲ့ မဖြေရှင်းဘဲ အကြမ်းဖက်တိုက်ခိုက်မှုနဲ့ ဖြေရှင်းနေမှုတွေကို ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းတစ်ခုအနေနဲ့ လုံးဝလက်ခံလို့မရတာကြောင့် ဘုံရန်သူအဖြစ် သတ်မှတ်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသကိုသာမဟုတ်ဘဲ နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုပြန်လည်ရရှိတဲ့အထိ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဩဂုတ် ၆ ရက်တွင် နိုင်ငံတော်၏ လုံခြုံရေးဆိုင်ရာအခြေအနေများနှင့်ပတ်သက်၍ ပြောကြားချက်မှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ငလျင်ဒဏ်သင့်နေရာများအား သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ လမ်းညွှန်မှာကြား





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ငလျင်ဘေးဒဏ်ကြောင့် တောင်ငူနည်းပညာတက္ကသိုလ်အတွင်း ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဧပြီ ၇**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးသို့ သွားရောက်ကာ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုအခြေအနေများ၊ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ငူမြို့သို့ ရောက်ရှိရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ ဓာတ်မြေဩဇာ၊ ကတ္တရာ။
Tel: 95-01-8373255,8373265,8373267, 8373291
Fax: 95-01-8373257